The HOT NEWS weekly
Vol- 4, No-155, 30 Aug - 5 Sep, 2013
E-mail - admin@hotnewsweekly.com

# ကြိုးမဲ့လေတံခွန်နှင့်ပတ်သက်၍




" နိုင်ငံရေးစင်မြင့်ပေါ်မှာ အောင်မြင်တဲ့ တစ်ခုတည်းသော လူ့ဘောင်သစ် ဒီမိုကရက် တစ်ပါတီကို ပြန်လည်တည်ဆောက်ဖို့ လိုပါတယ်။ ဒါဆိုရင် မိမိဆန္ဒအယူအဆတွေကို အလျော့အတင်း လုပ်ဖို့လိုပါတယ်။ သဘောထားကြီးမှုအပြန်အလှန်ရှိကြဖို့လိုပါတယ်။ တစ်အုပ်စုကိုတစ်အုပ်စု အပြန်အလှန်လေးစားမှု Respect အပြန်အလှန်အသိအမှတ်ပြုမှု Recognize လုပ်ကြဖို့လိုပါတယ်။ ကျွန်တော်မေတ္တာရပ်ခံချင်တာက ဒီကနေ့မြန်မာပြည်ထဲကို နိုင်ငံရေး လုပ်ဖို့အပြီးပြန်လာပြီဖြစ်တဲ့ ကိုမိုးသီးဇွန်ဟာတစ်ခုတည်းသော လူ့ဘောင်သစ်ပါတီပြန်လည် တည်ဆောက်ဖို့အတွက် အဖြစ်သင့်ဆုံးပါတီခေါင်းဆောင်ဖြစ်ပါတယ်။ ကိုရဲနိုင်အောင်၊ ကိုသက်ထွန်း၊ ကိုရင်ထွေး၊ ကိုဂျင်မီ၊ ကိုအောင်မိုးဇော်၊ ကိုငွေလင်း၊ ကိုဇေယျအစရှိတဲ့ ပါတီကိုဖြတ်သန်းသယ်ဆောင်ခဲ့ကြတဲ့ ခေါင်းဆောင်အားလုံးအပြန်အလှန်သဘောထားကြီးအလျော့ပေးမှုတွေ လုပ်ကြပြီး မြန်မာပြည်သူတွေကို အလုပ်အကျွေးပြုကြဖို့... "

စ ၁၉ သို့



# လွှတ်တော်ဘယ်ကိုဦးတည်နေပြီလဲ

"ဒီမိုကရေစီစနစ်တွင် ပြည်သူက အလုပ်ရှင်ဖြစ်ပြီး အုပ်ချုပ်ရေး အာဏာပိုင်၊ ဥပဒေပြုရေးအာဏာပိုင်အဖွဲ့တို့မှာ အလုပ် သမားများဖြစ်ကြသည်။ အလုပ်ရှင်မှ အလုပ်သမားကို ဥပဒေနှင့်အညီ အလုပ်မှထုတ်ပယ်ခွင့်ရှိရမည်ဖြစ်သည်။ အလုပ်သမား ဖြစ်သော လွှတ်တော်က အလုပ်ရှင်ဖြစ်သော ပြည်သူ၏အခွင့်အရေးကို စွက်ဖက်နေခြင်းသည် ဒီမို ကရေစီစံချိန်စံနှုန်းများနှင့် ဆန့်ကျင်နေသည်။ ထို့ကြောင့် လွှတ်တော်ဘယ်ကို ဦးတည်နေပြီလဲဟု သတိကြီးစွာဖြင့် စောင့်ကြည့်နေရမည်ဖြစ်သည်..."

စ ၁၀ သို့



## ၈၈ မျိုးဆက်ခေါင်းဆောင်များသို့

" ခင်ဗျားတို့ ၈၈ မျိုးဆက်ခေါင်းဆောင်တွေဟာ တိုင်းပြည်ရဲ့အားတိုင်းပြည်ရဲ့စားတွေပါ။ 'ကျွန်တော်တို့က ဝန်ကြီးလုပ်ချင်လို့ သမ္မတလုပ်ချင်လို့ပေးဆပ်ခဲ့တာမဟုတ်ဘူး'လို့ လွန်ခဲ့သောနှစ် နှစ်ဆယ်ကစကားတွေပြောဦးမှာလား။ 'ငါတို့မပါ လည်းတိုင်းပြည်ရဲ့ အရွေ့ကတပြည်းပြည်းရွေ့နေပါပြီကွာ'လို့ သွေးကြောင်တဲ့ လူပြိန်းအတွေးမျိုးတော့ ခင်ဗျားတို့တွေးလိမ့် မယ်မထင်ဘူး။ အခုတွေ့ကြုံနေရတဲ့ အခင်းအကျင်းတွေကတိုင်းပြည်ရဲ့ နာတာရှည်ဆင်းနွမ်းပါးမှုရောဂါနဲ့ အာဏာရှင်စနစ်ရဲ့ဒဏ်ရာဒဏ်ချက်တွေဖြစ်တယ်။ ဒါတွေကို ကုသပေးမယ့်ဆေးဆရာ၊ နိုင်ငံရဲ့အချုပ်အချာအာဏာကို ထိုက်တန်စွာပေးအပ်လို့ရမယ့် ပါတီအဖွဲ့အစည်းဆိုတာကိုပြည်သူကကောက်ရိုးပုံကြားအပ်ပျောက်ရှာသလိုရှာနေရတုန်းပဲဖြစ်တယ်။ တစ်သက်လုံး အနာခံခဲ့ရတဲ့အခြေခံလူတန်းစားတွေအတွက်တော့ ရှေ့ဘုန်းကြီးက တစ်ချက်ခေါက်ပြီးနောက်ဘုန်းကြီးကနစ်ချက်ခေါက်မှာကိုစိုးရိမ်နေရသေးတာအမှန်ပါပဲ... "

စ ၄ သို့



The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep 2013




# စာသင်ခန်းနှင့်ကျောင်းသားအရေအတွက် မမျှလို့ အဆင်မပြေပါ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တညောင်ကျေးရွာသည် ရပ်ကွက်ပေါင်း ၅ ရပ်ကွက်ရှိပြီးပတ်ဝန်းကျင်ရွာပေါင်း ၁၁ ရွာ၏အချက်အချာကျသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ၡင်းရွာတွင်အထက်တန်းကျောင်းနှင့်အလယ်တန်းကျောင်းရှိပြီးပတ်ဝန်းကျင်ရွာများမှကျောင်းသားကျောင်းသူများအားလုံးသည်တညောင်ကျေးရွာသို့လာရောက်ကျောင်းတက်ရပါသည်။သို့သော်လည်းကျောင်းစာသင်ခန်းတစ်ခန်းလျှင်လူဦးရေ ၈၀ ခန့်ထည့်၍စာသင်နေရပါသည်။သို့ပါ၍ကျောင်းတွင်စာသင်ကြားနေသောကျောင်းသားကျောင်းသူလေးများသည်စာသင်ခန်းတွင်ကျပ်ကျပ်တည်းတည်းဖြင့် စာသင်ကြားနေရသောကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ ကျောင်းဆောင်ကျယ်ကျယ်ဝန်းဝန်းဖြင့်ပညာသင်ကြားရလျှင် သူတို့လေးတွေအဖို့စိတ်ချမ်းမြေ့စွာပညာသင်ကြားနိုင်မည်ဖြစ်ပြီးကျောင်းပညာရေးလည်းပိုမိုတိုးတက်လာနိုင်ပါသည်။ယခုအခါစာသင်ကျောင်းဆောင်များမလုံလောက်သောကြောင့်ကျောင်းသားဦးရေကိုလည်းအကန့်အသတ်ဖြင့်သာလက်ခံနေကြရပါသည်။ တညောင်ကျောင်းမြေဧရိယာသည် ၁၈ ဧကရှိပြီးကျောင်းစာသင်ဆောင် ၆ ဆောင်သာရှိပါသည်။ စာသင်ခန်းတစ်ခန်းလျှင်ကျောင်းသားဦးရေ ၈၀ ခန့်ထည့်ပြီးစာသင်နေကြရပါသည်။သို့ပါ၍နိုင်ငံတော်သမ္မတကြီးသိရှိစေရန် တင်ပြပေးပါခင်ဗျာ။

**ကျောင်းသားမိဘတစ်ဦး**

## တိုးမြှင့်ပင်စင်နှင့် ပင်စင်ရောင်းခဲ့သူများ

၂၀၀၆ ခုနှစ်မတိုင်မီက ဝန်ထမ်းများလစာနည်းသောကြောင့် ပင်စင်လစာများလည်း လွန်စွာနည်းခဲ့ပါသည်။ သို့ဖြစ်၍ မိမိတို့ရရှိသော ပင်စင်လစာများမှာ (၅၀)ကျပ်၊ (၂၅)ကျပ်စသည်ဖြင့် နိုင်ငံတော်သို့ ရောင်းခဲ့ရသည်။ ဤသို့ရောင်းခဲ့သဖြင့် မိမိတို့ရရှိ သောပင်စင်လစာမှ လစဉ်ဖြတ်တောက်လျက်ရှိပါသည်။ ယခု နိုင်ငံတော်ကတိုးမြှင့်ပေးသော ပင်စင်လစာမှ ထပ်မံဖြတ်တောက်ရန်မလိုဟု ထင်မြင်ယူဆပါသည်။

သို့ရာတွင် ပင်စင်လစာတိုးပေးတိုင်း ဖြတ်တောက်ခြင်းခံရပြန်ပါသည်။ ဤသို့ဆိုလျှင် ပင်စင်တိုးတိုင်း ရောင်းသည်ဟု ယူဆပါသည်။ သို့ဖြစ်ပါ၍ ပင်စင်ရောင်းသူများ ထင်မြင်ယူဆမှုများပပျောက်ရန် ပင်စင်ဦးစီးဌာနမှ ဖြေကြားပေးပါရန် တင်ပြအပ်ပါသည်။

**ဦးစိန်ဝင်းဖေ**

## လမ်းကျကျ အမှိုက်ကန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်းမပေါ်ရှိ (၁၈၁) ကားဂိတ်အနီးအနား၌စည်ပင်သာယာမှအမှိုက်ကားသည် အမှိုက်အပြည့်တင်ပြီးနောက် သွားရောက်စွန့်ပစ်ခြင်းမရှိဘဲ ရပ်တန့်ထားခြင်းရှိသလို စည်ပင်အမှိုက်ကန်သည်လည်း အမှိုက်အပြည့်ဖြင့်ကားလမ်းပေါ်၌ ရုံဖန်ရံခါတည်ရှိနေပါသည်။



ၡင်းအမှိုက်ကား(သို့)အမှိုက်ကန်မှထွက်ပေါ်လာသော အနံ့အသက်ဆိုးများသည် ခရီးသွားပြည်သူများနှင့် အနီးပတ်ဝန်းကျင်ရှိနေသူများအတွက် အနှောင့်အယှက်ဖြစ်ရသလို လမ်းပေါ်၌ချထားသော အမှိုက်ကန်ကြောင့် ခရီးသည်တင်ယာဉ်များမောင်းနှင်ရာတွင် အခက်အခဲဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အမှိုက်များ စွန့်ပစ်ရန်အတွက် တင်ဆောင်ပြီးပါကခရီးသွားပြည်သူများမစည်ကားချိန်တွင် သွားရောက်စွန့်ပစ်သင့်ပါကြောင်း၊ အမှိုက်ကန်ကိုလည်း လမ်းဘေး၌ စည်းကမ်းတကျထားရှိသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မောင်ကြည်လွင်**

## မှော်ဘီမှာရေကြီးလို့ လှေစီးနေရတော့မယ်

**အယ်ဒီတာခင်ဗျား။**

၂၈-၈-၂၀၁၃ နေ့နှင့် ၂၃-၈-၂၀၁၃ နေ့များက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မှော်ဘီမြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်(တိုးချဲ့)တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ခဲ့ပါသည်။ ထိုရပ်ကွက်နေပြည်သူများသည် နှစ်စဉ်နှစ်တိုင်းလိုလို ရေကြီးနစ်မြုပ်သောဒဏ်ကို ခံနေရသည်မှာ နှစ်ပေါင်း မနည်းတော့ပါ။ မှော်ဘီမြို့တွင်းမြို့ပြင် ရေစီးရေလာကောင်းမွန်ရေးအတွက်ရေမြောင်းများနက်နက်တူးမထားခြင်းကြောင့် ယခုကဲ့သို့ ရေထွက်ပေါက် ရေစီးနေးကာ ရေပြည့်လျှံနေခြင်း ဖြစ်ပါသည်။

ရန်ကုန်-ပြည် ကားလမ်းအရှေ့ဘက် အမှတ်(၁)ရပ်ကွက် (လှုပ်စစ်ရုံး ကားမှတ်တိုင်မှ စုပေါင်းရုံး ကားမှတ်တိုင်အထိ) နေထိုင်ကြသော နေအိမ်များ၏ ရှေ့တွင် ရေမြောင်းများရှိသည်ဟု ဆိုရုံသာ တူးထားသဖြင့် အမြင့်မှ စီးလာသောရေများသည် ထိုနေအိမ်များရှေ့တွင် မည်သည့်နေရာသို့ ဆက်လက်စီးဆင်းရန် ရေထွက်ပေါက်မရှိဘဲရေအိုင်ကြီးဖြစ်နေသည်မှာ ကြာပြီဖြစ်ပါသည်။

ယခင်က ထန်းတပင် တာဆုံနားတွင် စိုက်ပျိုးရေးဝင်းတောင်ဘက် ရေမြောင်းထဲသို့ စီးဆင်းသော မြောင်းကျယ်ကြီးရှိခဲ့ပါသည်။ ယခုအခါ စိုက်ပျိုးရေးဝင်းတောင်ဘက်ရေမြောင်းနေရာကို ပိတ်ဆို့ပြီး ဆိုင်ခန်းများတည်ဆောက်ကာ စီးပွားရေးရှာနေကြသည့်အတွက် ရေထွက်ပေါက်ပိတ်ကာ မိုးရွာပြီးတိုင်း ရန်ကုန်-ပြည်ကားလမ်းအရှေ့ဘက်တွင် ရေအိုင်ကြီးဖြစ်နေပါသည်။

မှော်ဘီချောင်းမှ စီးဆင်းသောရေများသည်လည်းအနောက်ဘက် ရေထွက်ပေါက်ကျဉ်းကျဉ်းမှ စီးဆင်းရသည့်အတွက်ရပ်ကွက်များ နှစ်စဉ်ရေကြီးနေရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာလူကြီးမင်းများက ရပ်ကွက်များရေမကြီးစေရေး၊ ရန်ကုန်-ပြည်ကားလမ်းအရှေ့ဘက်မှရေများ၊ စိုက်ပျိုးရေးဝင်းတောင်ဘက် ခြံစည်းရိုးဘေးမှ (မူလရေမြောင်းအတိုင်း) စီးဆင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**မှော်ဘီဟောဝန်သား**

## ကျောင်းအနီးက အမှိုက်ပုံ ဘယ်သူလာလို့ ရှင်းပါလိမ့်

ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)မြေတိုင်း(၉)ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၏ အရှေ့တောင်ထောင့်ခြံစည်းရိုးနှင့် ကပ်၍ (၆) ပေခန့်အကွာတွင် အနီးဝန်းကျင်နေအိမ်များမှ စွန့်ပစ်အမှိုက်ပုံမှာ ဆွေးမြည့်ပုပ်သိုး အနံ့ဆိုးများလေနှင့်အတူ မခံမရပ်နိုင်အောင်ထွက်နေလျက်ရှိသောကြောင့် မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားလျက်ရှိကြသည့် ပညာရေးဝန်ထမ်းဆရာ၊ဆရာမများနှင့် စာသင်သား ကလေးငယ်များ၏ ကျန်းမာရေးထိခိုက်လျက်ရှိပြီး ဒေသအာဏာပိုင် အဖွဲ့အစည်းတာဝန်ရှိသူများကလည်း လိုအပ်သလိုဆောင်ရွက်ပေးသင့်ကြောင်း အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**မင်းစစ်သူ**






**သင်၏လက်ဝါးပြင်သည်...**
**သင့်ဘဝ၏ကြေးမုံပြင်ဖြစ်သည်...**



**အခက်အခဲများအောင်မြင်ပြီး သင့်ဘဝတိုးတက်လိုပါသလား...?**

**ဆရာနှင့်အမြန်လာရောက်ဆွေးနွေးပါ**

(ချမ်းသာသုခပြည့်ဝကြပါစေ)

**လက္ခဏာဆရာကြီး**

**မူလ — ဆရာနေရောင်** (ဧည့္ဝတီ)

**အမှတ်— ၇၁(B)၊ မြေညီထပ်၊ စိတ္တာသုခလမ်း(အောက်လမ်း)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**(ဖုန်းဖြင့်ကြိုတင်ရက်ချိန်းယူပါ။)ဖုန်း ၀၉ ၄၂၀ ၇၁၈၁၃၀**

**နယ်မှ ဆွေးနွေးလိုလျှင် ဖုန်းဖြင့်ဆက်သွယ်ပါ။**

The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep, 2013



အာမခံချက်အပြည့်အဝပေးနိုင်သော
စင်ထွာ
မီးလင်းကတ္တား
CENTRA
DIGITAL WEIGHING SYSTEM
"Smart Choice for Smart Business"
၀၉.၇၃၀၀.၉၆၄၁၊ ၀၉.၉၁၀၀၀.၇၅၃

# ပြည်သူ့ရင်ပြင်ပန်းခြံအတွင်းရှိ ကလေးရေကစားကန်အတွင်း လူငယ်တစ်ဦးသေဆုံးနေသည်ကိုတွေ့ရှိ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်ပန်းခြံအတွင်း Natural World ကုမ္ပဏီမှ တာဝန်ယူလုပ်ကိုင်နေသည့် အခမဲ့ ကလေးရေကစားကန်အတွင်း လူငယ်တစ်ဦး သေဆုံးလျက်အနေအထားဖြင့် တွေ့ရှိရသောကြောင့် ဒဂုံမြို့နယ်ရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ဩဂုတ်လ ၂၇ ရက်နေ့လယ် ၂ နာရီအချိန်တွင် အဆိုပါ သေဆုံးနေသူကို လုံခြုံရေးဝန်ထမ်းများကစတင်သတိထားမိပြီးနောက် တာဝန်ရှိသူများထံ အကြောင်းကြား၍ သွားရောက်စစ်ဆေးရာ ရေအနက်တစ်ပေခွဲခန့်တွင် ထိုင်လျက်ရေကန်ဘောင်ကိုကျောမှီနေသော အနေအထားဖြင့် သေဆုံးလျက်တွေ့ရှိရသည်ဟု သိရသည်။

"သူ့ကိုသူငယ်ချင်း ၄ယောက်နဲ့မနက်၁၀ နာရီလောက်ကတည်းက အတူတူ ရေကစားနေတာကို သတိထားမိတယ်။ တစ်နေ့လုံး နားလိုက်ဆော့လိုက်နဲ့။ သူငယ်ချင်းက မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေးနှစ်ယောက်၊ နေ့လယ်ဘက် ၁ နာရီလောက် ကျွန်တော်တို့ အမှိုက်သွားသွန်တော့ သူဘာဖြစ်လို့လဲ မသိဘူး၊ သူ့ သူငယ်ချင်းတွေက ရင်ဘတ်ကိုဖိပြီး စကားတွေ ပြောနေကြတယ်။ ကျွန်တော်တို့ အမှိုက်သွန်ပြီး ပြန်လာတော့ သူ့သူငယ်ချင်းတွေ မရှိတော့ဘူး။ သူတစ်ယောက်တည်းတွေ့ရတယ်။ နေ့လယ် ၂ နာရီခွဲလောက်ကြာတော့ သူ အဲဒီနေရာမှာကြာနေပြီ။ ရေထဲမလှုပ်မယှက်နဲ့ဆိုတော့ အိပ်နေတယ်ထင်ပြီး အအေးပတ်မှာစိုးလို့ သွားနှိုးတာ ခေါ်လို့မရတော့ဘူး။ လူကလည်း အေးစက်နေတာပဲ။ အဲဒီတော့မှ သူသေနေမှန်း သိရတာ"ဟု စတင်တွေ့ရှိသူ လုံခြုံရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အဆိုပါနေ့၌ ဒဂုံရဲစခန်းက သေဆုံးသူ၏အမည်နှင့် နေရပ်တို့အား စုံစမ်းလျက်ရှိသေးကြောင်း သိရသည်။

**ဝင်းကိုကို**

# ရန်ကုန်တရားမျှတမှုစင်တာဟု အမည်ပေးထားသည့် အဖွဲ့အစည်းတစ်ခုက ရှေ့နေမငှားနိုင်သည့် အမှုသည်များအတွက် အခမဲ့ရှေ့နေလိုက်ပေးတော့မည်

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ တရားရုံးများတွင် အမှု ရင်ဆိုင်နေရပြီး ရှေ့နေမငှားနိုင်သည့် အမှုသည်များအတွက် ရန်ကုန်တရားမျှတမှုစင်တာဟု အမည်ပေးထားသည့်အဖွဲ့အစည်းက အခမဲ့ ရှေ့နေလိုက်ပြီး ကူညီပေးနေပြီဟု ယင်းအဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဦးကျော်မြင့်က ပြောကြားသည်။ ယင်းအဖွဲ့အစည်းသည် လက်ရှိတွင်တရားလွှတ်တော်ရှေ့နေနှစ်ဦး၊ အထက်တန်းရှေ့နေသုံးဦး၊ အလုပ်သင်ရှေ့နေ သုံးဦးတို့ဖြင့် အမှုလိုက်ပေးနေပြီး ကူညီပေးလိုသည့် စေတနာ့ဝန်ထမ်းရှေ့နေများကိုလည်း ထို အဖွဲ့အစည်းကလက်ခံကြောင်း စီမံကိန်းဒါရိုက်တာ ဦးကျော်မြင့်က ဆက်လက်ပြောကြားခဲ့သည်။ ရန်ကုန်တရားမျှတမှုစင်တာက လိုက်ပါကူညီပေးမည့် တရားရုံးများမှာ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးအပါအဝင် ယင်းခရိုင်အတွင်းရှိ တရားရုံးများဖြစ်သည့် ပန်းဘဲတန်းမြို့နယ်တရား ရုံး၊ကျောက်တံတားမြို့နယ်တရားရုံး၊ လမ်းမတော်မြို့နယ်တရားရုံး၊ လသာမြို့နယ်တရားရုံး၊ ဒဂုံမြို့နယ်တရားရုံး၊ ဆိပ်ကမ်းမြို့နယ် တရားရုံး၊ စမ်းချောင်းမြို့နယ်တရားရုံး၊ အလုံမြို့နယ်တရားရုံး၊ ဗဟန်းမြို့နယ်တရားရုံး၊ ကမာရွတ်မြို့နယ်တရားရုံး၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ မရမ်းကုန်းမြို့ နယ်တရားရုံးနှင့်လှိုင်မြို့နယ် တရားရုံးစသည့် တရားရုံး ၁၃ ခု ဖြစ်သည်။ ထိုစင်တာကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းက စတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တရားမျှတမှုစင်တာသို့ ဆက်သွယ်လိုလျှင်အမှတ် ၉၃၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊တယ်လီဖုန်း၀၉၃၁၀၃၄၆၇၉ သို့ဆက်သွယ်အကူအညီတောင်းခံ နိုင်ကြောင်းသိရသည်။

**မင်းထက်သာ(မှုန်ဌာနေ)**



ပညာရှင် စာပေတိုက်
အမှတ်(၁၃၁)၊မြေညီထပ်၊ (၃၅) လမ်း၊(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၂၃၃၃၁၀၉-၄၂၁၀၂၀၅၁
Professionalpublishing2010@gmail.com

ဝါဒတရွေ့တွင်...

◆ အနာဂါတ်သာသနာကို ကြိုတင်တွေးမြင်သဖြင့် "ဘိက္ခုနီသာသနာပဒေသကျမ်း" ကိုရေးသားမိရာမှ ရဟန်း၊ ရှင်လူပြည်သူတစ်ရပ်လုံး၏အုံကြွမှုကို ခေါင်းခံရသည့် "ရှင်အာဒိစ္စဝံသ" ၏ဖြစ်ရပ်မှန်...။

◆ သာသနာသန့်ရှင်းစေလိုရင်း၊အကြောင်းပြု၍ "တက်ဘုန်းကြီး" ကိုရေးသားစေရာမှ ဝန်ကြီးချုပ်ဦးနုနှင့် သိန်းဖေမြင့်တို့အား သံဃာထုတစ်ရပ်လုံးမကျေနပ်ကြရာ... ရွှေတိဂုံရင်ပြင်၌တောင်းပန်လိုက်ရသည့် ဖြစ်ရပ်မှန်...။

◆ ကုန်းဘောင်ခေတ်မင်းတုန်းမင်းကြီး၏ "မှန်နန်းဆောင်အရုပ်တော်ပုံ" များကို သမိုင်းတွင် မထိန်မချန် -ဖွင့်အံပြထားချက်များအား ပြန်လည်သုံးသပ်ထားသည့်ဖြစ်ရပ်မှန်များ....။

စသည်... စသည်များကို စာရေးဆရာ သန်းထွန်း(လှည်းကူး) က "ဝါဒတရွေ့" စာအုပ်တွင် ဖွင့်လှစ်ပြထားပြီ၊ မောင်ပြည့်ဝ စီစဉ်လျှက် "ပညာရှင်စာပေတိုက်" မှ "ဒုတိယအကြိမ်" ရှားပါးဓါတ်ပုံများနှင့်အတူ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါသည်။

တန်ဖိုး - ၂၅၀၀ ကျပ်



# ဩစတြေးလျနိုင်ငံဆစ်ဒနီငြိမ်းချမ်းရေးဆု ဒေါက်တာစင်သီယာမောင် ချီးမြှင့်ခြင်းခံရ

ထိုင်း-မြန်မာနယ်စပ်တွင် နှစ်ပေါင်း(၂၀)ကျော်ကြာဆေးခန်းဖွင့်ခဲ့ပြီး မြန်မာနိုင်ငံကရွှေ့ပြောင်းအလုပ်သမားများနှင့် စစ်ပြေးဒုက္ခသည်များအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်နေသောဒေါက်တာစင်သီယာမောင်ကို ဩစတြေးလျနိုင်ငံက ဆစ်ဒနီငြိမ်းချမ်းရေးဆုချီးမြှင့်လိုက်ကြောင်း သိရသည်။ ယင်းဆုကိုလာမည့် နိုဝင်ဘာလ ၆ ရက်နေ့တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ မြို့တော်ခန်းမ၌ ဆုချီးမြှင့်ပွဲကျင်းပပြီး ဖန်သားဖြင့်ပြုလုပ်ထားသော ဆုဖလားနှင့် အတူ ငွေသားအဖြစ် ဩစတြေးလျဒေါ်လာ၅၀၀၀၀ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းသိရှိရသည်။ တောင်အာဖရိကနိုင်ငံက ဘုန်းတော်ကြီး ဒက်စမွန်တူးတူး အပါအဝင် အိုင်ယာလန်သမ္မတဟောင်း မာရီရော်ဘင်ဆင် Mary Robinson နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပါမောက္ခမိုဟာမက်ယူနစ် Muhammad Yunus တို့လည်းယင်းဆုကို လက်ခံရရှိခဲ့ဖူးသည်ဟုသိရှိရသည်။ အဆိုပါဆုသည်နိုင်ငံတကာတွင် လူသားများအတွက် ထူးထူးခြားခြား ဆောင်ရွက်သူများကို ပေးအပ်သောဆုဖြစ်ပြီး ဒေါက်တာစင်သီယာမောင်သည် နိုင်ငံတကာက ချီးမြှင့်သည့် ငြိမ်းချမ်းရေး၊ လွတ်မြောက်ရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးစသည့် ဆုများကို ၁၉၉၉ခုနှစ်ကစပြီး နှစ်စဉ်လို လက်ခံရရှိခဲ့ကြောင်း၊ ဆုပေါင်း၁၆ဆုရှိပြီဖြစ်သည်။ ဒေါက်တာစင်သီယာမောင်သည် နှစ်ပေါင်း၂၀ကျော်အတွင်းတွင် ထိုင်း-မြန်မာနယ်စပ်တစ်လျောက် အမျိုးသမီးနှင့်ကလေးကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများကို တစိုက်မတ်မတ်ဆောင်ရွက်နေသူဖြစ်ပြီး လူသားများအတွက် ထူးထူးခြားခြားဆောင်ရွက်ပေးသူပုဂ္ဂိုလ်များကို ဆစ်ဒနီငြိမ်းချမ်းရေးဆုကို၁၆ဦးမြောက်အဖြစ် ၂၀၁၃ ခုနှစ်အတွက် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။ **မင်းထက်သာ-မှုန်ဌာနေ**



# ရွှေတိဂုံစေတီပုံကို ရောင်းကုန်တံဆိပ်အဖြစ် အသုံးပြုသောကုမ္ပဏီကို ပစ္စည်းများဈေးကွက်မှပြန်သိမ်းရန် မလိုက်နာပါကအရေးယူမည်

ဖူးရှင်းဘရားသား(စ်) ကုမ္ပဏီများ အုပ်စုမှ ထုတ်လုပ်ဖြန့်ချိ ရောင်းချသော စီးကရက်ဘူးပုံ လက်ဖက်ခြောက်ဘူး ပစ္စည်းထည့် လက်ဆွဲအိတ်နှင့်စီးကရက်ဘူးပုံ လက်ဖက်ခြောက်ဘူးသေး(၉)ဘူး ထည့်သည့်စက္ကူဘူးများပေါ်တွင် ရွှေတိဂုံစေတီပုံတော်များ ရိုက်နှိပ် ဖြန့်ချိထားသဖြင့် ရွှေတိဂုံစေတီတော်ပုံ(Logo) အမှတ်တံဆိပ်ကို သာသနာရေးဝန်ကြီးဌာနအနေဖြင့်ကန့်ကွက်ကြောင်း၊ အမှတ်တံဆိပ်ပြောင်းလဲအသုံးပြုရန်နှင့်ဈေးကွက်အတွင်းမှ ပစ္စည်းများကို အမြန်ဆုံး ပြန်လည်သိမ်းဆည်းသွားရန် သာသနာရေးဝန်ကြီးဌာနက သက်ဆိုင်ရာ ကုမ္ပဏီသို့ အသိပေး အကြောင်းကြားထားပြီး လိုက်နာခြင်းမရှိပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ ၂၇ ရက်နေ့က သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေတိဂုံ စေတီတော်ပုံကို ရောင်းကုန်အမှတ်တံဆိပ်အဖြစ် ရိုက်နှိပ်ထားသည့်အတွက် ဗုဒ္ဓဘာသာဝင်များ၏ စိတ်ထဲတွင် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ကြောင်းသာသနာရေးဝန်ကြီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးစိုးမင်းထွန်းက ပြောသည်။

"ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ထားတဲ့ လေးဆူဓာတ်ပုံ ရွှေတိဂုံပုံတော်ကို ရောင်းကုန်တံဆိပ်အဖြစ် ရိုက်နှိပ်ခြင်းဟာ ရဟန်းသံဃာတော်များနဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေရဲ့ စိတ်နှလုံးထဲမှာ မချမ်းမြေ့ဖွယ် ရာ ခံစားရပါတယ်။ ဒါကြောင့် အဲဒီပစ္စည်းတွေကိုလည်း ပြန်သိမ်း ခိုင်းထားပါတယ်။ ဒါကို သူတို့ဘက်က ပျက်ကွက်တယ်ဆိုရင်တည်ဆဲဥပဒေနဲ့အညီ အရေးယူမှာပါ"ဟု ဦးစိုးမင်းထွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"ကျွန်တော်တို့ကုမ္ပဏီကနေပြီးတော့ ဒီစီးကရက်ဘူးပုံ လက်ဖက်ခြောက်ဘူးတွေကို ပြည်တွင်းက မိတ်ဆွေကို လက်ဆောင်ပေးဖို့အတွက် လုပ်မှာခဲ့တာပါ။ မှာတဲ့အခါမှာလည်းကျွန်တော်တို့ကုမ္ပဏီ အမည်ရယ်၊ လိပ်စာရယ်ကိုသာ ပေးခဲ့တာပါ။ ဒီစီးကရက်ဘူးပုံ လက်ဖက်ခြောက် ဘူးတွေမှာ ရွှေတိဂုံပုံရိုက်နှိပ်ထားတာဟာ ဒီကို အဲဒီဘူးတွေ ရောက်လာမှ သိရတာပါ"ဟု ဖူးရှင်းဘရားသား(စ်) ကုမ္ပဏီမှ ဥပဒေအကြံပေး ဦးဇင်ဦးက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ဗုဒ္ဓဘာသာဝင်များအထွတ် အမြတ်ထားရာလေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ပုံနှင့် အခြားသော ဘုရားပုထိုး စေတီများကို ရောင်းကုန်တံဆိပ်အဖြစ် ရိုက်နှိပ်ရောင်းချနေခြင်းများရှိပါက တည်ဆဲဥပဒေနှင့်အညီ သာသနာရေးဝန်ကြီးဌာနက အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ HN.009

# BGF တာဝန်ရှိသူပိုင် မော်တော်ယာဉ်သိမ်းဆည်းခံရမှု

## တာဝန်ရှိသူများမဖြေရှင်းပေးပါက ဒေသတွင်းပဋိပက္ခသို့ ဦးတည်လာနိုင်ဟုဆို

ကရင်ပြည်နယ်တွင်းနယ်ခြား စောင့်တပ်များစတင်ဖွဲ့စည်းခဲ့သောလွန်ခဲ့သည့် (၃)နှစ်ခန့်မှစတင်၍ နယ်ခြားစောင့်တပ်၌ ပါဝင်ခဲ့သော အရာရှိပိုင် မော်တော်ယာဉ်ကို မြဝတီခရိုင်၊ သက်န်းညီနောင် အခြေချစစ်ဗျူဟာ၊ စစ်ဗျူဟာမှူးဖြစ်သူက ပြီးခဲ့သည့် ဩဂုတ်လ ၃ ရက်နေ့ နေ့လယ် ၃း၃၀ အချိန်က သိမ်းဆည်းခဲ့ပြီး အဆိုပါကားကို ဗျူဟာမှူးကိုယ်တိုင် စီးနင်းအသုံး ပြုနေကာ သိမ်းဆည်းရာတွင်လည်း တစ်စုံတစ်ရာ အကြောင်းပြချက်မပေးခဲ့သည့်အတွက် အဆိုပါကိစ္စကို တာဝန်ရှိသူများမှ အမြန်ဆုံးဖြေရှင်းပေးရန်နှင့် ဖြေရှင်းပေးခြင်းမပြုပါက ဒေသတွင်းပဋိပက္ခသို့ ဦးတည်လာနိုင်ကြောင်း ဗိုလ်ကြီးစောမွန်လေးကဆိုသည်။



"ဒီကားက လွန်ခဲ့တဲ့ (၃)နှစ်လောက်ကတည်းက သုံးလာခဲ့တာပါ။ ခု အခြေချစစ်ဗျူဟာစခန်းကို မောင်းသွားခိုင်းပြီး သိမ်းထားလိုက်တယ်။ သိမ်းတယ်ပဲထားဦး ဒီတိုင်းသိမ်းထားလေ။ ခုကျတော့မဟုတ်ဘူး။ အဲဒီက ဗျူဟာမှူးကိုယ်တိုင်က စီးနေတယ်။ သူ့ကို ဒီ BGF က အရာရှိတချို့ကားလက်ဆောင်တွေ ပေးထားတာပဲ။ လိုင်စင်မဲ့ကား ဖမ်းမယ်ဆိုလည်း ကရင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာနဲ့ဖမ်း။ ဒါမှမဟုတ်လည်း ဒီမှာရှိနေတဲ့လိုင်စင်မဲ့တွေအကုန်ဖမ်းလေ။ ဘာလို့ ကျွန်တော်တို့ BGF က ကားကိုပဲရွေးဖမ်းရတာလဲ။ ဒီကိစ္စကိုနိုင်ငံတော်ရဲ့တာဝန်ရှိသူတွေဖြစ်တဲ့ သမ္မတကြီး၊ ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က ညွှန်ကြားပြီး ဖြေရှင်းပေးပါ။ ဒါမှမဟုတ်ရင် ဒီဗျူဟာမှူးရဲ့အနိုင်ကျင့်မှုက ဒေသတွင်း ပဋိပက္ခကို ဦးတည်လာနိုင်တယ်"ဟု အဆိုပါဗိုလ်ကြီးစောမွန်လေးက ပြောကြားသွားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ Hot News မှ မြဝတီ၊သက်န်းညီနောင် အခြေချစစ်ဗျူဟာမှတာဝန်ရှိသူတစ်ဦးဖြစ်သူ(G.2) ဗိုလ်မှူးကျော်ကျော်ဦး(ဖုန်း-၀၉ ၄၂၅၂၉၃၉၃၃)သို့ ဆက်သွယ်ခဲ့ရာတွင် မိမိတို့အခြေချစစ်ဗျူဟာက ယင်းကားကို သိမ်းယူထားခြင်းမရှိကြောင်း ဖြေကြားခဲ့ပြီး ဩဂုတ်လ ၂၇ ရက် ည ၁၀ နာရီကျော်အချိန်မှစ၍ အတည်ပြုရန် အကြိမ်ကြိမ်ဆက်သွယ်ခဲ့ရာတွင်လည်းတစ်ဖက်မှ ပြန်လည်ဖြေ ကြားခြင်းမရှိခဲ့ပေ။

ခန့်ခန့်(ဒသသနိက)

# NLDခရိုင်နှင့်မြို့နယ်များတွင်လူငယ်ညီလာခံကျင်းပရေးကော်မရှင်အား စက်တင်ဘာလ ၁၀ရက်နေ့နောက်ဆုံးထားပြီး ဖွဲ့စည်းမည်ဟုသိရ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မရှင်က မြို့နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့များကို စက်တင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းဗဟိုကော်မရှင်ဥက္ကဋ္ဌဦးမောင်မောင်ဦးက ဩဂုတ်လ ၂၅ရက်တွင် ပြောကြားခဲ့သည်။ လူငယ်စုဆောင်းရေးလုပ်ငန်း ဆောင်ရွက်နေချိန်၌ လူငယ်များစွမ်းဆောင် ရည်မြင့်မားရေးအတွက်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲများကိုလည်း ပြုလုပ်သွားမည်ဟုသိရသည်။

"ဒီအဖွဲ့ဝင်လူငယ်တွေက စာတမ်းတွေတင်ကြမယ်။ အဖွဲ့ချုပ်ရဲ့ မူဝါဒနဲ့လုပ်ငန်းစဉ်တွေကို အထောက်အကူပြုမယ့်စာတမ်းတွေတင်ဖို့များတယ်။ ဒီလိုစာတမ်းတွေတင်ခြင်း၊ အသိပညာတွေဖလှယ်ခြင်းကနေ အရည်အချင်းပြည့်ဝတဲ့ လူငယ်ခေါင်းဆောင်တွေ ပေါ်ထွက်လာဖို့ လူငယ်ညီလာခံကို ကျင်းပမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ လူငယ်ကော်မရှင်အဖွဲ့သို့ အသက်(၁၆)နှစ်မှ (၃၅)နှစ်အတွင်းရှိလူငယ်များဝင်ရောက်နိုင်ကြောင်း၊ ယခုလက်ရှိ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ခု၌ လူငယ်ကော်မရှင်အဖွဲ့များဖွဲ့စည်းထားပြီးဖြစ်သည်ဟု သိရသည်။"ကော်မရှင်ဖွဲ့ပြီး သုံးလအတွင်းလူငယ်စုဆောင်းရေးနဲ့ စည်းရုံးရေးတွေလုပ်မယ်။ အဲဒီလိုလုပ်တဲ့အခါသက်ဆိုင်ရာမြို့နယ်ကော်မရှင်တွေက တစ်ဆင့်ဆောင်ရွက်သွားမယ်"ဟု ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

မင်းထက်သာ-မွန်ဌာနေ

# မြန်မာတိုင်းမ်ဂျာနယ်ရပ်ဖို့ ဒေါက်တာတင်ထွန်းဦး တရားရုံးဦးတိုက်လျှောက်ပြီ

မြန်မာတိုင်းမ်ဂျာနယ်ကို ထုတ်ဝေနေသော Myanmar Consolidated Media (MCM) Co.Ltd ၏ ဒါရိုက်တာများဖြစ်သည့် ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က ဂျာနယ်ကို ရပ်ဆိုင်းရန်နှင့် ကုမ္ပဏီကို ဖျက်သိမ်းရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့လျှောက်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ (၁၂)ရက်နေ့က တရားရုံးသို့ တရားမမှုပုဒ်မ(၁၅၁)ဖြင့် လျှောက်ထားခဲ့ပြီး ဂျာနယ်ကိုရပ်ဆိုင်းရန်တားမြစ်အမိန့်ပါတစ်ပါတည်းလျှောက် ထားခဲ့သည်။ MCM Co.Ltd ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူက"ကုမ္ပဏီနည်းဥပဒေအရ ကျွန်တော်တို့လျှောက်ထားမှု အသေးစိတ်ကို တောင်းရဦးမယ်။ သတင်းစာထဲပါသလောက်ကတော့ အကြွေးရစရာရှိလို့ စာရင်းရှင်းမယ့်သဘော မျိုးလောက်ပဲရှိသေးတယ်။ အဲဒီလျှောက်လွှာကို တိတိကျကျသိတော့မှ သူတို့မှာ ဂျာနယ်ထုတ် ဝေမှုကို တားမြစ်ခွင့်ရှိ၊ မရှိကုမ္ပဏီဖျက်သိမ်းမယ့်ကိစ္စကိုလည်း ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ ပြောလို့ရမယ်။ အခုအချိန်အထိ ကျွန်တော်တို့ဘက်က အသေး စိတ်ပြောလို့ မရသေးပါဘူး"ဟုဆိုသည်။ မြန်မာတိုင်းမ်ဂျာနယ်၏ရှယ်ယာကိုဒေါက်တာတင်ထွန်းဦးတို့ဘက်က ၅၁ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး မစ္စတာဒန်ကလေတို့ ဘက်က ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်ကြောင်း သိရသည်။ HNT

ကျွန်ုပ်၏ ဝရဇာအား၊ သီလအား၊ ပညာအားများကိုအစွမ်းကုန် အသုံးပြု၍ ဝိရင်ထားသည့်
သိဒ္ဓိတန်ခိုးစွမ်းအား ကြီးမားလှသော
သမ္မဒ္ဒေ မဟာသိဒ္ဓိအလင်းတိုင်များကို လျှုဒါန်းပူဇော်မှုပြုလုပ်၍
သမ္မဒ္ဒေဘာဏ်တိုက် တည်ဆောက်မှု ပြုလုပ်ထားသူများသည်
၁။ ကပ်ကြီးသုံးပါးဘေး နှင့် ရန်သူမျိုးငါးပါးဘေးတို့မှရင်း။
၂။ မိမိမှာအန္တရာယ်ပေါင်းစုံနှင့်ကြုံတွေ့နေခြင်းများမှရင်းလွတ်မြောက်နိုင်ခြင်း။
၃။ တစ်ဖက်လူ၏မနာလိုဝန်တိုမှုနှင့်ရန်ငြိုးဖွဲ့မှုများပါပပျောက်နိုင်ခြင်း။
၄။ အလုပ်အကိုင် ၊အရောင်းအဝယ်၊ အကြံအစည်နှင့်အမှုကိစ္စများပါ အောင်မြင်နိုင်ခြင်း။
၅။ ပြောဆိုဆုံးမရန်ခက်ခဲနေသော(ဂ)ရက်သားသမီးအပေါင်းတို့အားလွယ်ကူစွာ ပြောဆိုဆုံးမနိုင်ခြင်း။
၆။ စုန်းတိုက်၊နတ်တိုက်၊ကြိုလ်စီး၊ဒသာ မကောင်းခြင်းနှင့်ရောဂါပြင်းထန်ပြီး ဂယောင်ခြောက်ခြားဖြစ်နေခြင်းများပါပပျောက်၍ကံကြမ္မာကိုပြုပြင်နိုင်ပြီး ကောင်းမွန်သောကံကြမ္မာကို ရရှိလာခြင်း။
၇။ ခက်ခဲကြန့်ကြာနေသောနိုင်ငံခြားခရီးစဉ်နှင့်အလုပ်အကိုင်ကိစ္စရပ်များအောင်မြင်မှုရရှိလာခြင်း။
မန္တာန်ဆရာကြီး ဦးထင်အောင်
အမှတ်(၁)၊(၁)လမ်းထိပ်၊အနောက်ပေ(၅၀)လမ်းမကြီးပေါ်
အုတ်ကျင်း၊မာလာမြိုင်(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်။
ဖုန်း ၀၁-၅၂၂၁၈၆,၀၉-၂၅၀၀၂၉၁၂၉

# Local

The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep, 2013

## တိုင်းရင်းသားအရေးမကျွမ်းကျင်သူများ တိုင်းရင်းသားနယ်မြေများ၌ အုပ်ချုပ်နေခြင်းက ဖက်ဒရယ်၏ပြယုဂ်တစ်ခုမဟုတ်ကြောင်း ဗိုလ်မုတ်သိုလ်ဆို

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားဒေသ၊ ပြည်နယ်များ၌ တိုင်းရင်းသားအရေး ကျွမ်းကျင်မှုမရှိသော တိုင်းရင်းသားများ၏ ခံစားချက်များကို သိရှိခြင်း မရှိသောသူများကို တိုင်းရင်းသားဒေသများ၏ အုပ်ချုပ်ရေးပိုင်း၌ ရှိနေကြခြင်းမှာ ဖက်ဒရယ်၏ပြယုဂ်တစ်ခုမဟုတ်ကြောင်း DKBA တပ်မတော်မှ နယ်ခြားစောင့်တပ်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီး လက်ရှိအမှတ် (၁၀၂၂) နယ်ခြားစောင့်တပ်၏ တပ်မှူးကြီးဖြစ်သူ ဗိုလ်မှူးကြီး မုတ်သိုလ်က ဆိုသည်။



"ဥပမာအနေနဲ့ပေါ့နော်။ ကရင်တိုင်းရင်းသားဆိုပါစို့။ကရင်အကြောင်း နားမလည်တဲ့သူ ကရင်လူမျိုးတွေက ဘာနှစ်သက်လဲ၊ ဘာကြိုက်လဲ စသဖြင့်ပေါ့နော်။ တိုင်းရင်းသားတစ်ခုရဲ့ အကြောင်း နားမလည်ဘဲ အဲဒီ တိုင်းရင်းသားဒေသမှာ အုပ်ချုပ်တယ်ဆိုတော့ အဲဒီ ဒေသရဲ့ အနာဂတ်က ဘယ်ကောင်းနိုင်မလဲ။ ကရင်ဆိုလည်း ကရင်အလျောက် ကိုယ့်ဒေသ ကိုယ်ပြည်နယ်ကို ဘယ်လို ဖွံ့ဖြိုးတိုးတက်အောင် ပုံဖော်မလဲ၊ ဆောင်ရွက်မလဲ။ သိပြီးသားလေ။ လက်ရှိအနေအထားအရ ကျွန်တော်တို့ တိုင်းရင်းသားတွေအနေနဲ့ ကိုယ့်ဒေသ ကိုယ်ဖွံ့ဖြိုးဖို့ လုပ်ဆောင်ခွင့် မရှိသေးဘူး။ ဒါကို ဖက်ဒရယ်လို့ ဘယ်လိုဆိုရမလဲ။ ပြောရရင် တိုင်းရင်းသားအရေး မကျွမ်းကျင်သူတွေ၊တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကို နားမလည်တဲ့သူတွေကတိုင်းရင်းသားနယ်မြေတွေ၊ ဒေသတွေမှာ အုပ်ချုပ်နေတာဟာ ဖက်ဒရယ်ရဲ့ ပြယုဂ်လည်းမဟုတ်ဘူး" ဟု ဗိုလ်မှူးကြီး မုတ်သိုရ်က ပြောကြားသွားခဲ့သည်။

၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းရင်းသားများလိုလားသော ဖက်ဒရယ်၏ အခြေခံကျသော အချက်များ ပါဝင်သည်ဟု ယခင်အစိုးရနှင့် နီးစပ်သူအချို့ကကာကွယ်ပြောဆိုမှုအချို့ရှိခဲ့ပြီး ယင်းသို့ပြောဆိုနေမှုများမှာလည်း ဖက်ဒရယ်၏ အနှစ်သာရတစ်ခုမဟုတ်သည့်အပြင် ဖက်ဒရယ်ပါဝင်သည်ဟုဆိုသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက်လည်း ယင်းမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်စေကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားခဲ့သည်။

**ခန့်ခန့်(ဒသနိက)**

## သွားကျောင်းသားသေဆုံးမှုစီရင်ချက်ချပြီးမှကွဲလွဲချက်များရှိ၍သမ္မတထံတိုင်စာပို့မည်

ရန်ကုန်တိုင်းဒေသကြီးသယ်န်းကျွန်းမြို့နယ်၊ ကျောင်းရှေ့ မှတ်တိုင်အနီး၌ (၂၃-၂-၂၀၁၂) ရက်နေ့တွင် ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တတိယနှစ်ကျောင်းသားမောင်ဇင်ဝေဖြိုး ယာဉ်တိုက်ခံရသဖြင့် ပြင်းထန်သောဒဏ်ရာများရရှိကာ သေဆုံးသွားသောအမှုမှာတရားလို တရားခံပြောကြားချက်များ ကွဲလွဲမှုများ ရှိနေသည့်အတွက် ပြန်လည်စိစစ်ပေးရန်အတွက် သက်ဆိုင်ရာ တရားရေးဌာနများနှင့် သမ္မတထံသို့ တိုင်စာများပေး ပို့သွားမည်ဖြစ်ကြောင်းဦးလေးဖြစ်သူ ဦးစိန်ဝင်းကဆိုသည်။

အဆိုပါ အမှုကိစ္စနှင့်ပတ်သက်၍ ဦးလေးဖြစ်သူ ဦးစိန်ဝင်းက "ကျွန်တော်တို့က မုဒုံမှာနေတာ ကျွန်တော်တူ ကားတိုက်ခံရပြီး သေသွားတယ်၊ စဖြစ်တာက နေအမှုပြီးဆုံးသွားတဲ့အထိတစ်နှစ်ကျော်ကြာတယ်။ ကာယကံရှင် ကျွန်တော်တို့ မိသားစုတွေကို တစ်ခါမှအကြောင်းမကြားသလို ခေါ်ယူမေးမြန်းတာလည်းမရှိဘူး။ အခု တရားရုံးက အမိန့်ချပြီးပြီဆိုတဲ့ သတင်းကြားလို့ အံ့ဩပြီး တရားရုံးစီရင်ချက် စာရွက်စာတမ်းတွေ မိတ္တူဆွဲပြီး ဖတ်ကြည့်တော့ အမှန်တကယ် ကျွန်တော်တို့ သိထားတဲ့ဖြစ်စဉ်နဲ့ တရားရုံးမှာ ထွက်ဆိုထားတဲ့ ထွက်ချက်တွေကွဲလွဲနေတာတွေ့ရလို့သမ္မတကြီးနဲ့ သက်ဆိုင်ရာဌာနတွေထံတိုင်မှာပါ

ကွဲလွဲနေတဲ့ အချက်တချို့ကို ပြောရရင် တိုက်တဲ့သူက ဝပ်ရှော့ကစက်ပြင် ဆရာလို့ပြောတယ်။ မှူခင်းဂျာ နယ်မှာတော့ ဆောက်လုပ်ရေး ကုမ္ပဏီကဝန်ထမ်းတစ်ဦးလို့ ရေးထားတယ်။ ဝပ်ရှော့ပိုင်ရှင်က လည်းတိုက်တဲ့လူရော ကားရောဟာ သူမ မြင်ဖူးဘူး၊ သူ့လူလည်း မဟုတ်ဘူးလို့ ပြောတယ်။ သက် သေလိုက်ဖို့တောင် လက်မှတ်ထိုး ပေးထားတယ်။ ဒါပေမဲ့ အဲဒီဝပ် ရှော့ပိုင်ရှင်ကို တရားရုံးခေါ်မစစ် ဘူး။ ကျန်တဲ့ ကွဲလွဲ ချက်တွေလည်း အများကြီးရှိပါသေးတယ်။ ဒီအမှု ပြန်စိစစ်မှပဲပြောတော့မယ်။လောလောဆယ်တော့ ဒီအမှုအတွက် တိုင်စာပို့ ဖို့ပြင်ဆင်နေပါတယ်" ဟုဆိုပါသည်။

အမှုနဲ့ ပတ်သက် ၍ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဦးကျော်က "ဒီဖြစ် စဉ်နဲ့ပတ်သက်ပြီး အသေးစိတ်ကိုတော့ မပြောတော့ပါဘူး၊ တရားရုံးတွေအနေနဲ့လည်း တရားလိုဟာ နိုင်ငံတော်ဖြစ်တယ် ဆိုပေမယ့်လည်း တကယ် နစ်နာခဲ့တဲ့ကာယကံရှင် မိသားစုတွေကိုပြန်ကြည့်သင့်တယ်။ မှန်မှန်ကန်ကန်အကောင်အထည်ဖော်သင့်တယ် ဟု" မှတ်ချက်ပြုပြောကြားသွားသည်။

**စိုးဝင်းနိုင်**

## နိုင်ငံတကာရုပ်ရှင်ပွဲတော်မှ ဆုရဇာတ်ကား(၆)ကားအပါအဝင် ကလေးဇာတ်ကား(၃)ကားအားမြို့ကြီးများတွင်အခမဲ့ပြသသွားမည်

လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်မှ ဆုရဇာတ်ကား ၆ကားအပါအဝင် ကလေးဇာတ်ကား ၃ ကားကို ပြည်နယ်နှင့်တိုင်း ဒေသကြီးရှိ မြို့ကြီး ၁၃ မြို့မှ ရုပ်ရှင်ရုံများတွင် ဩဂုတ်လ ၂၅ ရက်မှစ၍ ဒီဇင်ဘာလအထိ အခမဲ့ ပြသသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးတာဝန်ခံဒါရိုက်တာမင်းထင်ကိုကိုကြီးထံမှ ဩဂုတ်လ ၂၄ရက်နေ့ကသိရှိရသည်။ "ပြည်နယ်နှင့် တိုင်းရှိမြို့ကြီးတွေကို ပထမခြေ လှမ်းအနေနဲ့သွားရောက်ပြသမှာပါ။ ပြသမယ့်ရက်ကိုလည်း ကလေးလူကြီးအားလုံးကြည့်နိုင်အောင် ကျောင်းပိတ်ရက်တွေကို စီစဉ်ထားပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကို တင်ပြထားတာမ ဟုတ်တဲ့အတွက် တချို့ပြည်နယ်တွေမှာ ရုပ်ရှင်ရုံမှာမပြသရဘဲခန်းမတွေကို စီစဉ်ထားရတာတွေ လည်းရှိပါတယ်။ ဒီမြို့ကြီးတွေပြီး ရင်နှစ်စဉ်နှစ်တိုင်း မြို့နယ်တွေဆီသွားရောက်ပြသဖို့အထိရှိပါသေးတယ်ဟု"ဒါရိုက်တာမင်းထင်ကိုကိုကြီးကပြောဆိုခဲ့သည်။ အဆိုပါ ပြသမည့်မြို့ကြီး ၁၃ မြို့မှာ ဩဂုတ်လ ၂၅ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ စီးတီးစတားခန်းမ၊ ဩဂုတ်လ ၃၁ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မြနန္ဒာခန်းမ၊ စက်တင်ဘာလ ၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံ၊ စက်တင်ဘာလ ၁၄ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ Stand Hotelခန်းမ၊ စက်တင်ဘာ ၁၅ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ တက်နေဝန်းရုပ်ရှင်ရုံ၊ စက်တင်ဘာ ၁၉ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေဟင်္သာရုပ်ရှင်ရုံ၊ စက်တင်ဘာလတွင်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေပြည်သာ၊ ရွှေပြည်တော်၊ ရွှေပြည်အေးရုပ်ရှင်ရုံ၊ အောက်တိုဘာလအတွင်းရှမ်းပြည်နယ်တောင်ကြီးမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ကချင်ပြည်နယ်မြစ်ကြီးနားမြို့ရှိမြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်းရခိုင်ပြည်နယ်စစ်တွေမြို့၊ချင်းပြည်နယ် ဟားခါးမြို့တွင် တစ်နေ့လျှင် ၃ ချိန်အထိ ပြသပေးသွားမည်ဖြစ် ကြောင်းသိရသည်။ ထိုရုပ်ရှင်ပွဲတော်တွင်ပြသမည့်တချို့မြို့နယ်များသို့ အမေရိကန်သံအမတ်နှင့် ဗြိတိန်သံအမတ်တို့မှ ဖွင့်ပွဲများတွင်လာရောက်ကြမည်ဖြစ်ကြောင်းနှင့် ရုပ်ရှင်ဆုရရှိသူ ၃ဦးပါ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရရှိရသည်။ အဆိုပါပြသမည့်ဆုရဇာတ်ကားများမှာ ရည်နန်းသိုက်၏ အကျဉ်းစံဘဝါစွမ်းသူ့ရထွန်း၏ စစ်တုရင်၊ မောင်ဆန်း၏ အခွင့်အရေး၊ မောင်အေးချမ်း၏ အိမ်အပြန်၊ Myanmar Treasure Media ၏ အဖြူအစိမ်း၊ အမေရိကန်ဇာတ်ကားမှ The Act of Killing/Docu ၊The Game Must Go on/Docu နှင့် Documentary Films တို့ကို တစ်မြို့နယ်တွင် တစ်ရက်နှုန်းဖြင့် တစ်နေ့သုံးကြိမ်အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မင်းထက်သာ-မှုန်ဌာနေ**

FACES Media Group

E-mail.
admin@hotnewsweekly.com

**အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်**
မမ
**အတိုင်ပင်ခံ**
မောင်ခိုင်ခန့်(အမျိုးသားစာပေဆု)
**အုပ်ချုပ်ရေးမှူး**
အာရဏ
**အကြီးတန်း အယ်ဒီတာ**
ကျော်စိန်၊ ဝင်းဇော်(သုံးဆယ်)
ဆောင်းအေးချမ်း၊ အန်ထော်ဏီ၊
သိုးထိန်း(မြန်မာပြည်သား)
ဂျော်လီထွန်း

**အယ်ဒီတာအဖွဲ့**
မိုးမြင့်ဆွေ၊ စိုးဝင်းနိုင်၊ အောင်မျိုးဝင်း
**လ/ထ အယ်ဒီတာ (စီမံ)**
ဖြိုးအောင်
**လ/ထ အယ်ဒီတာ (သတင်း)**
ညီထွေး၊ ဇော်မြင့်
**အကြီးတန်းသတင်းထောက်**
ညီညီအောင်၊ ယဉ်ပပထွန်း၊ ဘိုဘိုမင်း
**သတင်းထောက်များ**
ဝင်းကိုကို၊ နောင်နောင်၊ ကျော်မာယ

**တမြင်**
နောင်တင်စိုး
**နယ်သတင်းထောက်များ**
မြင့်အောင်(နေပြည်တော်)
ငြိမ်းချမ်းကို (ပန်းတနော်)
စိုးမိုးကျော်(ရွှေဘို)
ဟသ်ာတောင်တွင်းကြီး
စိုးမိုးထွန်း(မုံရွာ)
အရိန္ဒမာ(ဘိုကလေး)
ကျော်ကျော်ဦး(မြစ်ကြီးနား)
ဦးတင့်လွင်(အေးဒရဲ)
ဦးရွှေထူး(ပဲခူး)

**လိုက်ဒီနိုင်း**
ဦးတင်ထွဏ်း
**ဘဏ္ဍာရေးနှင့် ငွေစာရင်း**
ဇင်နှင်းဝေ၊ စုစုဖြိုးအောင်
**ဒီဇိုင်းအဖွဲ့**
ကိုမျိုး၊ နေလင်း
**တစ် တမြူ**
နီနီ၊ မြတ်သူ၊ မေမိုးလှိုင်၊
Website
သော်ဇင်၊ အောင်သူလင်း
**ပင်တိုင်ဓာတ်ပုံ**
ခင်မောင်ဝင်း(ရွှေအင်းသား)

**ဈေးကွက်နှင့် ကြော်ငြာ**
နှင်းနုနုရီ
**ဖြန့်ချိရေးတာဝန်ခံ**
ဟန်ဝေမျိုး၊ ဖြိုးမောင်မောင်
**ပြင်ပဆက်သွယ်ရေး**
ဘိုဘိုထွန်း၊ ကောင်းဆက်လင်း၊
အောင်ဆက်ပိုင်၊ အေးကြူ
**ထုတ်ဝေသူ**
ဦးဝေဖြိုးမင်း(ယာယီ-၁၃၉၅)
**CTP** - ကမ္ဘာဦး
**ပုံနှိပ်** - မိဘအေးရိပ်
၁၅၀၊ ၄ဂလမ်း၊ ဗိုလ်တထောင်
**စောင်ရေ - ၃၀၀၀**
**တန်ဖိုး - ၅၀၀**

HOT NEWS သတင်းဂျာနယ်တိုက် ◆ အမှတ်(၄၀၁-စီ) ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၇၀၃၃၁၇၊ ဖက်စ် - ၅၀၄၂၉၃ www.hotnewsweekly.com

# ကြိုးမဲ့လေတံခွန်နှင့်ပတ်သက်၍

# ၈၈ ကျောင်းသားခေါင်းဆောင်ဟောင်း ကိုမိုးဟိန်း၏အဖြေ

ဗကသအဖွဲ့ချုပ်

DPNS လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ

မေး - ကိုမိုးဟိန်းဟာ ရှစ်လေးလုံးကာလက ဗကသအဖွဲ့အချုပ်ခေါင်းဆောင်၊ နောက်တော့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ DPNS ရဲ့ အထွေထွေအတွင်းရေးမှူးတာဝန်ယူထားတယ်လို့ ကျွန်တော်တို့သိထားပါတယ်။ အခု လက်ရှိ ဗကသအဖွဲ့ချုပ်နဲ့ လူ့ဘောင်သစ်ပါတီနဲ့ပတ်သက်လို့ ကိုမိုးဟိန်းရဲ့အယူအဆကိုသိပါရစေ။

ဖြေ - ဗကသအဖွဲ့ချုပ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းတို့ကိုယ်တိုင်၊ ဆရာကြီးဒဂုန်တာရာတို့ကိုယ်တိုင် ပါဝင်ခေါင်းဆောင်ခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးရဲ့ ဦးဆောင်မီးရှူးတိုင်ကြီးဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းမှာရော၊ ယခုရော၊ နောင်အနာဂတ်ရောရှိသင့်တဲ့ အဖွဲ့ချုပ်ဖြစ်ပါတယ်။ ဗကသအဖွဲ့ချုပ်တည်ရှိမှုကိုထောက်ခံပါတယ်။ လူ့ဘောင်သစ်ပါတီခေါင်းဆောင်တွေ၊ ထူထောင်ခဲ့သူတွေ သယ်ဆောင်ဖြတ်သန်းခဲ့တဲ့သူတွေ အားလုံးဒီကနေ့ပြည်တွင်းမှာရောက်ရှိနေကြပါပြီ။ ပါတီရဲ့ (၂၅)နှစ်ကြာဖြတ်သန်းမှုသမိုင်းဟာကြမ်းတမ်းလှပါတယ်။ ဒါကြောင့် လူ့ဘောင်သစ်တွေဟာ ဖြတ်သန်းမှုနောက်ခံ မတူညီကွဲပြားမှုများကြောင့် အယူအဆအမျိုးမျိုးဖြစ်နေကြတာမဆန်းပါဘူး။ သို့သော် ဒီကနေ့နိုင်ငံရေးစင်မြင့်ပေါ်မှာ အောင်မြင်တဲ့တစ်ခုတည်းသော လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကို ပြန်လည်တည်ဆောက်ဖို့လိုပါတယ်။ ဒါဆိုရင် မိမိဆန္ဒအယူအဆတွေကိုအလျှော့အတင်းလုပ်ဖို့လိုပါတယ်။ သဘောထားကြီးမှုအပြန်အလှန်ရှိကြဖို့လိုပါတယ်။ တစ်အုပ်စုကိုတစ်အုပ်စု အပြန်အလှန်လေးစားမှုRespect၊ အပြန်အလှန်အသိအမှတ်ပြုမှု Recognize လုပ်ကြဖို့လိုပါတယ်။ ကျွန်တော်မေတ္တာရပ်ခံချင်တာက ဒီကနေ့မြန်မာပြည်ထဲကို နိုင်ငံရေးလုပ်ဖို့အပြီးပြန်လာပြီဖြစ်တဲ့ ကိုမိုးသီးဇွန်ဟာ တစ်ခုတည်းသော လူ့ဘောင်သစ်ပါတီ ပြန်လည်တည်ဆောက်ဖို့အတွက် အဖြစ်သင့်ဆုံးပါတီခေါင်းဆောင်ဖြစ်ပါတယ်။ ကိုရဲနိုင်အောင်၊ ကိုသက်ထွန်း၊ ကိုရင်ထွေး၊ ကိုဂျင်မီ၊ ကိုအောင်မိုးဇော်၊ ကိုငွေလင်း၊ ကိုဇေယျအစရှိတဲ့ ပါတီကိုဖြတ်သန်းသယ်ဆောင်ခဲ့ကြတဲ့ ခေါင်းဆောင်အားလုံး အပြန်အလှန်သဘောထားကြီး အလျှော့ပေးမှုတွေလုပ်ကြပြီး ကိုမိုးသီးဇွန်ခေါင်းဆောင်မယ့်လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ပြန်လည်တည်ဆောက်ကြပြီး မြန်မာပြည်သူတွေကိုအလုပ်အကျွေးပြုကြဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။

မေး - ၁၉၈၉ ဧပြီလက ကိုမိုးဟိန်းနဲ့ ကိုရဲနိုင်အောင်တို့ ပါတီအတွင်းထုတ်ဝေခဲ့တဲ့ မိုးသီးဇွန်သို့မဟုတ်ကြိုးမဲ့လေတံခွန်စာအုပ်နဲ့ပတ်သက်ပြီး ယနေ့ကိုမိုးဟိန်းရဲ့သဘောထားကိုသိချင်ပါတယ်။

ဖြေ - အဲဒီအချိန်ကာလက ကျွန်တော်တို့လည်း အသက်(၂၄)နှစ်ပဲရှိပါသေးတယ်။ နိုင်ငံရေးရင့်ကျက်မှုလည်း အများကြီးအားနည်းနေပါသေးတယ်။ အဲဒီစာအုပ်ထုတ်ဝေခဲ့တာ ဒီကနေ့ပြန်သုံးသပ်တော့ ကျွန်တော်တစ်ယောက်တည်းအနေနဲ့ သဘောထားပြောရရင် မှားယွင်းတဲ့လမ်းကြောင်းလို့သုံးသပ်မိပါတယ်။ စာအုပ်မှာပါတဲ့ အကြောင်းအရာတွေ ဘယ်လောက်ပဲမှန်မှန် စစ်အစိုးရကြိုက်နှစ်သက်တဲ့လမ်းကြောင်းထဲဝင်သွားမိသလိုဖြစ်ခဲ့ပါတယ်။ ပါတီညီညွတ်ရေးကို ထိခိုက်ခဲ့တယ်။ ကိုမိုးသီးဇွန်ကို ကျွန်တော်တို့ပြောချင်တဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်မရောက်ဘဲချော်ထွက်သွားတယ်လို့ ယူဆတယ်။ ကိုမိုးသီဇွန်ကို ကျောင်းသားသမဂ္ဂရပ်တည်ချက်လမ်းကြောင်းမှ ချော်ထွက်နေပြီဆိုတာကို ထောက်ပြချင်လို့ ဒီစာအုပ်ထုတ်တာကနေ ကွန်မြူနစ်လို့ စွပ်စွဲသလိုဖြစ်သွားတယ်။ အဲဒီမှားယွင်းချွတ်ချော်မှုအတွက် ဒီကနေ့ ကျွန်တော့်အနေနဲ့ မှားယွင်းခဲ့တယ်လို့ယူဆတယ်။ ဒါကြောင့် ကျွန်တော် ဒီနေရာကနေတောင်းပန်လိုက်ပါတယ်။ တစ်ခုတည်းသော လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ အမြန်ဆုံးပေါ်ထွက်လာဖို့ကျွန်တော်မြင်ချင်ပါတယ်။

The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep 2013

# ၈၈ မျိုးဆက်ခေါင်းဆောင်များသို့ အိတ်ဖွင့်ပေးစာ

## ဆွေဦးနိုင်(၈၈)

ခင်ဗျားတို့ကို ပြည်သူကချစ်တယ်။ အထင်ကြီးတယ်။ အားကိုးတယ်။ နိုင်ငံရဲ့ အနာဂတ်ကို သွေးနဲ့ ချွေးနဲ့ထုဆစ်ပေးသွားမယ့် ပြည်ချစ်သားတွေဆိုပြီး မျှော်လင့်တကြီးနဲ့ ယုံကြည်လေးစားအားထားကြတယ်ဗျာ။

ခင်ဗျားတို့က ၈၈ မတိုင်ခင်အထိ သာမန်ကျောင်းသား သာမန်ပြည်သူပဲ၊ ၈၈ ကိုဖြတ်သန်းပြီး ရှစ်လေးလုံးအရေးတော်ပုံဆိုတဲ့ တော်လှန်ပန်းရိုင်းတွေတောင် ပြိုကမ်းပြိုအောင်ပွင့်ခဲ့ပြီးတဲ့နောက် မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး ကိုဂျင်မီ၊ ကိုဌေးကြွယ်၊ မင်းဇေယျာ ဆိုတဲ့ နာမည်တွေဟာ တိုင်းပြည်က ပိုင်သွားပြီ။ ခင်ဗျားတို့ရဲ့ စွန့်လွှတ်စွန့်စားပေးဆပ်မှုတွေကြောင့် ဒီနာမည်တွေကို ကျောက်သားမှာထွင်းထု သမိုင်းကဂုဏ်ပြုထားခဲ့ပြီ။ သူရဲကောင်း ပြတိုက်တွေမှာ အကြိမ်ကြိမ်စံသန္နိဋ္ဌာန်တွေက စူးစူးနစ်နစ်တိုင်းပြည်ကို ချစ်တဲ့သူတွေကို တိုင်းပြည်က ပြန်ချစ်တာဒီထက်လှတဲ့ ပန်းချီကား မရှိဘူး။ ကိုယ်စိုက်တဲ့ အသီးကိုယ်ခူးဆွတ်နိုင်တယ်ဆိုတာလောကရဲ့ ဥပဒေသ၊ တင့်တယ်သော သဘာဝမှုဖြစ်တယ်။ နိုင်ငံတကာ ကလည်း ဆုတွေအတန်တန်နဲ့လက်ခုပ်သံတွေဆူညံခဲ့ပြီးပြီ။ အခုနှစ်အစိတ်ပြည့်ခဲ့တာတောင် တပြားသားမှမလျှော့တဲ့ ညီညွတ်မှုနဲ့ နိုးကြားမှုတွေ ပြည်သူက ထုတ်ပြ လိုက်ပြန်တယ်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံငွေရတုအခမ်းအနား(သို့မဟုတ်) လူထုညီလာခံ ခင်ဗျားတို့ကို ပြည်သူကချစ်တယ်၊ ပြည်သူက ပိုင်တယ်ပြည်သူက ဒီမိုကရေစီရေးအတွက်တာဝန်တွေအပ်နှင်းလိုက်တယ်ဆိုတာကို ထောင်သောင်းချီသောလှပတဲ့ ဝန်းရံမှုတွေနဲ့ ၂၀၁၅ ရပ်တည်မှု ဆိုတဲ့ မျှော်လင့်ချက်တွေသွန်းလောင်း ပြလိုက်တာပါ။

၈၈ မျိုးဆက်တွေနဲ့ လူထုအခြေပြုအဖွဲ့အစည်းပေါင်းစုံ၊ တိုင်းရင်းသားညီအစ်ကိုတွေဆွေးနွေးကြတယ်။ ဆပ်ကော်မတီအသီးသီး ကလည်း ဒီဆွေးနွေးပွဲတွေအောင်မြင်စေဖို့ တာဝန်ကျေခဲ့ကြတယ်။ သုံးရက်တိတိ။ ဒါကြောင့် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ငွေရတုကြေညာစာတမ်းဆိုတဲ့ သဘော တူညီချက်သုံးရပ်နဲ့ အထွေထွေ အကြံပြုချက်တွေ သုံးသပ်လေ့လာမှုတွေ အပြိုင်းအရိုင်းဖူးပွင့်ခဲ့ကြတယ်မဟုတ်လား။ ဒါဒီမိုကရေစီ ညီလာခံတစ်ခုဖြစ်သလိုအဖွဲ့အစည်းပေါင်းစုံကခေါင်းဆောင်တွေ ကိုယ်စားလှယ်တွေရဲ့ ယုံယုံကြည်ကြည်ပေးအပ်လိုက်တဲ့ တာဝန်အပ်နှင်းပွဲလည်းဖြစ်တယ်။ အဲဒီတာဝန်က ဘာလဲ၊ ဘယ်လဲ။ ၆၂ မျိုးဆက် ၇၄မျိုးဆက်ဆိုတဲ့ နောင်တော်မျိုးဆက်တွေကလည်း ၈၈ မျိုးဆက်တွေကို လွတ်တော်နိုင်ငံရေးပဲ ပြတ်ပြတ်သားသားလုပ်ဆောင်ပြီး ပြည်သူ့ဆန္ဒတွေကို အပြည့်အဝဖြည့်ဆည်းပေးသွားစေချင်တယ်။ကျွန်တော်တို့အားလုံးစစ်ဖိနပ်အောက်မှာ ထောင်တွေတန်းတွေကျခဲ့စဉ်ကတည်းက မတရားမှုမှန်သမျှခေါင်းငုံ့မခံကြေးတော်လှန်ရေး သစ္စာတွေဆိုခဲ့ကြတယ်။ 'တရားမျှတ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းတို့သည် ဤမြေ၌တည်ပါစေသတည်း'ဆိုတဲ့ သစ္စာအဓိဋ္ဌာန်ကြီးကိုလည်း စေတနာဝသနံပွဲ၊ ငွေရတုပွဲမှာ ကြီးကျယ်မြင့်မြတ်လှစွာ အထပ်ထပ်အခါခါဆိုခဲ့ကြပြန်တယ်။ အဲဒီရည်မှန်းချက်တွေ ထွန်းကား ပေါက်မြောက်အောင်မြင်သွားဖို့ အတွက် ခင်ဗျားတို့ ၈၈မျိုးဆက်ခေါင်းဆောင်တွေဟာ တိုင်းပြည်ရဲ့အား တိုင်းပြည်ရဲ့ဓားတွေပါ။ 'ကျွန်တော်တို့က ဝန်ကြီးလုပ်ချင်လို့ သမ္မတလုပ်ချင်လို့ပေးဆပ်ခဲ့ တာမဟုတ်ဘူး'လို့ လွန်ခဲ့သောနှစ်နှစ်ဆယ်ကစကားတွေပြောဦးမှာလား။ 'ငါတို့မပါလည်း တိုင်းပြည်ရဲ့ အရှေ့က တဖြည်းဖြည်းရွှေ့နေပါပြီကွာ'လို့ သွေးကြောင်တဲ့ လူပြိန်းအတွေးမျိုးတော့ ခင်ဗျားတို့တွေးလိမ့်မယ်မထင်ဘူး။ အခုတွေ့ ကြုံနေရတဲ့ အခင်းအကျင်းတွေက တိုင်းပြည်ရဲ့ နာတာရှည်ဆင်းနွမ်းပါးမှုရောဂါနဲ့ အာဏာရှင်စနစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေဖြစ်တယ်။ ဒါတွေကို ကုသပေးမယ့်ဆေးဆရာ၊ နိုင်ငံရဲ့အချုပ်အချာအာဏာကို ထိုက်တန်စွာပေးအပ်လို့ရမယ့် ပါတီအဖွဲ့အစည်းဆိုတာကို ပြည်သူက ကောက်ရိုးပုံကြားအပ် ပျောက်ရှာသလို ရှာနေရတုန်းပဲဖြစ်တယ်။ တစ်သက်လုံးအနာခံခဲ့ရတဲ့ တောင်သူလယ်သမားအလုပ်သမား အခြေခံလူတန်းစားတွေအတွက်တော့ ရွှေဘုန်းကြီးက တစ်ချက် ခေါက်ပြီး နောက်ဘုန်းကြီးက နှစ်ချက်ခေါက်မှာကို စိုးရိမ်နေရသေး တာအမှန်ပါပဲ။

ပြည်သူလူထုကခင်ဗျားတို့ကို ဘယ်လောက်အထိအားကိုးပြီး ဘယ်လောက်စေတနာထားတယ် ဆိုတာ ငွေရတုပွဲရန်ပုံငွေအဖြစ် လှူဒါန်းလိုက်ကြတဲ့ အလှူငွေတွေထင်တာထက် ပိုရခဲ့တာကြည့်ရင်သိနိုင်ပါတယ်။ အနာဂတ်နိုင်ငံတော်အတွက် လူထုကိုကိုယ်စားပြုတဲ့ အရည်အချင်းရှိသော လွှတ်တော်နိုင်ငံရေးသမားများလိုအပ်နေတဲ့ ဒီအချိန်မှာရှစ်လေးလုံးမျိုးဆက်များရဲ့ အခန်းကဏ္ဍကို ပုံဖော်စိတ်ကူးပြီး ပြည်သူတွေက ကြိုတင်ကြည်နူးနေကြပါတယ်။ ဒီဆန္ဒကိုမျက်ကွယ်ပြုပြီး ပရဟိတလုပ်ငန်းတို့ ရေဘေးလှူတာတို့ အလုပ်သမားအရေးတို့ လုပ်နေတာပဲဆိုရင် သေနတ်ပစ်ချန်ပီယံတွေ ဂေါ်လီဝင်ရိုက်သလိုဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ ကိုယ့်အကျိုးကိုယ် နှုတ်ကိုယ့်အရိုးကိုယ်ဖြုတ်ပြီး ပြည်သူတွေနင်းဖို့တံတားခင်းပေး တဲ့ သူတွေအဖြစ်ခင်ဗျားတို့ ရင်ဘတ်တံဆိပ်ခတ်ပြီးသားဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့အား လုံးဆက်ပြီး တာဝန်ကျေဖို့ပဲလိုပါတယ်။ စတေးခဲ့သမျှ သွေးနဲ့ ဘဝတွေအတွက် ဘေးထွက်နေကြလို့ မဖြစ်တော့တာကြောင့် မြသားနဲ့သိဂီစိန်စီထားတဲ့ သမိုင်းရိုင်းကြတော့မှလားလို့ပဲမေးလိုက်ချင်ပါတော့တယ်ဗျာ။

# သတင်းတွေတွေ သွေးချင်းမြေ

## မောင်ယသသ

### မီးစတစ်ဖက်

ဩဂုတ်လ (၂၁) ရက်နေ့ ကရင်သတင်းဌာန (Karen News) တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် နယ်ခြားစောင့် တပ်ဖွဲ့ (BGF) တို့ ဝဲကြီးဒေသတွင်အပြန်အလှန် ပစ်ခတ်မှုများရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

KNLA တပ်ရင်း (၁၀၂) မှတပ်သားအင်အား ၂၀ နှင့် BGF တပ်ရင်း ၁၀၁၄ မှ တပ်သားအင်အား ၁၅ ဦးတို့ပစ်ခတ်ခဲ့ကြခြင်းဖြစ်သည်။ နှစ်ဖက်တပ်များကမူ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ပြစ်တင်ပြောဆိုမှုများရှိခဲ့သည်။ BGF က ဝဲကြီးရှိသူတို့၏ စခန်းကို KNLA ဘက်မှစတင်တိုက်ခိုက်ခဲ့ကြောင်း ပြောဆိုခဲ့သော်လည်း KNLA တို့ကမူ BGF တပ်ဖွဲ့ဝင်များသည် မဖြတ်သန်းရ ဇုန်အတွင်း BGF တပ်များစစ်ဆင်ရေးလှုပ်ရှားမှုများ ရှိခဲ့သောကြောင့်ဟု အကြောင်းပြသည်။

BGF မှ ဆက်ဆံရေး အရာရှိ ဗိုလ်မှူးနိုင်မောင်ဇော်က "ကျွန်တော်တို့ခြံခို တိုက်ခိုက်ခံခဲ့ရပါတယ်။ တစ်ဦးသေပြီး ၂ဦး ဒဏ်ရာရရှိခဲ့တယ်။ အဲဒီ ၂ဦးကို မော်လမြိုင်ဆေးရုံကြီးကို ပို့ထားရပါတယ်"ဟု ကရင်သတင်းဌာနကို ရှင်းပြခဲ့သည်။

KNLA မှ ဗိုလ်မှူးစောကလဒိုးကမူ "တပ်ရင်း ၁၀၂ ကအစီရင်ခံစာရောက်လာပါတယ်။ BGF ၁၀၁၄ က တပ်ဖွဲ့ဝင်တွေက KNLA ထိန်းချုပ်ဒေသတွင်းမှာ စစ်ဆင်ရေးတွေလုပ်နေတယ်။ KNLA စစ်သားတွေကိုလည်း ပစ်ဖို့ အမိန့်ပေးထားတယ်လို့ ဝင်လာတယ်" ဟုဆိုသည်။

အပစ်အခတ် ရပ်စဲရေးအတွက် အစိုးရနှင့် KNLA လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း တိုက်ပွဲများသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မီးစတစ်ဖက် ဖြစ်နေကြောင်းပါ။

### ကချင်ပြည်နယ်ဝန်ကြီးချုပ်ဆိုပြီ

မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ကချင်ဒေသဖွံ့ဖြိုးခြင်းသည် သော့ချက်တစ်ခုဖြစ်လာနိုင်သည်ဟု ကချင်ပြည်နယ်ဝန်ကြီးချုပ်က ဆိုကြောင်း ကချင်သတင်းဌာန၏ဖော်ပြချက်တစ်ခုတွင်ပါရှိသည်။

ကချင်ဒေသသည် မြန်မာပြည်မြောက်ဖျား၏ သယံဇာတပေါကြွယ်ဝသော နယ်မြေတစ်ခုဖြစ်ပြီး လူဦးရေ တစ်သန်းခွဲကျော်ရှိကာ စစ်ပွဲများကြောင့် ခေတ်နောက်ကျနေရကြောင်း၊ အပစ်အခတ်ရပ်စဲရေးအတွက် အချိန်ယူရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးတက်အောင် လုပ်နိုင်မှသာ ပိုကောင်းတဲ့ အခြေအနေတစ်ရပ်ရရှိမှာဖြစ်ကြောင်း၊ အစိုးရစစ်တပ်နှင့် KIA ကြားအပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန်တစ်ဆင့်ချင်းလုပ်ဆောင်ရန်လိုကြောင်း၊ ဆွေးနွေးပွဲအများအပြားပြုလုပ်ရန်လိုကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် လဂျွန်ငန်ဆိုင်းကဆိုသည်။

၎င်းက ကချင်ပြည်နယ်ဟာ အိန္ဒိယနှင့် တရုတ်နိုင်ငံကြားမှာရှိနေကြောင်း၊ လျှပ်စစ်စွမ်းအင်အပြည့်အဝရရှိရန်အတွက် ရေအားလျှပ်စစ်ထုတ်ရန် ရေစွမ်းအားအရင်းအမြစ်အလုံအလောက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်လျှင် ဒေသအတွင်းအကျိုးကျေးဇူးများနိုင်ကြောင်း ဆိုသည်။

### ချင်းပြည်မှာလည်း လှုပ်လှုပ်ရှားရှား

ချင်းပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဦးကျော်ငြိမ်းကပြည်ထောင်စုအစိုးရက ချင်းပြည်နယ်တွင် သတ္တုရှာဖွေရေးလုပ်ငန်းများအတွက် ပါမစ်များချပေးတော့မည်ဖြစ်ကြောင်းဆိုခဲ့သည်ဟု သိရသည်။

ခွင့်ပြုရက်ကို အတိအကျမဆိုသေးသော်လည်း ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၉ မြို့နယ်တွင် သတ္တုသိုက်များရှိနေသဖြင့် သတ္တုရှာဖွေရေးလုပ်ငန်းအကြံပြုချက်များကို ပြည်ထောင်စုအစိုးရက လက်ခံစဉ်းစားပေးနေကြောင်း ချင်းပြည်နယ်အတွင်းဆင်းရဲနွမ်းပါးမှုလျှော့ချပေးရန်အတွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်အတွက် ရည်ရွယ်ကြောင်းဆိုသည်။

"ချင်းပြည်နယ်မှာသတ္တုတွင်းဝန်ကြီးဌာနအခြေစိုက်ရုံးတစ်ရုံးမှ မရှိပါဘူး။ စက်မှုလုပ်ငန်းနဲ့ စက်ရုံတွေလည်း မရှိပါဘူး။ ယက္ကန်းလုပ်ငန်းနဲ့ နွားနောက်မွေးတဲ့လုပ်ငန်းလောက်ပဲရှိတယ်။ ချင်းပြည်နယ်အတွင်းသတ္တုတွင်းလုပ်ငန်းတွေ ပါမစ်ချပေးလိုက်မယ်ဆိုရင် ဒေသတွင်းဖွံ့ဖြိုးမှုကို အထောက်အပံ့ပေးလိုက်သလိုပါပဲ" ဟု ဆိုသည်။

### နီကယ်သတ္တုတွင်းများအတွက်ချင်းပါတီတွေပြည်သူ့အသံနားထောင်မည်

ချင်းပါတီ ၄ ပါတီမှ အဖွဲ့ဝင်များသည် စက်တင်ဘာလအတွင်း တီးတိန်မြို့သို့လာရောက်စုဝေးကာ ချင်းပြည်နယ်အတွင်းရှိ နီကယ်သတ္တုတူးဖော်ရေးစီမံကိန်းအတွက် ပြည်သူ့အသံကိုကြားနာမည်ဟုသိရသည်။

"ကျွမ်းကျင်ပညာရှင်တွေနဲ့ တိုင်ပင်မယ်။ ချင်းပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံမယ်။ ပြည်သူတွေရဲ့အသံကို နားထောင်မယ်" ဟု ချင်းအမျိုးသားပါတီအထွေထွေအတွင်းရေးမှူးက ဆိုသည်။

လတ်တလောတွင် ချင်းလူမှုအဖွဲ့အစည်းများသည်သတ္တုတွင်းလုပ်ငန်းများနှင့်ပတ်သက်၍ မကျေလည်မှုများ ရှိနေသည်။ စီမံကိန်းများသည် ပြည်ထောင်စုအစိုးရနှင့် တရုတ်သတ္တု တွင်းကုမ္ပဏီများကြား ချုပ်ဆိုသော စာချုပ်များဖြစ်သောကြောင့်ဟူသော အကြောင်းပြချက်ကြောင့်ဖြစ်သည်ဟုဆိုသည်။

### မွန်ပါတီတွေဆွေးနွေးတော့မယ်

မွန်ပါတီ ၃ ပါတီမှ ကိုယ်စားလှယ်များသည်စက်တင်ဘာလ ၂၈မှ ၃၀ရက်အထိ ကျင်းပမည့် မွန်တစ်မျိုးသားလုံးဆိုင်ရာကွန်ဖရင့်အတွက်အကြိုဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

ယခုနှစ်ကွန်ဖရင့်ကို မွန်ဒီမိုကရေစီပါတီ (MDP) ကပထမဦးဆုံးအကြိမ်အဖြစ်တက်ရောက်မည်ဖြစ်ပြီး မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMRDP) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့က နိုင်ငံရေးစကားဝိုင်းတစ်ခု လက်ခံပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များကလည်း အဆိုပါကွန်ဖရင့်တွင် တက်ရောက်ဆွေးနွေးမည်ဟုလည်း သိရသည်။

"မွန်အမျိုးသားတွေက မွန်ပါတီတွေကွဲနေတာကို တစ်ပါတီတည်းဖြစ်စေချင်နေကြတယ်။ ဒီအရေးကို ဦးစားပေးဆွေးနွေးမှာပါ" ဟု မင်းကျော်ဝင်းကဆိုသည်။

"ကျွန်တော်တို့ နိုင်ငံရေးစကားဝိုင်းတွေလုပ်မယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ရည်ရွယ်မယ်။ အစိုးရရဲ့ အမျိုးသားပြန်လည်ပေါင်းစည်းရေးကွန်ဖရင့်ကို တက်မယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ ဥပဒေကို ပြင်ဆင်နိုင်ဖို့အတွက် ဖိအား ပေးမယ်။ မွန်အမျိုးသားအားလုံးဒီအရေးကို အမျိုးသားရေးအမြင်ဖြစ်လာအောင် ကြိုးစားသွားမယ်" ဟု MDP ၏ ဒုဥက္ကဋ္ဌ နိုင်တင်အောင်ကဆိုသည်။

### ရှမ်းသတင်းဌာနလွှင့်ပြီ

တိုင်းရင်းသားသတင်းဌာနတစ်ခုဖြစ်သော ရှမ်းသံတော်ဆင့်သတင်းအေဂျင်စီက ရေဒီယိုအစီအစဉ်ကို တစ်ရက်လျှင် တစ်နာရီမျှ နိုင်ငံရေးမှ ဂီတအစီအစဉ်အထိ ထုတ်လွှင့်နေသည်ဟု သိရသည်။

ရှမ်းရေဒီယိုက ဩဂုတ်လ ၁၉ ရက်နေ့မှ စတင်၍ ရုံးဖွင့်ရက်များတွင် မနက် ၉နာရီမှ ညနေ၅နာရီအထိ ရှမ်းဘာသာဖြင့် ထုတ်လွှင့်နေသည်။ ဝက်ဆိုဒ်တွင် www.radio.panglong.org ကို ဖွင့်ကြည့်နိုင်ပြီဖြစ်သည်။ မိနစ် ၃၀ကြာသတင်းတင်ဆက်မှုအစီအစဉ် ၂ ခုပါပြီးစကားဝိုင်းအစီအစဉ်နှင့် လူ့အဖွဲ့အစည်းဆိုင်ရာစီမံကိန်းများ၊ အစီအစဉ်များပါရှိသည်။ အင်္ဂလိပ်၊ မြန်မာ၊ ရှမ်း၊ တရုတ်နှင့်ထိုင်းဘာသာများဖြင့် ထုတ်လွှင့်ရန် အစီအစဉ်လည်းရှိကြောင်း သိရသည်။



# လွှတ်တော် ဘယ်ကိုဦးတည်နေပြီလဲ

**မျိုးရန်နောင်သိန်း**

ဒီနေ့ ၂၅. ၈. ၂၀၁၃ အစိုးရထုတ် သတင်းစာများတွင် တွေ့လိုက်ရသည့် လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်နေစဉ်ကာလအတွင်းတွင် ခေတ္တဆိုင်းငံ့ထားရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည့် သတင်းကိုအကြောင်းပြုပြီး၍ဆောင်းပါးကို ရေးလိုက်ခြင်းဖြစ်ပါသည်။

၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲကို ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါဝင်ယှဉ်ပြိုင်အနိုင်ရခဲ့ပြီးမြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို နိုင်ငံတကာ က အသိအမှတ်ပြုခဲ့သည်။ လွှတ်တော်တွင်း ဒေါ်အောင်ဆန်းစုကြည် ပါဝင်လာသောအခါ လွှတ်တော်၏ဩဇာသည် အလွန်ကြီးမားလာခဲ့သည်။ ထိုကဲ့သို့ လွှတ်တော်၏ နိုင်ငံရေးဩဇာကြီးထွားလာမှုနှင့်အတူ လွှတ်တော်၏ဂုဏ်သိက္ခာမြင့်တက်ခဲ့ရသည်။ ထို့အတူ အောင်မြင်မှုများလည်းရရှိခဲ့သည်။ အထူးခြားဆုံး လွှတ်တော်၏ စွမ်းဆောင်အောင်နိုင်မှုမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖြုတ်ချနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုသို့ဖြုတ်ချခြင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မညီပါ။

ဤနေရာတွင် ရှင်းပြလိုသည်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် လုံးဝမတူကွဲပြားနေခြင်းပင်ဖြစ်သည်။အင်္ဂလန်နိုင်ငံ၏ နိုင်ငံရေးစနစ်တွင် ပြည်သူလူထုရွေးကောက် တင်မြှောက်ထားသည့် ပါလီမန်သည် အာဏာအပိုင်ဆုံး ဖြစ်သည်။ Parliamentary Sovereignty ဟုခေါ်ဆိုရမည့်ပုံစံဖြစ်သည်။ တချို့သော ပုဂ္ဂိုလ်များက မြန်မာနိုင်ငံတွင် ပြည်သူများ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်မှာ အာဏာပိုင်အချုပ်ဖြစ်သည်ဟု ဆိုကြသည်။ ထိုကဲ့သို့ ပြောဆိုကြခြင်းမှာ နိုင်ငံရေးသဘောတရား၊ ဒီမိုကရေစီ သဘောတရား၊ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောတရားစသည်တို့၏သဘောကို လေ့လာရန် လိုအပ်ပေမည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် အာဏာ၏အချုပ်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်သည်။ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေး အာဏာ အားလုံးမှာ အခြေခံဥပဒေ အောက်တွင် ရှိသည်။ အုပ်ချုပ်ရေး အာဏာပိုင် အစိုးရအဖွဲ့ အကြီးအကဲ သမ္မတနှင့်ဥပဒေပြုအဖွဲ့လွှတ်တော်တို့၏ လုပ်ဆောင်ချက်များအားလုံးသည်ဖွဲ့စည်းပုံ အခြေခံဥပဒေအရသာ ဖြစ်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ မရပေ။ ဖွဲ့စည်းပုံအခြေခံဥပဒနှင့် ကိုက်ညီခြင်းရှိမရှိကို ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံးကသာ ဆုံးဖြတ်ရသည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပေါ်ပေါက်လာသော နိုင်ငံရေး စနစ်တွင် သီအိုရီအရ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် အကျွရာအကျဆုံးဖြစ်ပေရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည်လည်းအလွန်အရေးပါခဲ့သည်။ ထို့ကြောင့်ပင် ဖွဲ့စည်းပုံအခြေခံခုံရုံးဥက္ကဋ္ဌ နေရာကို ဗိုလ်ချုပ်သိန်းစိုးကို ပေးခဲ့ခြင်းဖြစ်ဟု ထင်မြင်ယူဆစရာ ဖြစ်လာရသည်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေခုံရုံးကို လွှတ်တော်မှ ဖြုတ်ချလိုက်ခြင်းသည် သီအိုရီသဘောအရ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို မထိမဲ့မြင်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်များကို ချိုးဖောက်ဆန့်ကျင်ခြင်းဖြစ်၍ လုံးဝလက်ခံနိုင်စရာ မရှိပေ။ သို့သော် ၂၀၀၈ဖွဲ့စည်းပုံအခြေခံ ဥပဒေသည်ပြည်သူလူထုက ရေးဆွဲထားခြင်းမဟုတ်ဘဲ တပ်မတော်အစိုးရလက်ထက်က ရေးဆွဲထားခြင်းဖြစ်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေယိုင်နဲ့သွားခြင်းကို ပြည်သူလူထုက မကန့်ကွက်ဘဲ ကြိုဆိုခဲ့ကြခြင်း ဖြစ်သည်။ ထို့အပြင် လွှတ်တော်တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်နေ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်း၍ ပြုပြင်ပြောင်းလဲမှု ပြုလုပ်လိုသည်ဟုယူဆရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ နိုင်ငံရေး သဘာဝအရပြုပြင်ပြောင်းလဲမှုကိုဦးတည်သည်ဟု ယူဆရသဖြင့် မြန်မာပြည်ဒီမိုကရေစီအရေးကြိုးပမ်းလှုပ်ရှားနေသူအများစုက မကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

ယခုမူလွှတ်တော်၏လုပ်ရပ်များသည် တစ်စထက်တစ်စ ပို၍ လက်မခံနိုင်စရာ ဖြစ်လာခဲ့သည်။ လွှတ်တော်သည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် နိုင်ငံသားများ၏ အခွင့်အရေးများကို တစ်စနှင့်တစ်စ ဝင်ရောက်စွက်ဖက်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ထဲသို့မဝင်မီ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ (၂) ရက်နေ့တွင် သမ္မတဦးသိန်းစိန် လက်မှတ်ရေးထိုးထုတ်ပြန်လာခဲ့သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတွင် ပုဒ်မ(၁၈) မှာ နိုင်ငံသားများ၏ နိုင်ငံသားအခွင့်အရေးကို ချိုးဖောက်ထားသော ပြဋ္ဌာန်းချက်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ(၃၅၄) (ခ)အရ နိုင်ငံသားတိုင်းတွင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရရှိရမည်ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ လွှတ်တော်က ဥပဒေပြဋ္ဌာန်းခဲ့သည်။ မကြာခင် လွန်ခဲ့သောရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာခဲ့သော အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းသည်လည်း ၂၀၀၈ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၈)ပုဒ်မ(၃၅၄) (ဂ)ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်နေပြီး နိုင်ငံသားများ၏နိုင်ငံသားအခွင့်အရေးကိုစွက်ဖက်ရန်ဖြစ်သည်ဟုယူဆရမည်ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁) 'နိုင်ငံတော် အခြေခံမူများ အခန်းပုဒ်မ(၄)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်သည်ဟု ဖော်ပြထားသော်လည်း လွှတ်တော်၏လုပ်ဆောင်ချက်များသည် အချုပ်အခြာအာဏာကို နိုင်ငံသားများ ထံမှလုယူပြီး အသွင်ပြောင်းလဲနေသည့် ပုံစံဖြစ်နေသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ 'အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ လွတ်လပ်ခွင့်နှင့်တာဝန်များ ပုဒ်မ (၃၆၉)(ခ)တွင်သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှလွှတ်တော် ကိုယ်စားလှယ်ကိုဥပဒေနှင့်အညီတာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်'။ 'အခန်း (၉) ပုဒ်မ(၃၉၆) (ခ) တွင် 'သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော် ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံတင်ပြရမည်'။ ပုဒ်မ(၃၉၆) (ဂ) 'ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်'။ ပုဒ်မ(၃၉၆)(ဃ)တွင် 'စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်းချေပခွင့်ပေးရမည်'။ ပုဒ်မ(၃၉၆) (င)တွင် 'ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီဆောင်ရွက်ရမည်'ဟု ဆိုထားသဖြင့် မူလမဲဆန္ဒရှင် ပြည်သူများဖြစ်ကြသည့် နိုင်ငံသားများသည် အချုပ်အခြာအာဏာ၏ မူလ ပိုင်ရှင်များဖြစ်သည့်အချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထပ်လောင်းခိုင်မာစေခြင်းဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ မူလအခွင့်အရေးပင်ဖြစ်သည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများကရေးဆွဲထားခြင်းမဟုတ်ဘဲ ယခင် စစ်အစိုးရလက်ထက်က ရေးဆွဲထားခြင်းဖြစ်သဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကိုးကားပြောဆိုနေခြင်းကို ကြိုက်နှစ်သက်ကြမည် မဟုတ်ပေ။ သို့သော် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည်လက်ရှိတည်ဆဲအခြေခံဥပဒေ ဖြစ်ပါသည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေ အရပင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည်



ရွေးကောက်ပွဲဝင်ခဲ့ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်ကို စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်ပါက ဒီမိုကရက်တစ်စံချိန်စံညွှန်းများနှင့် မကိုက်ညီသည့်အချက်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အစုအဖွဲ့တစ်ခုကမိမိအကျိုးစီးပွားအတွက်လိုသလို ပြုလုပ်ပြီး အသုံးချနေခြင်းကို လက်ခံနိုင်စရာမရှိဟုထင်မြင်မိပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်သုံးသပ်ရေး ကော်မတီ ဖွဲ့စည်းခဲ့စဉ်က ပြည်သူ့အကျိုးအတွက် ပြည်သူ့ဆန္ဒနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ယူဆခဲ့ပါသည်။ ယခုမူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး ကော်မတီကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းခြင်းသည် ပြည်သူ့အကျိုးစီးပွား အတွက် ပြင်ဆင်လိုခြင်း ဟုတ် မဟုတ်၊ ၂၀၀၈ ဖွဲ့စည်းပုံအရ ပြည်သူလူထုက ရရှိထားသော နိုင်ငံသား အခွင့်အရေး အများကို စွက်ဖက်လိုသောအချက်များ ကို ပြင်ဆင်ရန် ကြိုးပမ်းဖွဲ့စည်း ခဲ့ခြင်းဟု ယူဆရတော့မလိုဖြစ်လာသည်။

ယခုအချိန်တွင် ပြည်သူများက ဒီမိုကရေစီအပြောင်းအလဲကို အလွန်မျှော်လင့်နေခြင်းဖြစ်ပါသည်။ ပြည်သူများ၏ မျှော်လင့်ချက်ကို အကောင်အထည်ဖော်ပေးရန် လက်ရှိအုပ်ချုပ်ရေး အာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေး အာဏာပိုင်များတွင် တာဝန်ရှိပါသည်။ ပြည်သူလူထုအုပ်ချုပ်ရေးစနစ် သို့မဟုတ် ဒီမိုကရေစီ၏ သဘောသဘာဝကို ဆန့်ကျင်သော ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော် ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ် သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆိုင်းငံ့ထားခြင်းသည် လုံးဝလက်ခံနိုင်စရာအကြောင်းမရှိဟု ထင်မြင်မိပါသည်။ ပြည်သူလူထု၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မျက်ကွယ်ပြုရာရောက်နေပါသည်။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က၆. ၁၁. ၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ထိုဥပဒေကြမ်းကို ယခု တစ်နှစ်နီးပါးကြာသည့်အထိလွှတ်တော်မှမည်သို့တုံ့ပြန်ခြင်းမရှိခဲ့ပါ။ ထိုသို့အချုပ်အခြာအာဏာပိုင်ဖြစ်သည့်ပြည်သူများ၏ အခွင့်အရေးအတွက် တင်သွင်းလာသော ဥပဒေကြမ်းကို မျက်ကွယ်ပြုထားခြင်းသည် ဒီမိုကရေစီ စံချိန်စံနှုန်းများကို ချိုးဖောက်ခြင်းဖြစ်သည်။ မလွှဲမရှောင်သာ၍ ထိုဥပဒေကြမ်းကို လွှတ်တော်တင်သွင်းလာခြင်းနှင့်ပတ်သက်၍ လွှတ်တော်က ရှင်းပြသည့်အခါ အကြောင်းအမျိုးမျိုးပြ၍ ဥပဒေအဖြစ် မပြဋ္ဌာန်းသင့်သေးကြောင်း ဆွေးနွေးလာခဲ့ပါသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူက အလုပ်ရှင်ဖြစ်ပြီး အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့်တရားစီရင်ရေးအာဏာပိုင်အဖွဲ့တို့မှာ အလုပ်သမားများ ဖြစ်ကြသည်။ အလုပ်ရှင်က အလုပ်သမားကို ဥပဒေနှင့်အညီ အလုပ်မှထုတ်ပယ်ခွင့် ရှိရမည်ဖြစ်သည်။ အလုပ်သမားဖြစ်သောလွှတ်တော်ကအလုပ်ရှင်ဖြစ်သော ပြည်သူ၏အခွင့်အရေးကိုစွက်ဖက်နေခြင်းသည် ဒီမိုကရေစီစံချိန်စံနှုန်းများနှင့် ဆန့်ကျင်နေသည်။ ထို့ကြောင့် လွှတ်တော် ဘယ်ကို ဦးတည်နေပြီလဲဟု သတိကြီးစွာဖြင့် စောင့်ကြည့်နေရမည် ဖြစ်သည်။ လိုအပ်ပါက အချုပ်အခြာအာဏာပိုင် ပြည်သူများက နိုင်ငံတော် အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နောက်ကြောင်းပြန်သွားလိုသော အာဏာရှင်များကို ဖယ်ရှားကြရမည်ဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။

■

The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep, 2013



# ရုပ်ရှင်အစည်းအရုံးအားဆန္ဒထုတ်ဖော် အာဏာရှင်မဆန်ရေး တောင်းဆို

မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးအား တရားဝင်ခွင့်ပြုချက်ဖြင့် ဆန္ဒပြမှုတစ်ရပ် ဩဂုတ်လ (၂၄)ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံလမ်း၊ မဟာဗန္ဓုလပန်းခြံရှေ့၌ ပြုလုပ် သွားခဲ့သည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံး၏ လုပ်ဆောင်မှုများအပေါ် လက်မခံနိုင်သဖြင့် ထုတ်လုပ်သူ၊ ဖြန့်ချိသူ၊ အခွေငှားဆိုင်၊ ဒါရိုက် တာ၊သရုပ်ဆောင်စသည့် အလွှာ များမှ (တချို့)က ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကာ အာဏာရှင်ဆန် သောလုပ်ရပ်များကို ရှုတ်ချခဲ့သည်။

အရပ်သားအစိုးရလက်ထက် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ (၂) ယောက် (ဦးဇင်ပိုင်းနှင့်ဦးလူမင်း) ပြောင်းခဲ့ရာ မာန်ထက်ချီကုမ္ပဏီ နှင့် ဇမ္ဗူတလူတို့ကို ပိတ်ခြင်း၊ ယခုဒါရိုက်တာညွန့်မြန်မာညီညီအောင်အား ပိတ်ခြင်းတို့ဖြစ်ပေါ် ခဲ့ပြီး ဗီဒီယိုဖြန့်ချိမှုများနှင့် ပတ်သက်၍လည်း မကျေလည်မှုများ ရှိခဲ့ရာမှ ယခုကဲ့သို့ ဆန္ဒပြမှုဖြစ် ပေါ်ခဲ့ခြင်းဖြစ်၏။

မြန်မာ့ရုပ်ရှင်သမိုင်းမှာ မှတ်တမ်းဖြစ်ကြောင်း၊ နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်အရ ဆန္ဒဖော်ထုတ်ခြင်းကို အပြစ်မမြင်ပါကြောင်း ဥက္ကဋ္ဌဦး လူမင်းက ပြောသည်။




မင်းပြားမြို့မှ ရခိုင်ဆရာကြီး



ဦးခိုင်ဆန်းလင်း

အကြားအမြင်အင်္ဂဝိဇ္ဇာ ဝမ်းတွင်းပါ အတတ်ပညာဖြင့် တိကျမှန်ကန်စွာ ဟောကြားပေးသည်။ ယတြာ အထူးပြုလုပ်ပေးသည်။

နေ့စဉ် နံနက်(၉)နာရီမှ (၃)နာရီထိ (လပြည့်၊ လကွယ် ဟောခန်းပိတ်သည်။)

မြောက်ဒဂုံ (မြောက်ပိုင်း)၊ ၅၁ရပ်ကွက်၊ အောင်သစ္စာလမ်း၊ သပြေခြံ

(သဲကွင်းစက်လှေဆိပ်အနီးကမ်းနားလမ်း)

ဖုန်း- ၀၉ ၄၂၁၀၄၀၃၆၇



## ဒါရိုက်တာတစ်ဦးအား ရိုက်ခွင့် (၃) လပိတ်တာ အစည်းအရုံးပါဟု ဇာဂနာပြော

ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးသည့် 'မမပြီး ပြီးစမ်းပါ'ဇာတ်ကားနှင့် ဇာတ်လမ်းချင်းဆင်တူနေခြင်းကြောင့် 'နှလုံးသား ပေါ် ကြွေသည့်ကြယ်'ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာညွန့်မြန်မာညီညီအောင်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရိုက်ကူးခွင့် (၃)လပိတ်လိုက်ခြင်းအပေါ် ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။

ညွန့်မြန်မာညီညီအောင်သည် အဆိုပါဇာတ်လမ်းအား ယခင်အစိုးရလက်ထက်က တစ်ကြိမ်ရိုက်ကူးခဲ့ဖူးသော်လည်း နိုင်ငံရေးအခြေအနေအရ ဇာတ်လမ်း ပိုင်ရှင်မှာ ဦးမင်းကိုနိုင်ဟူ၍မသိခဲ့ဘဲဇာဂနာ၏ ကူညီမှုဖြင့် ရိုက်ကူးခဲ့သည်။ ဒုတိယအကြိမ်ပြန်လည်ရိုက်ကူးရာ ဦးမင်းကိုနိုင်ထံမှ ခွင့်ပြုချက်ဖြင့် ရိုက်ကူးခဲ့သော မမပြီး ပြီးစမ်းပါနှင့် ဇာတ်လမ်းတူခြင်းဖြစ်ရသည်။ ဒါရိုက်တာညီညီအောင် ဘက်မှပေါ့လျော့မှုရှိသည်မှန်သော်လည်း ရုပ်ရှင်အစည်းအရုံးအနေဖြင့် ကြားဝင်အပြစ်ပေး၍မရကြောင်း၊ NGO တစ်ခုက အပြစ်ပေးခြင်းမျိုး မပြုသင့်ကြောင်း၊ အာဏာရှင်ဆန်ကြောင်း၊ ပြစ်မှုပြစ်ဒဏ်မမျှကြောင်း စသည်ဖြင့် ရုပ်ရှင်လောကမှ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းသမား (တချို့)က ၎င်းတို့၏အမည်ထုတ်ဖော်၍ စာမျက်နှာများမှလည်းကောင်း၊ ဖေ့ဘွတ်ပေါ်မှလည်း ကောင်းဝေဖန်သမှုပြုခဲ့ကြသည်။

ဧရာဝတီမဂ္ဂဇင်း ဝက်ဘ်ဆိုဒ်တွင် အဆိုပါပိတ်ပင်မှုဖြစ်ရပ်အပေါ် ဇာဂနာက 'ဒီလို ပိတ်တာဆို့တာအရှုံ မှန်းဆုံးပဲ။ ပိတ်တာ (ပြိတ္တာ) အစည်းအရုံးဖြစ်နေပြီ။ ဒီစနစ်မကြိုက်လို့ ကျွန်တော်ကိုယ်တိုင် တိုက်ခဲ့ပါတယ်။ ဘီလူးသတ်တဲ့မင်းသားက ဘီလူးဖြစ်သွားတာကိုးဗျာ'ဟု ဖြေကြားခဲ့ကြောင်း ဖတ်ရှုရသည်။

**သိမ်ကြီးဈေးက နိုက်ကလပ်မိုးလင်းအထိ ဆူဆူညံ**

'နားတစ်ရာခင်ဗျား။ ကျွန်တော်က ဗန္ဓုလလမ်းမကြီးပေါ်ကသိမ်ကြီးဈေးအနီးမှာ နေထိုင်သူတစ်ဦးပါ'

'ဟုတ်ကဲ့။ ဘာများပြောချင်ပါလဲ'

'သိမ်ကြီးဈေးက Cafa ဆိုတဲ့ နိုက်ကလပ်ဟာ တစ်ညလုံးလည်းဆူညံတဲ့အပြင် နံနက် (၅) နာရီလောက်ဆိုရင် ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်အောင် ကိုဆိုးဝါးနေပါတယ်'

'ခင်ဗျား သက်ဆိုင်ရာကို အကြောင်းမကြားဘူးလား'

'ကြားတာမှ စာနဲ့ရော၊ ဆိုင်ရာရဲစခန်းကို လူကိုယ်တိုင်ရောဘာမှ မထူးလို့ ခင်ဗျားဆီဖုန်းဆက်တာ'

'ကျွန်တော့်ဆီ ဖုန်းဆက်လည်း ထူးချင်မှ ထူးမှာပေါ့ဗျ။ နေပါဦး။ နိုက်ကလပ်ရယ်လို့ လိုင်စင်တစ်ခုမှ ချပေးမထားပါဘူးလို့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ရန်ကုန်တိုင်းအစိုးရတာဝန်ရှိသူတစ်ဦးပြောဖူးပါတယ်။ အေးလေ၊ တစ်ခုခုတော့ လွဲနေလို့ပေါ့။ အခုလည်း ကျောင်းသားလူငယ်တွေ အကျင့်စာရိတ္တမပျက်စီးစေဖို့ ရန်ကုန်တိုင်းမှာ ဒေသန္တရအမိန့်ထုတ်ပြန်ပြီး Party တွေကို တားမြစ်အရေးယူနေပါတယ်။ ခင်ဗျားပြောတဲ့ နိုက်ကလပ်တွေလည်း အရေးယူလိမ့်မယ်ထင်ပါရဲ့'

***

**ရွှေပြည်သာမှာ ဆောက်တဲ့တိုက်စည်ပင်သိ၊ မသိ**

'ကျွန်တော်ရွှေပြည်သာက ဆက်တာပါ။ ရွှေပြည်သာအမှတ်၄ လမ်းမကြီး ဒညင်းကုန်းလမ်းဆုံက (၂) မှတ်တိုင်အကွာလောက်မှာ ဦးထွန်းဝေကားဘော်ဒီရုံရှိပါတယ်။ အဲဒီကားဘော်ဒီရုံရဲ့ နံဘေးမှာ စည်ပင်ခွင့်ပြုချက်မရှိဘဲ (၃) ထပ်တိုက်အဆောက်အအုံတစ်လုံးဆောက်လုပ်နေပါတယ်။ စည်ပင်ခွင့်ပြုရင်ခွင့်ပြုမိန့်ဆိုင်းဘုတ်ကိုအများမြင်သာအောင်ထောင်ရမှာလေ။ စည်ပင်ကို အဲဒီကိစ္စတိုင်တာလည်း (၂) ခါရှိပြီ။ အရေးမယူပါဘူး။ အရေးမယူပေမဲ့လည်း စည်ပင်တွေကတော့ အဲဒီဆောက်လုပ်ဆဲတိုက်ဆီလာနေတာကိုလည်း တွေ့နေရတယ်။ ကျွန်တော်တော့နားမလည်တော့ဘူးဗျာ'

'ခင်ဗျားတောင် အဲဒီနားနေပြီး နားမလည်မှတော့ ကျွန်တော်မျိုးနားတစ်ရာလေးပိုလို့ပိုလို့ဆိုးပေါ့ခင်ဗျာ'

***

**မြေနီကုန်းရေသန့်လုပ်ငန်းတိုင်ကြားသော်လည်း ကျားနေမြဲ**

'ကျွန်တော်မြေနီကုန်းကဆက်တာပါ။ ဖြစ်ရပ်က ဒီလိုပါခင်ဗျ။ မြေနီကုန်းတောင်၊ ဦးဝိစာရလမ်းသွယ်၊ မြေနီခြံမှာ ရေသန့်လုပ်ငန်းတစ်ခုရှိပါတယ်။ ရေသန့်ဘူးတွေ တင်တဲ့ချတဲ့အသံတွေ တဘုန်းဘုန်းဆူညံသံတွေဟာ တစ်နေ့လုံးအပြင် ည (၉) နာရီ (၁၀) နာရီဝန်းကျင်အထိ ပတ်ဝန်းကျင်မခံနိုင်အောင်ဖြစ်နေပါတယ်'

'ဟုတ်ကဲ့။ အဲဒါ သက်ဆိုင်ရာဌာနကို မပြောဘူးလား'

'ပြောပါ့ခင်ဗျား။ ရပ်ကွက်ထဲက လူတွေ လက်မှတ်ရေးထိုးပြီးအထက်အဖွဲ့အစည်းအဆင့်ဆင့်ကိုလည်း တိုင်တယ်။ မြို့နယ်ကိုလည်း တိုင်တယ်။ တာဝန်ရှိသူတချို့အဲဒီရေသန့်ကို ဝင်ထွက်သွားလာနေပေမဲ့လည်း တခြားဘာမှ မထူးခြားဘူး'

'ဘာဖြစ်လို့ အဲဒီလိုဖြစ်နေရတာလဲဆိုတာ သွားမမေးဘူးလား'

'မေးတာပေါ့ဗျ။ မြို့နယ်စည်ပင်ကို သွားမေးတာပေါ့။ အထက်ကိုတင်ထားတယ်။ ပြန်ကျမလာသေးလို့ဆိုပြီးပြောတယ်'

'သည်းခံပါဗျာ။ သူ့ခမျာလည်း အထက်က ပြောမှဆိုမှ ညွှန်မှကြားမှ လုပ်တတ်ကိုင်တတ်လို့နေမှာပေါ့'

***

**အင်းစိန်က ကျောင်းဆရာမကျူရှင်နဲ့ကျောင်းခွဲခြား**

'နားတစ်ရာလား။ ကျွန်မက အနုပညာဂျာနယ်တစ်စောင်ရဲ့ တာဝန်ခံအယ်ဒီတာပါရှင်။ အကူအညီတစ်ခုတောင်းချင်လို့'

'ပြောဗျာ။ အချင်းချင်းပေမဲ့လည်း ခင်ဗျားမှန်ဖို့တော့လိုတယ်နော်'

'စိတ်ချပါ။ ကျွန်မ တူလေးကို တစ်ရက်ကျောင်းလိုက်ပို့တယ်။ ပို့ရတဲ့အကြောင်းက သူ့ကျောင်းစာအုပ်တွေထဲမှာ ဘာစာမှ မတွေ့ရလို့ပါ။ အဲဒါနဲ့ အတန်းပိုင်ဆရာမနဲ့ တွေ့ရအောင်လိုက်သွားတာ'

'ခင်ဗျား တူလေးက ဘယ်နှတန်းလဲ။ ဘယ်ကျောင်းလဲ'

'၄ တန်းပါ။ အင်းစိန်မြို့နယ်မှာ။ အဲဒီကျောင်းတက်ခွင့်ရရင်ကိုပဲ ဂုဏ်ယူကြတဲ့ကျောင်းပေါ့'

'သိပြီဗျာ။ ဗဟိုကျောင်းပေါ့'

'ကျောင်းဝမှာတင် တာဝန်ကျဆရာမက သူ့အတန်းပိုင်ဖြစ်နေတယ်။ ဘာလုပ်မလို့လဲ ဘယ်သွားမလို့လဲစတဲ့ ကျောင်းသား မိဘအပေါ် ဟောက်ဟောက်ရမ်းရမ်း ပြောတာတွေ နားတစ်ရာဆီ ပြောချင်တာ မဟုတ်ဘူး။ အဲဒါ ကျွန်မသည်းခံနိုင်တယ်။ သည်းမခံနိုင်တာကတော့ကလေးမှတ်စု စာအုပ်ထဲမှာ စာတွေလိုက် မရေးဘူးဆိုတော့ သူမှာစာအုပ်လာမထပ်ဘဲ၊ ဘယ်သိမလဲလို့ ဖြေတယ်။ စာအုပ်ထပ်မထပ် ဆရာမတို့ စိစစ်ရမှာပေါ့ ပြောတော့ အဲဒီကိစ္စ ကျူရှင်မှာလာပြောတဲ့။ ကျောင်းမှာ မပြောနဲ့တဲ့။ ကျွန်မ တူက အဲဒီဆရာမ ဆီမှာကျူရှင်၊ ကျောင်းမခွဲခြားဘဲ တန်းတူစိစစ်ရမှာ သူတို့တာဝန်မဟုတ်လား။ သူတို့ဆီ ကျူရှင်မတက်တဲ့ကလေးဆို ဘယ့်နှယ်လုပ်မလဲ။ ရေးပေးပါရှင်'

**ပဲခူးတိုင်းက အုပ်ချုပ်ရေးမှူးပိုက်ဆံပေးမှ လက်မှတ်ထိုး**

'ပဲခူးတိုင်းဒေသကြီး၊ လသာအေးကျေးရွာက အုပ်ချုပ်ရေးမှူးက ခြံမြေတွေအရောင်းအဝယ်လုပ်ရင်အရောင်းအဝယ်ဖြစ်တဲ့ ငွေကြေးရဲ့ ၂ ရာခိုင်နှုန်းပေးမှ အသိသက်သေအဖြစ်လက်မှတ်ထိုးပေးပါတယ်။ ဥပမာသိန်း (၁၀၀) ဆိုရင်သူ့ကို (၂) သိန်းပေးရတယ်။ မပေးရင်လက်မှတ်ထိုးမပေးဘူးရှင့်'

'သူထိုးမပေးလည်း နေပေါ့ဗျာ။ တခြားဂုဏ်သရေရှိအိုးပိုင်အိမ်ပိုင်ကို သက်သေထိုးခိုင်းပေါ့။ စာချုပ်စာတမ်းသာအစိုးရထုတ်၊ အခွန်တံဆိပ်ခေါင်းနဲ့ ဥပဒေအတိုင်းဖြစ်ပါစေ'







**သုခမိန်ကြီးခင်ဗျား။** ခုတလော အနုပညာလောကမှာ အကြွေအလွင့်များ လှချည်လား။ ကိုလိုနီခေတ်ကစပြီး ပါလီမန်ခေတ်၊ မဆလခေတ်၊ စစ်အစိုးရခေတ်၊ အခုဒီမိုကရေစီအကူးအပြောင်းကာလ အထိခေတ်စုံဖြတ်သန်းခဲ့တဲ့ ဆရာကြီး ဒဂုန်တာရာကွယ်လွန်သွားတာကိုတော့ အတော်စိတ်မကောင်းဖြစ်ရပါတယ်။ ဒါထက် မေးပါရစေ။ ဆရာဒဂုန်တာရာရဲ့ ကလောင်အမည်ကိုတောင်မှ ငွေမင်သုတ်၊ အနက်နင်းဖြဲခဲ့ဆုတ်ခဲ့သူတွေက ခုကျတော့လည်း သဝဏ်လွှာပို့သူပို့၊ ဝမ်းနည်းသူ ဝမ်းနည်း၊ ကူငွေထည့်သူထည့်နဲ့ ဘယ်လိုနားလည်ရမှာလဲဟင်။

*အောင်ပန်းက မောင်ချမ်း။*

**မောင်ချမ်းရေ–** အဲဒါကဲ့ရဲ့ရမှာ မဟုတ် ပါဘူး။ အတုယူရမှာဖြစ်ပါတယ်။ မူမတူ ရင်ရန်သူ၊ မူတူရင် မိတ်ဆွေလို ကျင့်သုံးနိုင်အောင် သူတို့ခမျာ (၂၅) နှစ်လောက် လေ့ကျင့်ခဲ့ရတာ။ လွယ်မှတ်နေသလား။

***ကျွန်တော်တို့တိုင်းပြည်ဟာ သဘာဝကအမွေပေးထားတဲ့ သယံဇာတတွေကို အခုလို လွယ်လွယ်ထုတ်ယူသုံးစွဲနေတာကြာရင် ဘာဖြစ်သွားမလဲဟင်။**

**စိုးစံဝင်း၊ သာကေတ**

ပညာလည်းမတတ်၊ အပျင်းလည်းထူတဲ့ကုဋေ(၈၀)သူဌေးသားလည်း မိဘထားခဲ့တဲ့အမွေတွေလည်းကုန်ရော ခွက်လက်တောင်းစားရတဲ့ဘဝရောက်တာပဲလေ။ သယံဇာတတွေကုန်သွားရင်တော့ ဗိုလ်ချုပ်ပြောတဲ့ ဟိုနိုင်ငံဘဝ ရောက်ကြတာပေါ့ကွယ်။

***ဝန်ကြီးဌာနတစ်ခုက ပုဂ္ဂိုလ်တစ်ဦးတည်း ဆီကနေရရန် ကြွေးကျပ်သန်းပေါင်း (၂) သောင်းနီးနီးရှိနေတာ နိုင်ငံပိုင်သတင်းစာထဲ ဖတ်လိုက်ရတယ်။ အားကျလိုက်တာဗျာ။ နိုင်ငံတော်မှာ အဲဒီလောက်အကြွေး ခံခွင့်ရတဲ့လူဟာ အတော်ကံကောင်းတာပဲ။**

*မောင်ဝင်းအောင်၊ ယုဇန*

သူ့ခမျာ ကြွေးမဆပ်နိုင်လို့ သံတိုင်နောက်ရောက်သွားရင်ကော အားကျဦးမှာလားဟင်။

***လွှတ်တော်အသံပြည်သူ့အသံ၊ လွှတ်တော်ဆန္ဒပြည်သူ့ဆန္ဒဆို။ လွှတ်တော်ထဲမှာ ပြည်သူတွေတကယ်ခံစားနေရတာတွေဘာလို့မပြောကြတာလဲဟင်။**

*မောင်ရွှေထူး၊ ကန်တော်လေး*

မောင်ရွှေထူးလေးရေ။ လိုက်ဆို။ မြန်မာ့အားကစားကမ္ဘာကို လွှမ်းရမည်။

***လာဘ်ပေးလာဘ်ယူတာတွေမလုပ်ဖို့၊ အဂတိလိုက်စားတာတွေ မလုပ်ဖို့ မကြာသေးခင်ကဘဲ သမ္မတကြီးက နေပြည်တော်မှာ ပြောသွားသေးတယ်။ ဒါပေမဲ့ ပေးမှ အဆင်ပြေတယ်။ မပေးရင်အဆင်မချောဘူး။ အဲဒါလုပ်ပါဦး။**

*မောင်တုန်၊ ရန်ကုန်*

ရန်ကုန်က မောင်တုန်ရေ။ သမ္မတကြီးက နေပြည်တော်မှာ ပြောတာလေ။ မောင်ရင်နဲ့ ဘာဆိုင်လို့တုန်း။

## သံဘီးတပ်လှည်းတွေကြောင့် ကားလမ်းတွေပျက်ရတာဟု ဒုတိယဝန်ကြီးပြောပြီ

ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ဩဂုတ်(၂၃)ရက်ကကျင်းပရာ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်က ကား လမ်းများသက်တမ်းမစေ့မီ ပျက်စီးမှုမရှိရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းကိုမေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့်ပတ်သက်ပြီးဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးစိုးတင့်က မော်တော်ယာဉ်များ သွားလာရန် ဆောင်ရွက်ထားသည့်လမ်းများပေါ်တွင် သံဘီးတပ်ထားသော ကျွဲ၊ နွားလှည်းများမောင်းနှင်မှုကြောင့် မော်တော်ကားလမ်းများသက်တမ်း မစေ့မီပျက်စီးရကြောင်း၊ သံဘီးတပ်လှည်းများ ကတ္တရာလမ်းမကြီးပေါ်တွင်မောင်းနှင်ခြင်းမပြုရန် ဥပဒေဖြင့် တားမြစ်ထားကြောင်း၊ မဖြစ်မနေဖြတ်သန်း သွားရမည်ဆိုပါက သံဘီးများအစား မော်တော်ကားတာယာများ ပြောင်းလဲတပ်ဆင် အသုံးပြုရေး၊ ရာဘာတာယာဘီးများထပ်ပိုးပြီး တပ်ဆင်အသုံးပြုရေးတို့ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြေကြားခဲ့သည်။

ရန်ကုန်မြို့တွင်းရှိ လမ်းများသည် သံဘီးတပ်လှည်းများတက်ရောက်မောင်းနှင်ခြင်း မရှိသော်လည်းကားလမ်းများမှာ သက်တမ်း မစေ့မီ ပျက်စီးနေရပြီး နိုင်ငံ့ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု ဖြစ်ပေါ်နေရသည်မှာ ဘာကြောင့်လဲဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌မေးခွန်းအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကမေးသင့်ကြောင်း နိုင်ငံရေးလေ့လာသူတစ်ဦးက ပြောကြားသည်။ HNT

နားတစ်ရာ ဖော်ကောင်လုပ်သည် ဖော်ချင်သူများ ဆက်သွယ်ကြပါ။
ဖုန်း၀၁- ၇၀၃၃၁၇၊ ၀၁- ၅၀၄၂၉၃၊ ၀၉- ၄၂၁၁၅၁၁၁၀

Vol - 4, No - 155, 30 Aug 5 Sep, 2013

# တူသောအကျိုး ပေးတတ်ပါသည်



**မဟုတ်တာလုပ်ထားရင်လုပ်တဲ့လူရယ် အလုပ်ခံရတဲ့လူရယ် အသိဆုံးပဲ။ ဒီတော့မဟုတ်တာလုပ်ထားတဲ့လူဟာအမြဲလိပ်ပြာခြောက်နေမယ်၊**

**မအေးဆေး**

ကံ ကံ၏အကျိုးအတိုင်းမိမိပြုခဲ့သောအကုသိုလ်၊ကုသိုလ်ကံတို့သည်သာလျှင်လားရာဂတိအမှန်ကိုဖန်တီးပေးနိုင်ပါလိမ့်မည်။မကောင်းတာတွေလုပ်ရင်မကောင်းတာတွေကြုံတွေ့လာမယ်။မကောင်းကျိုးတွေခံစားလာရမယ်။သက်ရောက်မှုတိုင်းဟာယင်းနဲ့တူညီသောတန်ပြန်သက်ရောက်မှုရှိစမြဲပါ။မင်းလုပ်တဲ့ကောင်းမှုတိုင်းဟာတစ်နေ့ကျရင်မင်းဆီကိုကောင်းတဲ့အကျိုးဆောင်လာလိမ့်မယ်။လုပ်သမျှမကောင်းမှုဟာလည်းမကောင်းတဲ့အကျိုးမင်းဆီပြန်သယ်လာမှာပဲ။

ကျွန်မဟာအခုလိုကံ-ကံ၏အကျိုး၊ကုသိုလ်ကံအကုသိုလ်ကံတွေနဲ့စပြီးကျွန်မဆောင်းပါးကိုအစပျိုးရတာကတော့အကြောင်းရှိလို့ပါ။မကြာသေးခင်ကကျွန်မစုထားတဲ့ ပိုက်ဆံအနည်းအကျဉ်းကိုဘဏ်မှာသွားအပ်တယ်။ဘယ်ဘဏ်ဆိုတာကိုတော့မ ပြောလိုတော့ပါဘူး။ဘာကြောင့်လဲဆို တော့ကျွန်မကို မဟုတ်တာလုပ်လိုက်တဲ့ ဘဏ်စာရေးကိုမထိခိုက်စေချင်လို့ပါ။သူ ကစေတနာမပါပေမဲ့ကျွန်မကတော့ တိုင်လား၊တောလား မလုပ်ရက်ပါဘူး။သူ့မှာမိသားစုရှိမယ်၊မိဘတွေကိုလုပ်ကျွေးနေတာဖြစ်ချင်ဖြစ်မယ်၊ကျွန်မမလုပ်ရက်ဘူး။ကျောင်းနေတဲ့ကလေးတွေရှိချင်ရှိမယ်၊အမေအို အဖေအိုရှိချင်ရှိမယ်။လူတစ်ယောက်မကောင်းတာနဲ့တစ်နွယ်ငင်တစ် စင်ပါထိခိုက်နစ်နာသွားမှာကျွန်မစိုးရိမ်တယ်။ဘာမဟုတ်တဲ့ပိုက်ဆံကလေးကိုမရိုးမသားလုပ်လိုက်တာကိုပဲသတိပေးရုံသက်သက်ပါပဲ။

ဘဏ်ကိုပိုက်ဆံအပ်မယ်ဆိုရင်ဘဏ်စာရေးကကျွန်မအပ်မယ့်ပိုက်ဆံကိုတစ်ရွက်ချင်းစစ်မယ်ဆိုတာကျွန်မသိတာပေါ့။ဘဏ်မှာအပ်မယ့်ပိုက်ဆံထဲမှာမဟုတ်မဟပ်လုပ်မထားဘူးဆိုတာကျွန်မကိုယ်တိုင်ကျွန်မအာမခံရဲတယ်။ဘဏ်ကိုအပ်မယ့်ပိုက်ဆံကိုကျွန်မကအိမ်မှာအထပ်ထပ်စစ်ပြီးမှအပ်တာ။ဒါငွေရေးကြေးရေးမဟုတ်လား၊တစ်ဖက်သားကိုများများယွင်းယွင်းလုပ်မိမှာအရမ်းစိုးရိမ်တာ၊တစ်အောင့်ကြာတော့သူကကျွန်မကိုခေါ်ပြီးအန်တီ့ ၅ သိန်းအထုပ်ကသုံးသောင်းလျော့နေတယ်၊နောက်တစ်သောင်အခေါက်ကလေးကလည်း ၂ဝ တန်တွေနဲ့ ၂ဝဝ/တန်တွေထည့်ထားတယ်တဲ့။ကျွန်မကိုသူကပြတော့ကျွန်မတော်တော်အံ့အားသင့်သွားတယ်။ ၂ဝ တန်တွေ ၂ဝဝတန်တွေတစ်သောင်းလုပ်ထားတာရယ်၊သုံးသောင်းလျော့နေတယ်ဆိုတာရယ်၊အားလုံးလေးသောင်းကျွန်မထုတ်ပေးလိုက်တယ်။ကျွန်မနည်းနည်းတော့ဒေါသထွက်မိတယ်၊ဒါပေမဲ့လို့အောက်တန်းကျတဲ့လူနဲ့ဖက်မပြိုင်းတော့ပါဘူး။ကျွန်မကကိုယ့်ကိုယ်ကိုယ်အသိဆုံးပေါ့။ဒီလိုအောက် တန်းကျတဲ့အလုပ်ဘယ်တော့မှကျွန်မမလုပ်ဘူး။ကျွန်မရဲ့လုပ်ရပ်ဟာသူများကိုလည်းဒုက္ခမပေးဘူး။ငွေလေးသောင်း ဆိုတာဘာမှမဟုတ်တဲ့ပိုက်ဆံ။သူဘယ်လို လူစားလဲဆိုတာကျွန်မသိလိုက်တာပေါ့။

ဘယ်အလုပ်ပဲလုပ်လုပ်အဲဒီအလုပ်ဟာမိမိကိုထိခိုက်မလား၊သို့မဟုတ်သူတစ်ပါးကိုထိခိုက်မလား၊သို့မဟုတ်နှစ်ဦးလုံးကိုထိခိုက်မလား၊ဆိုတဲ့အကြောင်းကိုကြည့်ရှုရလိမ့်မယ်။အကယ်၍မိမိကိုဖြစ်စေ၊သူတစ်ပါးကိုဖြစ်စေ၊သို့မဟုတ်နှစ်ဦးလုံးကိုဖြစ်စေထိခိုက်မယ်ဆိုရင်အဲဒီအလုပ်ဟာမှားသောအလုပ်ဖြစ်တယ်။စိတ်ပူပန်မှုစိတ်ဆင်းရဲမှုကိုဖြစ်စေတတ်သောကြောင့်ဒီအလုပ်ဟာမလုပ်သင့်ဘူး။

လူ့တန်ဖိုးဆိုတာ၊လူကောင်းသူကောင်းဖြစ်ဖို့-မခိုးမဝှက်၊သူများကိုတစ်ပတ်မရိုက်၊မှန်မှန်ကန်ကန်လုပ်ကိုင်စားသောက်ဖို့ပေါ့။လူနဲ့လူ့ပတ်ဝန်းကျင်ကိုကောင်းကျိုးပြုဖို့ဆိုရာမှာလည်း၊ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုး၊ကိုယ့်ကမ္ဘာကြီးအတွက်ကောင်းကျိုးပြုဖို့ပေါ့။ကိုယ့်ထမင်းကိုယ်ရှာစားသူများကိုဒုက္ခမပေးဖို့၊အဲဒီသုံးချက်ကိုလိုက်နာဖြည့်ဆည်းပြီးနေထိုင်တဲ့လူတွေကိုလူအောင်မြင်တွေ၊လူ့တန်ဖိုးရှိတွေလို့သတ်မှတ်ရမယ်။

ကိုယ်လုပ်ပေးရမယ့်လုပ်ငန်းတစ်ခုကိုရိုးရိုးသားသားစင်စင်ကြယ်ကြယ်ကလေးလုပ်ပေးလိုက်ရင်တစ်ဖက်သားမှာစိတ်ချမ်းသာသွားတဲ့အခါလုပ်ပေးလိုက်တဲ့လူအဖို့လည်းကုသိုလ်ရတာပေါ့။ကုသိုလ်ဆိုတာအများကြီးလှူနေတန်းနေမှမဟုတ်ပါဘူး"ကိုယ်ရဲ့လုပ်ငန်းအတွင်းမှာပဲရိုးရိုးသားသားမှန်မှန်ကန်ကန်ဝန်ဆောင်ပေးလိုက်တာဟာကုသိုလ်ဖြစ်သွားတာပါပဲ။

ဂျာနယ်တော်တော်များများမှာရေးနေကြတယ်။အပေါ်ပိုင်းကတော့ပြောင်းသင့်သလောက်ပြောင်းပြီးအောက်ပိုင်းကဝန်ထမ်းတွေကတော့အရင်အတိုင်းပဲတဲ့။အကျင့်စာရိတ္တပျက်နေကြရင်ဘာအကျိုးရှိတော့မှာလဲ။အကျင့်စာရိတ္တဆုံးရှုံးရင်အကုန်ရှုံးတာပဲ။လူတစ်ယောက်ဟာအကျင့်စာရိတ္တမကောင်းရင်သီလမရှိရင်အကြီးဆုံးလူမိုက်ကြီးပဲ။မကောင်းတာမမှန်တာမရိုးသားတာကိုလုပ် ရမှာရှက်တတ်တဲ့ စိတ်၊ကြောက်တတ်တဲ့ စိတ်ကို လေ့ကျင့်ပြုစုပေးရမယ်။စေတနာတူသောအကျိုးပေးတယ်ဆိုတာသိပ်မှန်တာပဲ။မကြာသေးခင်ကပဲအညာမှာဆီစက်မီးလောင်တယ်။ဆီစက်ပိုင်ရှင်ဟာကိုကိုကျက်ချမ်းသာတယ်။ရိုးရိုးသားသားမှန်မှန်ကန် ချမ်းသာတာတော့မဟုတ်ဘူး။ပဲဆီဆိုပြီးသူရောင်းတဲ့ဆီတွေထဲမှာစားအုန်းဆီတွေနဲ့ပဲဆီအနံ့ထွက်တဲ့ ဓာတုဗေဒဆေးတစ်မျိုးရောစပ်ပြီးဆီစစ်စစ်ပါဆိုပြီးလိမ်ရောင်းတယ်အခုအဲဒီဆီစက်တော်တော်မီးလောင်သွားတယ်လို့ကြားရတယ်။မကောင်းတဲ့အမှုပြုတဲ့သူဟာသဘာဝတရားကြီးကသူ့ကိုလက်တုံ့ပြန်တာပဲ။မမှန်တာမရိုးသားတာကိုမလုပ်ဖူးဆိုမှကိုယ့်ကိုယ်ကိုတန်ဖိုးထားရာချစ်ရာရောက်မယ်။

စိတ်ချမ်းသာမှုဆိုတာအပြစ်မရှိတဲ့အလုပ်ဖြစ်ရမယ်။ကိုယ့်စိတ်ဓာတ်ကိုယ့်ကိုယ်ကျင့်တရား၊ကိုယ့်ကျန်းမာရေး၊ကိုယ့်စီးပွားရေး၊လူမှုရေးတို့ကိုမဖျက်ဆီးရဘူး။

မကောင်းတာဟာအောက်တန်းကျတယ်။အဆင့်အတန်းနိမ့်တယ်။မကောင်းတာကိုလုပ်တာဟာကိုယ့်ကိုယ်ကိုအောက်တန်းကျအောင်လုပ်လိုက်တာပဲ။မကောင်းတာလုပ်မိရင်တော်တော်ဒုက္ခကြီးပါတယ်။ရိုးရိုးသားသားနေရတာဟာတကယ်တော့အကောင်းဆုံးပဲ။ရိုးရိုးသားသားနေတယ်ဆိုတာအိပ်လို့ပျော်တယ်၊စားလို့ကောင်းတယ်၊ကိုယ့်လုပ်ငန်းခွင်မှာလည်းလိပ်ပြာသန့်တယ်ပေါ့။မဟုတ်တာလုပ်ထားရင်လုပ်တဲ့လူရယ်အလုပ်ခံရတဲ့လူရယ်အသိဆုံးပဲ။ဒီတော့မဟုတ်တာလုပ်ထားတဲ့လူဟာအမြဲလိပ်ပြာခြောက်နေမယ်၊တွက်ခြေမကိုက်ဘူး။

■

# တစ်ချိန်က ဇာတ်လမ်းလေးအတွက်

**ဒေါက်တာစိန်စိန်သိန်း**

သံလွင်ကိုလှမ်းမြင်လိုက်ရပါ၏။ကီလိုမီတာ ၁၁၀၀ ခန့်ရှိသောမြစ်သံလွင်ကသည်နေရာကိုဖြတ်စီးခဲ့ရာမုတ္တမရောက်သည်နှင့်သံလွင်မြစ်ကိုဖြတ်သန်းလာသည့်လေနုအေးတို့ကကျွန်မကိုပွေ့ဖက်ကြိုဆိုလိုက်ပါတော့သည်။မုတ္တမနှင့်မော်လမြိုင်ကြားမှာဖြစ်၍သံလွင်သည်ဂျိုင်းမြစ်နှင့်ဆုံသည်။မြစ် ၂ မြစ်က ၄ခွဆိုင်၍ဆုံကြရာနေရာဆုံမှတ်ကိုပွန်ဇလိုင်ဟုခေါ်သည်။မြန်မာအမည်မှာခေါင်းဆေးကျွန်းဟုသိခဲ့ကြသည်။ရှေးဘုရင်တို့ခေါင်းဆေးမင်္ဂလာပြုခဲ့သည့်ကျွန်း။ခေါင်းဆေးကျွန်းကမှုန်ပျပျနှင့်ကျန်ခဲ့ရပြီ။ကားကဆက်၍ပြေးနေပါ၏။သံလွင်၏လက်ဝဲဘက်ကမ်းမှာရှိကာပင်လယ်နှင့်(၂၈)မိုင်ဝေးလာခဲ့သည်နှင့်မော်လမြိုင်သို့ရောက်ခဲ့ရတော့သည်။မွန်တို့က 'မွတ်မလိန်း'ဟုခေါ်ခဲ့ရာမှမော်လမြိုင်ဖြစ်လာခဲ့သည်။ရှေးမွန်တို့၏သမိုင်းတွင်မျက်စိ ၂ ကွင်းအလယ်၌မှည့်ရှင်တစ်လုံးကမျက်စိအဖြစ်တည်ရှိခဲ့ရာထိုမှည့်ရှင်ပျောက်သွားသည်ကိုအစွဲပြု၍မျက်စိပျက်မြို့ 'မွတ်ကလိန်း'ဟုခေါ်ခဲ့ခြင်းဖြစ်သည်။ယခုတော့မော်လမြိုင်မြို့ပါ။မော်လမြိုင်မှတောင်ဘက် ၁၈ မိုင်သို့ကားကဆက်၍ပြေးနေ၏။မွန်ရိုးရာဝတ်များရောင်းချသောမုဒုံသို့ကျွန်မရောက်ခဲ့ပြန်သည်။

မွန်ထဘီဝယ်ရန်စိတ်ကူးသော်လည်းလိုရာခရီးကိုမရောက်နိုင်သေး၍ဆင်းမဝယ်ဖြစ်။ကျွန်မကျိုက္ခမီမြို့သို့သွားနေခြင်းဖြစ်ပါ၏။ကျိုက္ခမီမှာကပ္ပလီပင်လယ်ကမ်းခြေတွင်ရှိသည်။ရှေးယခင်ကျိုက္ခမီကိုအန်းမ်းဟတ်ခ်မြို့ဟုခေါ်သည်။အိန္ဒိယဘုရင်ခံချုပ်လော့အန်း(မ်)ဟတ်ခ်ကိုအစွဲပြု၍ခေါ်ခဲ့ကြပေသည်။မွန်တို့ကဝါရီရူမင်း၏သားတော်တစ်ပါးရဟန်းပြုခဲ့သည်ဖြစ်စဉ်ကိုအကြောင်းပြုကာရဟန်းဘုရားဟုအဓိပ္ပာယ်ရကာ 'ကျိုက်ခမွဲ'မှကျိုက္ခမီဖြစ်လာခဲ့ရတော့သည်ဟုသိခဲ့ရဖူးပါသည်။

ကျွန်မတို့ကျောင်းဆရာများ၏ဘဝများတွင်အများဆုံးဖြုန်းတီးနိုင်သည်မှာအချိန်ပင်ဖြစ်သည်ဆိုသည့်အတိုင်းကျွန်မတို့ကျင့်ကြံခဲ့ကြခြင်းဖြစ်သည်။အချိန်တို့ကိုအကျိုးရှိစွာဖြုန်းတီးကြရန်တော့လိုပါလိမ့်မည်။ကပ္ပလီပင်လယ်ရေတိုးဝင်သဖြင့်ဒီရေရောက်ပင်များကကြိုနှင့်သည်။အချိန်တစ်ခုခုတွင်ပညာ(သို့)ကုသိုလ်တစ်ခုခုကိုရစေရန်အားထုတ်ကြရမည့်လူ့ဘဝမှာကျွန်မသည်ကျွန်မ၏ဘဝခရီးဖော်နှင့်အတူကျိုက္ခမီရေပြင်သို့ကျွန်မရောက်ခဲ့ရဘူးသည့်အဖြစ်တို့ကမြင်လွှာထဲသို့တိုးဝင်လာခဲ့ပြန်လေပြီ။စိတ်ဆင်းရဲခြင်းများစွာနှင့်အတူဝင်လာကြပြန်သည်။

မန္တလေးဒေသကောလိပ်ရေထွက်လုပ်ငန်းအတတ်ပညာသင်တန်းမှကျောင်းသူကျောင်းသား (၆ဝ)ဦးနှင့် အတူ ၁၉၈ဝခုနှစ် ကဤနေရာသို့ ကျွန်မရောက်ခဲ့ဖူးသည်။ပင်လယ်အော်သံကိုညသုံးညဆက်တိုက်ကြားခဲ့ရ၍ကျောင်းသားများရေထဲမဆင်းရန် တားပါ၏။ရေထဲသို့ပိုက်ချသည်ကိုသွားကြည့်ရန်ကိစ္စက ပါလာသည်ဖြစ်ရာ နေဝင်ချိန်မှာအုပ်စု E နှင့်အုပ်စုFတို့ပင်လယ်ထွက်ခဲ့ရ၏။ ကျွန်မကအုပ်စု F၏ကြီးကြပ်ဆရာမဖြစ်ရာမတင်မကျစိတ်နှင့်သာလိုက်ပါခဲ့သည်။ပင်လယ်သို့လိုက်လိုသူများရာ Eအုပ်စုကမဲချ၍မဲကျသူသာ လိုက်စေ၏။ဟဲ့မလုပ်ရဘူးဟုကျွန်မက တားခဲ့ပါသေးသည်။ သို့ပေသိမဲကျသည့် ကလေးတစ်အုပ်စုနှင့်ကျွန်မတို့ဆရာဆရာမ(၃)ဦးပင်လယ်ထွက်ခဲ့ကြရသည်။ငှာနမှူးမှာအယူသီးလေ့မရှိ၍မယုံဟုဆိုကာထွက်လာခဲ့ခြင်းဖြစ်ရာEအုပ်စုစီးလာသောစက်လှေမှာကျွန်မတို့စီးလာသောစက်လှေရှေ့မှာမှောက်သွားသည်ကိုကမ်းခြေမှထွက်လာချင်းမှာပင်တွေ့မြင်လိုက်ရပါသည်။သို့နှင့်ကလေး(၃)ဦးရေထဲမှာကျန်ရစ်ခဲ့ကြသည်တစ်နိုင်ငံလုံးအုတ်အော်သောင်းတင်းဖြစ်ခဲ့ရပါ၏။ကျွန်မတို့ဆရာဆရာမ၃ဦးလည်းအစစ်ဆေးခံရသည်။ကျိုက္ခမီကမ်းခြေနှင့်ကျွန်မတို့တည်းခိုခဲ့သည့်ဇရပ်ကြီးကယခင်ကအတိုင်းပင် ။ကျွန်မမှာမျက်ရည်တို့ကျလာခဲ့ရသည်။ကမ်းခြေမှာကျန်ရစ်ခဲ့သောကလေး(၃)ဦးကိုအမျှပေးဝေရန်ကျွန်မလာခဲ့ခြင်းဖြစ်ပါ၏။မဲနှိုက်၍ပင်လယ်သို့လိုက်လာသော E အုပ်စုမှကလေး၃ဦးအမည်ကိုကျွန်မရွတ်ဆိုကာပြုပြုသမျှကုသိုလ်တို့အတွက်အမျှဝေခဲ့မိပါသည်။

သူတို့အတွက်ကျိုက္ခမီရေလယ်ဘုရားမှာဆုပန်ခဲ့မိပါသည်။ကျွန်မ၏တပည့်လေးများဖြစ်လေရာဘဝမှာဤကဲ့သို့အဖြစ်ဆိုးများနှင့်ကင်းဝေးကြပါစေကြောင်းဆုတောင်းပေးခဲ့မိပါ၏အမှန်တရားသည်ဆန်းကြယ်လှပါ၏စိတ်ကူးယဉ်ဇာတ်လမ်းများသက်ပို၍ဆန်းကြယ်လှပါသည်။ကပ္ပလီပင်လယ်ပြင်ကငြိမ်သက်နေပြန်သည်။ခေါင်းဆောင်တို့၏ဆုံးဖြတ်ချက်အမှားကြောင့်နောက်လိုက်နောက်ပါတို့ကဟန့်တားနိုင်ခဲ့ခြင်းမရှိခဲ့ရသည်မှာ ဒီမိုကရေစီစနစ်ကိုမကျင့်သုံးခဲ့ရသေးသောကြောင့်ဖြစ်မည်ထင်သည်။ဟုတ်လိမ့်မည်ထင်ပါသည်။မြန်မာနိုင်ငံရှိမည်သည့်ဒေသမှာမဆိုသူ့ရိုးရာသူ့အယူအဆများကိုဥပက္ခာပြုထား၍မရဆိုသည့် 'သံဝေဂ'ကိုလည်းကလေး၃ဦးကအသက်စွန့်ကာဖော်ပြသွားခဲ့ကြသည်။ကျွန်မတို့ကိုသင်ကြားပေးခဲ့ရာသည်။ကပ္ပလီပင်လယ်မှတိုးဝင်လာသောလေညင်းမှာလွမ်းဆွေးသံတို့ပါလာပုံရသည်။ကျွန်မ၏ရင်မှာဆိုနင့်နေဆဲဖြစ်ပါသည်။

"ဆရာမပြန်ဦးမယ်သားတို့သမီးတို့ရေ"ဟုကျွန်မနှုတ်ဆက်ခဲ့၏။ယနေ့သည်အတိတ်ဘဝအတွက်ကုသိုလ်ကောင်းမှုတို့ကိုပြုနိုင်သလိုမနက်ဖန်အတွက်လည်းလုပ်သင့်လုပ်ထိုက်သည်များဆောင်ရွက်ခွင့်ရရှိခဲ့လေရာ. .

နေ့တိုင်းနေ့တိုင်းမှာ. .

လူတိုင်းလူတိုင်းအတွက် ပေးဆပ်စရာကြွေးကျန်များစွာနှင့်ဘဝတစ်ခုစီကိုသီကုံးထားပါကလား ဟုတွေးရင်းယိုစီးလာသောမျက်ရည်တို့ကိုတို့သုတ်ကာကျိုက္ခမီမှကျွန်မပြန်ခဲ့ရပါတော့သည်ဟုသာ။

■

# မေတ္တာအရင်းခံသော လက်နက်စွန့်ပွဲ (၂)

**ကမ္ဘာလှည့်တင်တင်စိန်**

> **ဘရောင်ကာကျွန်းပေါ်တွင်ရှေးရှေး ကပင်အလွန်တန်ခိုးကြီးသော 'ဆံတော် ရှင်' ဘုရားရှိပါသည်။ ဘုရားပွဲတော်သို့ မည်သူမဆိုသွားနိုင်ပါသည်။ ရခိုင်သူပုန် များမနှောင့်ယှက်ပါဟုပြောဆိုထားပါသည်။ ကျွန်တော်တို့ သူပုန်တွေက အစိုးရတပ်မတော်ကို ခြေကုပ်ယူပြီး နယ်မြေကျွမ်းလို့ လုံးဝ မကြောက်ပါဘူး။ ဒါပေမဲ့ ဆရာမစေတနာကိုတော့ လေးစားပါတယ်။ လာဘုရားဖူးဖို့ လိုက်ပို့ပေးမယ်'' ဟု သေနတ်ထမ်းပြီးလိုက်ပြပါသည်။**

ယခင်တစ်ပတ်မှအဆက်

မသေဘဲပြန်ရောက်ရသဖြင့်ဝမ်းသာမိပါသည်။ သမီးလေးလင်းသန္တာခေါ် ဖြူဖြူတုတ်မိခင်၊ ဖခင်နှင့် ဦးဘတုတ်၏ ဆွေမျိုးစုအားလုံးကို ပြန်လည်တွေ့ဆုံခဲ့ရပြန်ပါသည်။

ပထမဆုံးမင်းဘူးခရိုင်၊ သစ်တောအရေးပိုင် ၃လ ကြာချိန်တွင် ရခိုင်တိုင်း သစ်တောအရေးပိုင်အဖြစ်နှင့် စစ်တွေမြို့သို့ပြောင်းရွှေ့အမှုထမ်းရပါသည်။

စစ်တွေမြို့တွင် စာရေးသူမွေးဖွားခဲ့ပါသည်။ စစ်တွေထောင်ရှေ့တွင် ချက်မြှုပ်ခဲ့ပါသည်။ ဖခင်ထောင်မှူးကြီးဘဝတွင် မွေးဖွားခဲ့ပါသည်။

ယခုကမ္ဘာလှည့်ပြီး စစ်တွေမြို့ရှိ ရခိုင်လူမျိုးများ တိုးတက်ကောင်းစားရေးကို မျိုးချစ်စိတ်ဓာတ်ဖြင့် ကမ္ဘာလှည့်ရာမှ ပြန်လာသောကြောင့် ပြင်းထန်နေပါသည်။

**အထက်တန်းပြဆရာမအဖြစ်**

စိန့်အန်းစ် St.Annes Convent တွင်အထက်တန်းပြဆရာမအဖြစ်ခန့်အပ်ခြင်းခံရပါသည်။ တပည့်များကို ပေးဆပ်ရပါသည်။

တိုင်းကြက်ခြေနီအဖွဲ့ကို ဦးဆောင်ပါသည်။ ရခိုင်တိုင်း ကင်းထောက်များ ကင်းထောက်မယ်များကို စတင်တည်ထောင်ဖွဲ့စည်းပေးခဲ့ပါသည်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူးအဖြစ်ဖြင့် တစ်လကိုနှစ်ကြိမ် အစည်းအဝေးများဖြင့် လူမှုဝန်ထမ်းဌာနသို့ အစီရင်ခံစာများပေးပို့ကာ တက်ကြွစွာပါဝင်ခဲ့ပါသည်။

၁၉၅၈-၅၉ ခုနှစ်များတွင် အင်းဝကျွန်း (Ava Island) မှ မြန်မာပြည်သား ရခိုင်လူမျိုးများ၊ မာရမာန်လူမျိုးများကို ဘင်္ဂလားဒေ့ရှ်မှ ပြန်လွှတ်ပါသည်။ စစ်တွေပင်လယ်ကမ်းခြေဒေသများတွင် နေထိုင်စရာလုံးဝမြင်တွေ့စရာမရှိ။ မျှော်လင့်ချက်ကင်းဝေးနေကြသူများကို ကယ်ဆယ်ခဲ့ပါသည်။

တိုင်းမင်းကြီး ဦးညီပု၊ မြို့မိမြို့ဖများ၊ ဗိုလ်မှူးကြီးတင်ဦး (ယခု NLD နာယကကြီး)၊ ဆရာဝန်ကြီးသံတွဲသားအစ္စလာမ် ဘာသာဝင်ဦးသန်းဖေ၊ တိုင်းဆရာဝန်ကြီး Dr.Varsu Dev ဒေါက်တာ ဝါဆုဒေ့တို့ စုပေါင်းကာ ကယ်ဆယ်ရေးစခန်းကို စာရေးသူနေ့ညမရွေးကူညီကယ်ဆယ်ခဲ့ဖူးပါသည်။ နေထိုင်မှုမတူညီခြင်း၊ အစာရေစာဖြတ်တောက်ခြင်း အလုပ်အကိုင်အဆင်မပြေမှုများကြောင့် သေဆုံးသူ တစ်စတစ်စများလာပါသည်။ ရောဂါမျိုးစုံဖြင့် ဆေးကုသမှုမျိုးစုံကို ထိုစဉ်က ငှက်ဖျားတိုက်ဖျက်ရေးမှ ကားပေးထားသော ဒေါက်တာသန်းဖေမှာ အထူးစိတ်တူစွာ ကူညီပေးခဲ့ဖူးပါသည်။ စာရေးသူ၏ကျောင်းဆရာမလခမှာ ပြုတ်ပါသည်။ ထိုစဉ်က လူမှုရေးမျိုးစုံကူညီခဲ့ပါသည်။

**ရခိုင်သူပုန်များ**

တစ်နေ့တွင် ကျောင်းမှဆရာမများ၏ တိုက်တွန်းချက်အရ ဖရုံကာကျွန်းကြီးသုံးကျွန်းကို သွားရန်စီစဉ်ပေးကြပါသည်။ ဦးဘတုတ်မှာ အရာရှိဖြစ်၍ ကြောက်ပါသည်။(Boronger Islands) ဘရောင်ကာကျွန်းများတွင် ရခိုင်သူပုန်များရှိနေပါသည်။

ဘရောင်ကာကျွန်းပေါ်တွင်ရှေးရှေးကပင် အလွန်တန်ခိုးကြီးသော 'ဆံတော်ရှင်' ဘုရားရှိပါသည်။ ဘုရားပွဲတော်သို့ မည်သူမဆိုသွားနိုင်ပါသည်။ ရခိုင်သူပုန်များမနှောင့်ယှက်ပါဟု ပြောဆိုထားပါသည်။

စာရေးသူစိတ်ပါဝင်စားပါသည်။ ဤဘုရားများကို ဒေသန္တရဇဟုသုတလေ့လာစဉ်သွားရန် ဦးဘတုတ်ကိုစည်းရုံးရပါသည်။ ယခုမှသေမှာကြောက်နေသောဦးဘတုတ်ကို မသေပါကြောင်းအာမခံပေးခဲ့ပါသည်။

စာရေးသူမှာ ဆရာမတစ်စု၊ သစ်တောဝန်ထမ်းတစ်စုနှင့် စုပေါင်းကာ ခရီးထွက်ခဲ့ကြပါသည်။ စားစရာ၊ သောက်စရာများ၊ ရေများသယ်ဆောင်ကြပါသည်။ လူများစုံပါသည်။

ပျော်စရာပါ။ စားလိုက်၊ သွားလိုက်နှင့် တောင်ခြေရင်းရောက်ပါသည်။ တောင်ခြေတွင်ခြေကုတ်ယူထားသောယူနီဖောင်းဝတ် လက်နက်ကိုင်ရခိုင်သူပုန်များကိုတွေ့ပါသည်။ စာရေးသူမှာမကြောက်ပါ။ နှုတ်ဆက်ကြသည်။ ထိုင်၍ပင် ဆရာမတစ်ဦးနှင့်သူတို့အဖွဲ့များ စကားပြောကြပါသည်။ စာရေးသူ ကမ္ဘာလှည့်ခဲ့ သူမှန်းသိနေနှင့်ကြပါသည်။

မေတ္တာဖြင့် ခင်မင်ရင်းနှီးမှုရယူခဲ့ဖူးပါသည်။ ရေနွေးကြမ်း၊ ကောက်ညှင်းပေါင်းများပင်ဝိုင်းစားကြပါသည်။ ဦးဘတုတ်မှာမနေပါ။တောင်ပေါ်သို့သာသူ၏ သစ်တောအုပ်စုဖြင့် မနားမနေတက်သွားပါသည်။

**ဘုံပေါက်သာကျော်**

စာရေးသူမှာ ကောက်ညှင်းပေါင်းစားရသဖြင့် ကျေနပ်နေပါသည်။ စကားဝိုင်းတွင်ပင် သူပုန်လုပ်ရခြင်းမှာ အကျိုးမရှိကြောင်း စာရေးသူက ရှင်းပြပါသည်။ ခေါင်းဆောင်ကထွက်လာပါသည်။

"ကျွန်တော်ကရခိုင်သူပုန်ခေါင်းဆောင်ပါ။ ဆရာမ မကြားဖူးသေးဘူးနဲ့တူတယ်။ ကျွန်တော်က ဘုံပေါက်သာကျော်ပါ။ ရခိုင်လူမျိုးကောင်းစားရေးကို သေနတ်ကိုင်ပြီး ရအောင်တိုက်နေတာပါ" ဟုပြော ပြပါသည်။

"ခေါင်းဆောင်ဗိုလ်မှူးကြီးရှင့်။ ကျွန်မကတော့ ခုလိုအဆင်းရဲခံပြီး လိုရာကိုရအောင်ယူမယ်ဆိုတဲ့ မူဝါဒကို မကျေနပ်ပါဘူး။ ဒါပေမဲ့ ခံယူချက်တော့ ခံယူချက်ပေါ့။ သို့သော်တပည့်များနှင့် အတူအားလုံးငှက်ဖျားတောထဲမှာနေရတာမိသားစုများနှင့် ဝေးနေရတာတွေ ထည့်စဉ်းစားပါ။ ဗိုလ်မှူးကြီးအနေနဲ့ ဂုဏ်သရေရှိရှိရခိုင် ပြည်သူပြည်သားများတိုးတက်ကောင်းစားရေးကို အစိုးရနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အရေးများစွာရှိနေပါလျက် ခုလိုဆင်းရဲမခံပါနဲ့လို့ ဆရာမအနေဖြင့် မေတ္တာရပ်ခံပန်ကြားချင်ပါတယ်။ ဆရာမလည်း ရခိုင်လူမျိုးများကို ချစ်ပါတယ်။ ခရိုင်ပြည်တိုးတက်ကောင်းစားရေးကိုခုလည်းအမျိုးမျိုးလုပ်ဆောင်ပေးနေပါတယ်။ ဗိုလ်မှူးကြီးသဘောပေါက်နားလည်မှာပါ။ တကယ်ရခိုင်လူမျိုးစုကို တိုးတက်ကောင်းမွန်စေလိုပါက စဉ်းစားပြီးဆုံးဖြတ်ပါ။ အကောင်းဆုံးလုပ်ဆောင်ပါ။ ကျွန်မကူညီပေးပါမယ်" ဟု မျက်လုံးချင်းဆုံပြီး စကားပြောပြပါသည်။

**ချစ်လို့ပြောတာပါ**

"ဆရာမနော်။ သေချာစဉ်းစားပြီးမှပြောပါ။ ကျွန်တော်ရဲ့စိတ်ဓာတ်ပြင်းတယ်။ ဆရာမအသက်ပျောက်သွားမယ်။ တော်တော်သတ္တိရှိတဲ့ဆရာမပဲနော်" ဟု ပြောပြီး စေ့စေ့ကြည့်ပါသည်။

"အသက်ပျောက်မှာ မကြောက်လို့ပေါ့ရှင်။ မေတ္တာအရင်းခံထားပြီး လူမျိုးတစ်မျိုးလုံးနဲ့တကွ သူပုန်ထနေသူများ အားလုံးကို ချစ်လို့ပြောတာပါ။ ယုံချင်ယုံပါ။ မယုံချင်လည်းနေပေါ့။ ဆရာမကတောထဲမှာ ဆင်းရဲခံပြီးနေရမယ့်အစား မြို့ထဲမှာ ထင်ထင်ပေါ်ပေါ် ရခိုင်ပြည်ကြီးနဲ့ လူမျိုးကောင်းစားရေးကို လုပ်ဆောင်ပေးစေချင်တာပါ။ မေတ္တာအရင်းခံပါ"ဟုပြောပြနေစဉ်သူ၏လက်ထောက်ဗိုလ်ကြီးက ရယ်ပြန်ပါသည်။

"ဆရာမနော်။ ကျွန်တော်တို့သူပုန်အဖွဲ့ကို အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ရန် အကြံပေးနေတာကိုတော့ ကျေးဇူးတင်ပါတယ်။ မဖြစ်နိုင်တာပါ။ကျွန်တော်တို့ သူပုန်တွေက အစိုးရတပ်မတော်ကို ခြေကုပ်ယူပြီး နယ်မြေကျွမ်းလို့ လုံးဝ မကြောက်ပါဘူး။ ဒါပေမဲ့ ဆရာမစေတနာကိုတော့ လေးစားပါတယ်။ လာဘုရားဖူးဖို့ လိုက်ပို့ပေးမယ်" ဟု သေနတ်ထမ်းပြီး လိုက်ပြပါသည်။

လေးစားစရာကောင်းသော ရခိုင်သူပုန်အဖွဲ့ကြီးပါ။ ခေါင်းဆောင်ကိုယ်တိုင်က စာရေးသူကို ခင်မင်နေရှာသည်။ ကောက်ညှင်းပေါင်းစားပါသည်။စိတ်ထဲတွင်တင်ပြခြင်းကို သူပုန်အဖွဲ့ကကျေနပ်သဘောပေါက်သည့်ပုံပါပဲ။

အလွန်မှသာယာသောဘရောင်ကာကျွန်းများနှင့် ဆံတော်ရှင်ဆုတောင်းပြည့်ဘုရားတွင် စာရေးသူက ရခိုင်သူပုန်တပ်မတော်ကြီးကို ကျေနပ်အောင် ဆက်ဆံခဲ့ပါသည်။ ရှင်းပြပါသည်။ သဘောပေါက်စေပါသည်။ ဇနီးသည်များ၊ သားသမီးများဝေးလံစွာနေရခြင်း၊ ကျောင်းကောင်းမထားနိုင်ခြင်းများကို မိမိ၏အိမ်ရာမှ တစ်စတစ်စလူမျိုးများ၊ ယဉ်ကျေးမှုများ၊ ဘာသာတရားများ တစ်ခုစီရှင်းပြကာ နွေးထွေးစွာစကားပြောဆက်ဆံမိပါသည်။

**ဆွေမျိုးရင်းချာပမာ**

ထိုအချိန်တွင် ဆရာမဒေါ်လှတင်မှလွဲ၍ မည်သူမျှစာရေးသူအနားတွင်မရှိတော့ပါ။ သူပုန်များကို ကြောက်ကြပါသည်။ ဤဒေသမှာ သူပုန်နယ်မြေပါ။ ဦးဘတုတ်လည်းရှာမရပါ။ စာရေးသူမှာ လုံးဝမကြောက်ပါ။ ဆွေမျိုးရင်းချာပမာ ခင်မင်သွားပါသည်။

"ဆရာမရဲ့ စေတနာကိုတန်ဖိုးထားပါတယ်။ကျွန်တော်ရွှေလမှာမာန်အောင်ကျွန်းမှာ ဆရာမနဲ့တွေ့မှာပါ။ ဆရာမရေ၊ မာန်အောင်မြို့မှ ကျွန်တော်တို့စခန်းရှိတဲ့ လမ်းမကြီးဘေး ၃မိုင်အကွာမှာ ရှိမှာပါ။ ဆရာမကသတ္တိရှိပြီး ကျွန်တော်တို့ကို မကြောက်ဘူးဆိုရင် တစ်ယောက်တည်းစက်ဘီးစီးလာပါ။ ကျွန်တော်တို့ စကားကို ကမောက်ကမလုပ်ရင်တော့ သတ်ပစ်မှာနော်" ဟု ပြုံးပြီးပြောနေပါသည်။

**သူပုန်အဖွဲ့က ကျွေးသောထမင်း**

"သေမှာမကြောက်ပါဘူး။ ဗိုလ်မှူးကြီးတို့အဖွဲ့ကိုပြောပြပြီး ကျွန်မစကားကို မေတ္တာနဲ့ လက်ခံပါ။ ကျွန်မကို ကျွန်မကျောင်းလာပြီး စာပို့ပြီး နေ့ရက်အတိအကျချိန်းသူပုန်ဌာနချုပ်ကို ကျွန်မတစ်ယောက်တည်းလာခဲ့ပါ့မယ်။ စိတ်ကနေကျေနပ်နေပါ၊ ကျွန်မသစ္စာမဖောက်ပါဘူး။ ကတိပေးပါတယ်" ဟု ရှင်းပြပါသည်။ ဘုံပေါက်သာကျော်နှင့်ပင် ကျေနပ်စကားပြောကြပါသည်။နေ့လယ်စာစားကြပါသည်။ သူပုန်အဖွဲ့က ကျွေးသောထမင်းဟင်းများစားပါသည်။ စိတ်ချလက်ချအားပါးတရဆွေမျိုးများကို ပဋ္ဌာန်းဆက်နေရသကဲ့သို့ ခံစားမိပါသည်။ စာရေးသူမှာ လုံးဝမကြောက်ခဲ့ပါ။ ရခိုင်သူပုန်ဆိုသူများမှာ ကင်းစင်ရန်နှင့် ဘုံပေါက်သာကျော်ဦးစီးသော သူပုန်အဖွဲ့၏အေးချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရခိုင်လူမျိုးများတိုးတက်ရေး၊ကောင်းစားရေးကို စိတ်တွင်းစေတနာ မေတ္တာသဒ္ဓါတရားဖြင့် ရင်တွင်းမှသစ္စာစကားနှင့် ရှင်းလင်းအောင် ပြောပြပါသည်။ သူပုန်အဖွဲ့က စာရေးသူကို ယုံကြည်မှုအပြည့်အဝထားပါသည်။ စာရေးသူမှာ သူတို့၏ နွေးထွေးတည်ငြိမ်သော မျက်နှာများကို စိတ်ချပါသည်။

စကားများစုံအောင်ပြောကြပါသည်။ သူပုန်နှင့် စာရေးသူမှာ တစ်သားတည်း။ မေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦး စိတ်ချယုံကြည်မှုရယူကြပါသည်။

စာရေးသူကျေနပ်ပါသည်။ ဆရာမ ၂ဦးကို သူပုန်ခေါင်းဆောင်နှင့် သူပုန်များ အားရပါးရ ပို့ပါသည်။ မော်တော်ပေါ်အရောက်ပို့ပါသည်။ မော်တော်ပေါ်မှ ဘုရားဖူးများ မျက်လုံးပြူးနေကြပါသည်။ သူတို့၏စိတ်ထဲတွင် ဒီအမျိုးသမီးနှစ်ယောက်မှာ သူပုန်များနှင့် ရှုပ်ရှုပ်နေကြပါသည်ဟု တွေးနေကြမည်မှာ သေချာပါသည်။ စာရေးသူမှာ သူပုန်အဖွဲ့ကို အားရပါးရနွေးထွေးစွာ နှုတ်ဆက်ကြပါသည်။ အပြုံးများဖြင့် မော်တော်မှာ ကမ်းခွာပါသည်။

**အလောင်းလိုက်ကောက်နေရမယ်**

စစ်တွေမြို့သို့ ပြန်ရောက်ပါသည်။ ရင်ထဲတွင် ရှင်းပါသည်။ နောက်နေ့တွင် တိုင်းမင်းကြီး ဦးညီပုကို အစီရင်ခံစာရေးပါသည်။

ရခိုင်တပ်ပေါင်းစုမှူး ဗိုလ်မှူးကြီးတင်ဦးကို သွားတွေ့ပါသည်။ ဗိုလ်မှူးကြီးတင်ဦးကို ပြောပြစဉ်တွင်

"ဆရာမရေ၊ ပန်းမာလာရကြည့်လည်းလုပ်ပါဦး။ အသတ်ခံနေရဦးမယ်။ သူပုန်တွေကို ဘယ်လိုလုပ်လျှော့တွက်နိုင်မှာလဲ။ သတိလည်းထားဦးနော်။ တစ်ယောက်တည်း သူတို့ချိန်းတဲ့နေ့၊ နေရာဒေသကို သွားရမှာနော်။ ကိုယ်တို့တွေ အလောင်းလိုက်ကောက်နေရဦးမယ်။ ခင်ဗျားယုံကြည်မှုနဲ့ ခင်ဗျားလုပ်တာဆိုတော့ ခင်ဗျားစိတ်နဲ့ နိုင်ငံအကျိုးပြုနေတဲ့ ခင်ဗျားရဲ့ စေတနာကို ချီးကျူးပါတယ်ဗျာ။ ပြီးရင်တော့ပြောပေါ့။ နိုင်ငံတော်ဘက်ကကူညီစရာရှိတာတွေတော့ တိုင်းမင်းကြီးရဲ့ အမိန့်အတိုင်းဆောင်ရွက်ပေးမှာပါ" ဟု အားပေးစကားပြောပါသည်။ စိတ်ထဲတွင် ကြိုးစားမည်ဟု တွေးမိပါသည်။ အောင်မြင်မှုနှင့်ကျဆုံးမှုတို့မှာ စာရေးသူ၏ စေတနာနှင့် မေတ္တာပေါ်တွင်သာ မူတည်ပါသည်။

နိုင်ငံတော်အေးချမ်းတည်ငြိမ်သာယာရေးသာ စိတ်ထဲတွင်ထားပါသည်။ ရခိုင်လူမျိုးတစ်စုလုံးကောင်းစားရေးကို တွေးမိပါသည်။ စိတ်စေတနာသာ ပဓာနပါ။

စာရေးသူမှာ ထာဝရနိုင်ငံသာယာရေး၊ လူမျိုးကောင်းစားရေးကိုသာအဓိကထားသဖြင့်သေရမည်ကို လုံးဝမကြောက်ပါ။

ဘုံပေါက်သာကျော်ကို ယုံကြည်မိပါသည်။ သတ်လိုပါက သတ်ပါစေဟု တွေးမိပါသည်။ အများကောင်းစားရေးကို အသက်နှင့် ရင်းခဲ့ပါသည်။ အသက်ကိုပင် ပဓာနမထားပါ။

(ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်)

The HOT NEWS
Vol - 4, No - 155, 30 Aug 5 Sep, 2013



# ထောင်အတွင်းမှာ ၂၃ နှစ်ပြည့်ရန် ၂ ရက်အလိုနှင့် ကိုယ်တွေ့မှတ်တမ်းများ ဒုတိယပိုင်း (၂)

***ယခင်အပတ်မှ အဆက်***

ကျွန်တော်ထောင်ထဲမှာ (၂၃) နှစ်နီးပါးနေခဲ့ရလို့အကျဉ်းသားများရဲ့ သဘာဝတစ်ခုကို အခြားအကျဉ်းသားများထက် ပိုမိုအကဲခတ်နိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ ဘယ်အကျဉ်းသားအမျိုးအစားကို မဆိုဆိုလိုပါတယ်။ သက်ဆိုင်သူများကိုလည်း ကြိုတင်တောင်းပန်ပါတယ်။ ဥပမိနဲ့ သိက္ခာကိုကျဆင်းအောင်ပြုလုပ်လိုရင်း ရည်ရွယ်ချက်များလုံးဝမရှိပါဘူးဗျာ။ အချို့နိုင်ငံရေးအကျဉ်းသားများ/အချို့ရာဇဝတ်မှုအကျဉ်းသားများကတော့ ကျွန်တော့်သုတေသနမှတ်တမ်းများ ချွင်းချက် အဖြစ် ယခု တင်ပြမယ့် ကိစ္စမှာ မပါဝင်ပါဘူး။ (ချွင်းချက်ပါ) ဒါပေမဲ့ အကျဉ်းသားအများစုကတော့ ယခု ကျွန်တော်တင်ပြမယ့်အထဲမှာ အကျုံးဝင်ကြောင်း သိထားစေလိုပါတယ်။ အဲဒါက ဘာလဲ ဆို တော့ မိမိစိတ်ထဲမှာ ထင်ရှားစွာဖြစ်ပေါ်လာတဲ့ စိတ်လှုပ်ရှားခဲ့ရတဲ့ ကိစ္စပါဗျာ။ ကုသိုလ်အာရုံတစ်ခုကို ဒီလိုတန့်နန့်လုပ်ခဲ့ကြရင်တော့ ကောင်းတာပေါ့ဗျာ။ နုဿတိတစ်ပါးပါးမှာတောင်အကျုံးဝင်သွားနိုင်ပါတယ်နော်။ ကုသိုလ်တွေလည်းအများကြီးရကြမှာနော်။ ဒါပေမဲ့ ကျွန်တော်အပါအဝင်အကျဉ်းထောင်များထဲက အကျဉ်းသားအများစုကတော့ လူတွေပီပီကုသိုလ်အာရုံများမှာ စိတ်ကို (ယောနိသောမနသီကာရ) ပြုနိုင်မှုအားနည်းကြတော့ လောဘ/ဒေါသအာရုံများ၊ မောဟအာရုံများမှာသာကျင်လည်နေထိုင်ပြီး နေထိုင်ကြတော့တာပေါ့။ မိမိစိတ်အလိုမကျမှုများ မိမိတောင့်တလိုချင်မှုအာရုံများပေါ်မှာသာစိတ်ကို နှလုံးသွင်းထားကြတာကို မြင်တွေ့ရပါတယ်။ ရာဇဝတ်မှုအကျဉ်းသားများဆိုရင်သူတို့ကျူးလွန်လာကြတဲ့ ကိစ္စများကိုခွဲခြမ်းစိတ်ဖြာလေ့လာကြည့်လိုက်တဲ့အခါမှာ ကျွန်တော်ဒါတွေကိုသိရှိနားလည်ခဲ့ရပါတယ်ဗျာ။ ကျန်းမာအရွယ်ရောက်နေသူအမျိုးသားများဟာ မိမိဆန့်ကျင်ဘက် (လိင်ကွဲ)အပေါ်မှာ စိတ်ဝင်စားသာယာမိကြပါတယ်။ အချို့ကလွဲရင်ပေါ့ဗျာ။ ဒါပေမဲ့လူ့အဖွဲ့အစည်းကငယ်ရွယ်ချိန်ကစပြီး လေ့ကျင့်မှတ်သားလာကြတဲ့သူများဖြစ်နေကြတော့ အဲဒီလိင်ကွဲအပေါ်တပ်မက်သော အာရုံများက အဆင့်တစ်ခုမှာတင်ဘရိတ်အုပ်ရပ်တန့်ကြလိုက်ပြီး မသင့်တော်သောအဆင့်အထိအာရုံကို မလွှတ်ကြပါဘူးနော်။ ဒါပေမဲ့ ထောင်ထဲကိုမုဒိမ်းမှု/ဗလက်ကာယမှုများကျူးလွန်ရောက်ရှိလာကြသူများကျတော့ သူတို့ရဲ့လိင်ကွဲအပေါ်တပ်မက်သာယာတဲ့ စိတ်က ကျွန်တော်တင်ပြသလို (တန့်နန့်) အာရုံပြုနေတော့ မနောကံကနေကာယကံအထိပြုမူရန် ကြိုးစားအားထုတ်မှုတွေရှိလာပြီးတော့ တစ်ဖက်သားမှာရောကိုယ်တိုင်ပါအကျိုးမဲ့ကိစ္စတွေဖြစ်ပေါ်လာရတော့တာပေါ့ဗျာ။ လူသတ်မှု၊ ဓားပြမှုတွေလည်းဒီလိုပါပဲ။ ကိုယ်ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်နဲ့အကြောင်းအခြင်းအရာအပေါ် စိတ်အာရုံကို တင်ထားပြီး (တန့်နန့်) လုပ်နေကြတော့ ဒေါသကကြီးသထက်ကြီးလာပြီး ကာယကံမြောက်အောင်ထိကြံစည်




## ဂျော်လီထွန်း

အားထုတ်လိုက်ကြတာ။ နောက်ဆုံးမှာ ကြိုးစင်ပေါ် ထိလမ်းကြောင်းကပွင့်သွားကြပါတယ်။ ထောင်ကျမနေတဲ့အပြင်လောကကလူကောင်းတွေလည်း တစ်ဖက်သားကိုစိတ်ဆိုးဒေါသဖြစ်လာရင်တစ်ဖက်သားကိုစိတ်နဲ့သတ်ဖြတ်လိုက်တဲ့အထိ ဖြစ်တတ်ကြပါတယ်။ ဒါပေမဲ့ (တန့်နန့်) လုပ်မနေကြတော့ မကြာခင်အချိန်ပိုင်းမှာတင်စိတ်မှာမထင်ရှားမေ့လျော့ပျောက်ပျက်သွားကြလို့ကာယကံမမြောက်ကြတော့ဘူးပေါ့။ ကျွန်တော်ဝိပဿနာတရားအားထုတ်ဖို့သင်ကြားတဲ့အခါမှာ ထုံးစံအတိုင်းမိမိစိတ်သမာဓိကို ဝိပဿနာအားထုတ်ရန်လိုအပ်တဲ့ ဥပစာရသမာဓိအဆင့်လောက်ရရန်အားထုတ်ရပါတယ်။ အဲဒီတော့ သမထအဆင့်ကို ကြိုတင်အားထုတ်ပါတယ်။ စာပေများကိုလည်းလေ့လာပါတယ်။ တရားတော်များကိုလည်းနာယူပါတယ်။ ဒီတော့ သမထအခြေခံတရားများဖြစ်ကြတဲ့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ၅ ချက်ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်နေရင်းလက်တွေ့သိရှိနားလည်ခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်အထက်မှာ တင်ပြခဲ့သလို (တန့်နန့်) ကိစ္စကို ရှင်းရှင်းလင်းလင်းသဘောပေါက်ခဲ့ရပါတယ်။ မိမိအလိုရှိရာအာရုံတစ်ခုကို (တန့်နန့်)လုပ်နေတာဟာ ဝိတက်ဖြစ်နေတာပါ။ ကောင်းတဲ့/ကုသိုလ်ရမယ့်၊ အကျိုးရှိမယ့် ကိစ္စတွေအပေါ်မှာ (တန့်နန့်)လုပ်နေရင်တော့ ကောင်းကျိုးချမ်းသာရကြမှာပေါ့နော်။ မတရားတဲ့သူတစ်ပါးနဲ့မိမိနစ်နာမယ့်အာရုံကို တန့်နန့်လုပ်နေတော့ သူတစ်ပါးကောမိမိပါနစ်နာကြပြီပေါ့ဗျာ။ ဒါတောင်အရပ်ထဲမှာ အကျဉ်းထောင်ထဲမှာငါတို့က အပြီးကြီးတယ်။ စိတ်နိုင်မာတယ်စသည်ဖြင့် ဂုဏ်လုပ်နေတတ်ကြတယ်။ ကြားမိသူအချို့ကလည်းအထင်ကြီးကြတယ်။ အဲဒီလို အသုံးမကျတဲ့ တစ်နေ့မိမိဒုက္ခအကြီးအကျယ်ရောက်မယ့်နှလုံးသွင်းမှု ကြီးကို အမှားမြင်အမှန်ပြင်ဖို့မကြိုးစားရင်တော့စာရှုသူမိတ်ဆွေများရေခင်ဗျားတို့အကျဉ်းထောင်ထဲကို တစ်နေ့နေ့ရောက်လာကြမှာ ကျိန်းသေပဲဗျို့။ ကျွန်တော်ဒီအကြောင်းအရာကိုအားထုတ် ရေးသားနေမိတာက အကျဉ်းထောင်ထဲ ကိုမရောက်သင့်သူမရောက်အောင် စိတ်စေတနာနဲ့ပါ။ ကျွန်တော်ထောင်ထဲနေ ခဲ့ရစဉ်ကာလကတည်းက ငါဒီအကြောင်းတွေကိုအများအကျိုးအတွက် တစ်နေ့မှာပါးစပ်ကလည်း ပြောပြမယ်။ အခွင့်သာရင် လည်း စာရေးမယ် လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ထောင်ထဲမှာတုန်းက ကိုယ်စကားကိုတန်ဖိုးထားသူ အချို့အကျဉ်းသားများကို ကြိုတင်ပြီး သွန်သင်ပြောဆိုခဲ့ခြင်း၊ အချို့ကို ဆွေးနွေးပြခြင်းများကို ပြုလုပ်ခဲ့ပါတယ်ဗျာ။ ဥပမာ လူ ၃၊ ၄ ယောက်ထက်မနည်းသတ်ခဲ့ဖူးပြီး အဲဒီတုန်းက ထောင်ထဲမှာ နှစ်အတန်ကြာနေခဲ့ရပြီးဖြစ်သူအကျဉ်းသားကြီးများကို ကျွန်တော်က ကြိုတင်သတိပေးခဲ့ဖူးပါတယ်။

အဲဒီအကျဉ်းသားကလည်းကောင်းကောင်းနောင်တရနေပြီဆိုတာကို နှစ်ပေါင်းများစွာ အနေနီးစပ်ခဲ့လို့သိနေခဲ့ပါတယ်။ ဒီတော့ ကျွန်တော်က သူ့ကိုပြောတယ်။ ခင်ဗျားမကြာခင် အကျဉ်းထောင်က လွတ်မြောက်ခဲ့ရင် ခင်ဗျားကိုဒုက္ခပေးမယ့်ကိစ္စကို ကြိုတင်မြင်နေတယ်။ အခုခင်ဗျားကနောင်တရနေပြီ။ ငါနောက်ကို လူမသတ်မိအောင်ကြိုးစားထိန်းချုပ်မယ်ဆိုပေမဲ့လို့ ခင်ဗျားမှာအတိတ်ကလူသတ်သမားကြီးဆိုတဲ့ဆိုင်းဘုတ်ကြီးကို ခင်ဗျားကိုင်ထားဆဲပဲဆိုတာ ကျွန်တော်သိနေတယ်။ တစ်နေ့က ကောင်လေး တစ်ယောက်ကိုတောင် ခင်ဗျားပြောထည့်လိုက်တာ ကျွန်တော် ဘေးကကြားလိုက်ပါတယ်။ ဘာတဲ့။ 'ဟေ့ကောင်ငါဘာမှုလဲဆိုတာ စုံစမ်းကြည့်လိုက်ဦးဆိုတာလေ'။ အဲဒါတွေကို ခင်ဗျားခံယူနေရင်/မာန်တက်နေရင် ခင်ဗျားထောင်ကလွတ်မြောက် ပြီးတော့ ကောင်းကောင်းနေချိန်မှာ အပြင်လောကမှာအခုကြီးပြင်းလာတဲ့ မျိုးဆက်သစ်လူမိုက်ကလေးတွေရှိလာနေပြီ။ သူတို့ကလယ်ဗယ်တန်ခြင်းစိန်ခေါ်ဖို့လိုရရင် ၂မှတ်၊ ၃ မှတ်ပဲမိုက်ဂုဏ် တက်မယ်။ ခင်ဗျားလို အရင့်တမာလူမိုက်ကြီးကို ဖြိုပြလိုက်မှ အမှတ် ၁၀၀ လောက်ကြီးကျယ်မြင့်တက်သွားမှာဆိုတဲ့ အတွေးအခေါ်ရှိကြတယ်။ ခင်ဗျားကိုလူထုထုရှေ့မှာ အဲဒီနောက်ပေါက်မျိုးဆက်သစ်က စိန်ခေါ်လိုက်ရင်၊ ခင်ဗျားချထားတဲ့ မာန်မာနက အခုထောင်ထဲမှာရနေတဲ့ နောင်တကို ကျော်လွှားသွားပါလိမ့်မယ်ဗျာ။ ဒီတော့ခင်ဗျားရဲ့ ဘရိတ်မဲ့လူသတ်လက်ကလျင်ခဲ့ရင် ခင်ဗျားလူသတ်မှုထပ်ဖြစ်မယ်။ ခင်ဗျားအိုကြီးအိုမနဲ့ မျိုးဆက်သစ်ရဲ့အားကို မလှန်နိုင်ခဲ့ရင်လည်း သချိုင်းကုန်းကိုရောက်လိမ့်မယ်။ အဲဒီတော့ ခင်ဗျားအတိတ်ကို ခေါင်းထဲက ဖျောက်ပြီး မာန်ကိုချလိုက်ပါတော့။ မာန်မချနိုင်ခဲ့ရင်လည်း နေထိုင်ရာဒေသပြောင်းပါ။ လူသစ်တွေနဲ့ အခုထောင်ထဲမှာနေထိုင်သလိုသာနေပါ။ ကျွန်တော်ကတော့ ခင်ဗျားကို နှစ်ပေါင်းများစွာရင်းနှီးခဲ့ရလို့ခင်မင်မှုနဲ့ စေတနာထားပြောတာပါနော်' လို့ဆွေးနွေးပြခဲ့ဖူးပါတယ်။ နိုင်ငံရေးအမှုများထဲမှာလည်း ကိုယ့်ကိုယ်ကိုတည်ငြိမ်ရင့်ကျက်အောင်ထိန်းချုပ်နိုင်အောင်လေ့ကျင့်တည်ဆောက်ထား သူလေးစားစရာကောင်းသူတွေကလွဲလို့ အချို့သူတွေ (တန့်နန့်)ထဲက မထွက်နိုင်ခဲ့ ကြတာ (စာရေးသူလည်းပါခဲ့ဖူးပါတယ်။) အသက်ရလာမှ အဆုံးအမတွေနာယူမိ/ မိမိကိုယ်မိမိဆင်ခြင်ကြည့်တော့မှသာ ကိုယ့်အပြစ်ကိုယ်မြင်ပြီး ယောနိသောမနသီကာရကိုနားလည် နှလုံးသွင်းနိုင်ခဲ့တာပါ။ ဆက်ရေးရရင် ဒီ (တန့်နန့်) ကိစ္စကတော်တော်ဆိုးဝါးပါတယ်။ ထမင်းစားချိန်တန်မစားရရင်လည်း (တန့်နန့်)။ ရေချိုးချိန်တန်မချိုးရရင်လည်း (တန့်နန့်)။ မိမိမနှစ်သက်တဲ့အမူအရာ၊ စကားကိုလည်း (တန့်နန့်) ဆိုတော့ ကာယကံရှင်ကကိုယ့်ကိုယ်ကိုသာသတိမပြုမိတာ။ အလွန်မအေးချမ်းတာဘဲဗျာ။ ပူလောင်လှပါတယ်။ ကျွန်တော်မဆင်ခြင်နိုင်ခဲ့တုန်းကများ စိတ်ကလည်းဆတ် စိတ်ကမခိုင်းမိခင်လက်ကရောက်ချင်နေတာ။ အလွန်အကျိုးမဲ့ခဲ့ပါတယ်။ ကိုယ်နဲ့ထစ်ထားသူကို လမ်းမှာတွေ့လိုက်ရင်အသည်းနှလုံးတည့်တည့်မှာ ရေးနွေးလောင်းချလိုက်သလို ဖျဉ်းခနဲဖြစ်တတ်လေ့ရှိခဲ့ပါတယ်။ ဟိုတစ်ဖက်သားကတော့ သိချင်မှတောင်သိမှာပါ။ ကျွန်တော်ကံကောင်းလို့သူတော်ကောင်းတရားတွေ အဆုံးအမတွေကို နာခံမိလို့၊ မိမိကိုယ်မိမိမညာမတာဆင်ခြင်မိလို့အခုတော့ အဲဒီအပူတွေ/မအေးချမ်းမှုတွေကနေတော်တော်လွတ်မြောက်ခဲ့ရပါပြီ။ ဒါပေမဲ့ နည်းနည်းတော့'ဇ'ကျန်နေသေးတာကိုလည်း ဝန်ခံပါတယ်ဗျာ။

အဲဒီတော့ စာရှုသူများခင်ဗျား။ ကျွန်တော်ထောင်ထဲမှာ ၂၃ နှစ်နီးပါးလူဆိုးအမျိုးမျိုးယုတ်မာသူအမျိုးမျိုးလူကောင်းအမျိုးမျိုးနဲ့အတူနေထိုင်ခဲ့ဖူးပါတယ်။ ညီအစ်ကိုမောင်နှမတွေတောင်တစ်ယောက်အကြောင်းတစ်ယောက်ဒီလောက်မသိခဲ့ရဘူးဗျာ။ ထောင်ထဲမှာက မြင်ချင်သည်ဖြစ်စေ၊မမြင်ချင်သည်ဖြစ်စေတစ်ယောက်မျက်စိအောက်တစ်ယောက်နှစ်ပေါင်းများစွာနေခဲ့ရလို့ အူမချေးခါးမကျန်အားလုံးနီးပါးသိခဲ့ရပါတယ်။ အချို့သူတွေဆိုရင် အံ့သြစရာတွေ တွေ့ခဲ့ ရပါတယ်။ သနားကြင်နာတတ်တဲ့ လူသတ်၊ ဓားပြ၊ သစ္စာရှိတဲ့သူခိုးပိုက်ဆံချမ်းသာလူကလည်းလှပြီး ရေတစ်နေ့မချိုးရင်ကိုယ်နံ့အလွန်နံတဲ့သူ၊ ရေကြောက်လို့ ၆ လတစ်ခါလောက် ဘေးကပိုင်းပြောမှ ရေချိုးတတ်တဲ့ ခိုးမှုများစွာနဲ့ ထောင်ကျနေသူသူခိုးညစ်ညစ်ပတ်ပတ်က မိမိကိုလာပြီးအမြဲနှိပ်နင်းပေးနေလို့ အကဲခတ်မိလိုက်တာက ဒီကောင်ထံက မနှစ်သက်ဖွယ်အနံ့ဆိုးမထွက်ဘူးဆိုတာလည်းသိခဲ့ရသလို ထောင်ဝင်စာမလာနိုင်၊ ဆင်းရဲတဲ့ဓားပြလူသတ်က ထောင်ထဲမှာ ပိုက်ဆံခုနစ်သောင်းကောက် ရတာကို ကျွန်တော်ရှေ့မှာတင် ပိုင်ရှင်ကိုလိုက်ရှာပေးနေတာလည်းမြင်ဖူးခဲ့ပါသဗျ။ ပုတီးလက်ကမချတတ်သူ (အပက) (ပြည်သူပိုင်ပစ္စည်းမြောက်မြားစွာခိုးသူ) တစ်ဦး၊ ချမ်းလည်းချမ်းသာတယ်။ ဒါပေမဲ့သူနဲ့ဘာမှမဆိုင်ဘဲ သူများနစ်နာရန် အမြဲကုန်းချောပြီးထောင်အရာရှိများကို သတင်းပေးလုပ်နေသူလည်းမြင်ဖူးခဲ့ပါရဲ့။

**(ဆက်လက်ဖော်ပြပါမည်)**

The HOT NEWS
Vol - 4, No - 154, 30 Aug - 5 Sep, 2013



## ဇာတာမှာ ရန်များနေတဲ့ နန်းဆု

သည်းခံစိတ်မွေးဖို့ ရန်ကို ရန်နဲ့ မတုံ့နှင်းဖို့နန်းဆုရတီစိုးကို ဆရာတော်ကြီးများက မိန့်မှာဆုံးမကြောင်း သူမကပြောလာပါတယ်။ နန်းဆုရဲ့ ဇာတာကိုက အခက်အခဲများတဲ့ ဇာတာဖြစ်ကြောင်း တိုက်ခိုက်သူများရှိကြောင်း ဒါပေမဲ့ ဆရာတော်များဆိုဆုံးမသလို မေတ္တာစိတ်သာထားကြောင်းအပြစ်ဟူ၍မမြင်ကြောင်း ဒီလောကမှာ ရပ်တည်နေ သမျှ ရန်ကိုရှောင်၍နေရမည် ဖြစ်ကြောင်း စသဖြင့်ပြောပါတယ်။ ZZL



## မိုင်လေး အမောပြေစေဖို့

အခက်အခဲဆိုတာ နေရာတိုင်းမှာ အမြဲတမ်းရှိတတ်တယ်လို့ ရတနာမိုင်က ပြောပါတယ်။ ဒါလူတိုင်း၊ အနုပညာသမားတိုင်း၊ ရင်ဆိုင်ရမှာပဲ။ ဒါပေမဲ့ မိုင်လေးက အနားမှာ မေမေရှိနေတော့ တော်သေးတယ်လို့လည်း မိခင်ရဲ့ အရေးပါပုံကို ပြောပြတယ်။ အခက်အခဲတွေ့လာရင် မေမေက ဝိုင်းစဉ်းစားပေးကြောင်း အားပေးတတ်ကြောင်း ဆိုပါတယ်။

ရတနာမိုင်ဟာ သူမရဲ့ အနုပညာမှတ်တိုင်သစ်အဖြစ် မကြာခင်တတိယမြောက်တစ်ကိုယ်တော်တေးစုထွက်ရှိတော့မှာပါ။ တတိယတေးစုတိုင်အောင် ဂီတအပေါ် ရူးသွပ်စွာနဲ့ အနုပညာလုပ် အားခများကို စုဆောင်းပြီး တေးစု ထုတ်ခဲ့တာဖြစ်ပြီး သူမရဲ့သီချင်းတွေ ပရိသတ်လက်ထဲရောက်သွားရင် အမောပြေပါပြီလို့လည်းဆိုရဲ့။

HHL



## အတူလက်တွဲဖို့ ဆုံးဖြတ်လိုက်တဲ့ Zayn Malik

ကမ္ဘာကျော်ဆယ်ကျော်သက် အမျိုးသားတေးဂီတအဖွဲ့တွေကြား အမျိုးသမီးပရိသတ်များအသဲစွဲ One Direction အဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Zayn Malik ကတော့ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ချစ်ရေးချစ်ရာအကြောင်းကို ဖွင့်ဟလို့လာပါပြီ။ Zayn Malik ရဲ့ချစ်ရသူမိန်း ကလေးကတော့ တက်သစ်စ အမျိုးသမီးတေးဂီတအဖွဲ့လေးဖြစ်သည့် Little Mix မှ အဖွဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်သည့် Perrie Edwards ဖြစ်ပါတယ်။ အသက် (၂၀) သာရှိသေးတဲ့ Perrie Edwards နဲ့အတူ One Direction အဖွဲ့ရဲ့ မှတ်တမ်းရုပ်ရှင် This is Us အထူးပွဲကို တက်ရောက်လာတဲ့ Zayn က ပြီးခဲ့တဲ့ တနင်္ဂနွေ (၁၈) ရက်နေ့မှာ စေ့စပ်ခဲ့တာဖြစ်ပြီး လက်ထပ်ဖို့ကတော့ ယခုနှစ်အတွင်းမှာ အစီအစဉ်မရှိဘူးလို့ အရိပ်အမြွက်ဆို သွားကြောင်းပါ။

နိုင်မာRef : E!Online

## ဦးတည်ချက်တစ်ခုထဲအောက်မှာ အတူရှိနေတဲ့ Kelly Clarkson



"Catch My Breth" နဲ့ ကမ္ဘာကျော်ခဲ့တဲ့ အဆိုကျော် မလေး Kelly Clarksonဟာ သူမရဲ့အတူနေချစ်သူ Brandon Blackstock နဲ့ရရှိတဲ့ ကိုယ်ဝန်လွယ်ထားပြီဆိုပြီး နာမည်ကြီးနေတာဖြစ်ပါတယ်။ Kelly Clarkson ကတော့ သူမရဲ့ တွစ်တာမှတစ်ဆင့် ပရိသတ်တွေကို အခုလိုဆိုထားပါတယ်။ "Brandon နဲ့ ကျွန်မတို့လက်ထပ်ခဲ့ကြတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မမှာကိုယ်ဝန်ရှိနေတယ် ဆိုတာကတော့ မဟုတ် ပါဘူး။ အကယ်၍ ရှိလာရင်တော့ ပရိသတ်တွေကို အရင်ဆုံး အသိပေးသွားမှာပါ" လို့ဆိုထားပါတယ်။

နိုင်မာ Ref : Gossip Center

# အစိုးရ၏တိုင်းရင်းသားအရေးဆောင်ရွက်ချက်များ စောင့်ကြည့်နေရသောအနေအထားတွင်သာရှိသေးဟု KNU ဒုစစ်ဦးစီးချုပ်ဆို



လက်ရှိနိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားများအတွက် တန်းတူ အခွင့်အရေးရရှိရန် ဆောင်ရွက်ချက်များ ထာဝရ ငြိမ်းချမ်းရေးတည်ဆောက်ရန် မျှော်မှန်း၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်ပြီး လက်ရှိအနေအထားအရ အစိုးရ၏ တိုင်းရင်းသားအရေးဆောင်ရွက်ချက်များ ဝကွက် ယုံကြည်လက်ခံခြင်းထက်ဆက်လက်စောင့်ကြည့်ရမည့် အနေအထားတွင်သာ ရှိသေးကြောင်း KNU/KNLAဒုတိယစစ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စောဂျော်နီက ပြောသည်။

"ထာဝရငြိမ်းချမ်းရေး တည်ဆောက်သွားဖို့ဆိုတာ ကျွန်တော်တို့တွေရဲ့ အဓိကမျှော်မှန်းချက်ပါ။ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးကို လိုလားတယ်။ ဒီထာဝရငြိမ်းချမ်းရေးဆိုတာကိုသွားဖို့ နိုင်ငံတော် အစိုးရအပေါ်မှာ မူတည်တယ်။ သူတို့ဘက်ကနေပြီး ပြောသလိုလုပ်ရဲ့လား၊အပြောနဲ့လက်တွေ့ ညီရဲ့လား၊ ကျွန်တော်တို့စောင့်ကြည့်ဦးမယ်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးတန်းတူအခွင့်အရေးရဖို့ မိဘပြည်သူတွေအားလုံးကလည်း ပူးပေါင်းပါဝင်ကြပါ၊ ဘာသာရေးအဖွဲ့အစည်းအားလုံးအတူလက်တွဲပြီး ထာဝရငြိမ်းချမ်းရေးဆိုတာကိုသွားဖို့ အားလုံးမှာ တာဝန်ရှိတယ်။ လက်ရှိအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒတွေပေါ့နော်။ အထူးသဖြင့် တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေးရရှိဖို့ စသဖြင့်ပေါ့နော်။ ဒါတွေက ကျွန်တော်တို့ လုံးဝဥသုံ ယုံကြည်ရလောက်တဲ့ အနေအထားမျိုး မရှိသေးဘူး။ အစိုးရကိုအပြစ်ပြောတာ မဟုတ်ဘူးနော်။ သူတို့လည်း ဆောင်ရွက်နေဆဲပါပဲ။ ခု ကျွန်တော်တို့ KNU အစိုးရနဲ့ အပစ်အခတ်ရပ်တာ ၂ နှစ်ကျော်ပြီ။ ပထမခြေလှမ်းပဲ ရှိသေးတယ်။ အရေးကြီးတဲ့၊ ခိုင်မာတဲ့ အပစ်အခတ်ရပ်စဲရေး မရောက်သေးဘူး"ဟု KNU ဒုတိယစစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစောဂျော်နီက ပြောကြားသွားခဲ့သည်။

KNU နှင့်အစိုးရတို့ နှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ လွန်ခဲ့သည့် ၂ နှစ်ခန့်မှ စတင်ခဲ့သော်လည်း လက်ရှိအနေအထားအရ အပစ်အခတ်ရပ်စဲရေးမှာ တိကျခိုင်မာမှုမရှိကြောင်း၊ နယ်မြေပိုင်းခြား သတ်မှတ်ရေးနှင့် တန်းတူအခွင့်အရေးရရှိရေးတို့အတွက်မှ လွန်စွာ အားနည်းလျက်ရှိနေသောကြောင့် အစိုးရ၏မူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ ဆက်လက်စောင့်ကြည့်နေဦးမည်သာဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားခဲ့သည်။

**ခန့်ခန့်(ဒဿနိက)**

# မြို့နယ်မှတိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ထိ အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန်မလိုဟုဆို

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီပါတီသစ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က ပြည်ထောင်စုလွှတ်တော်အနေဖြင့် ရပ်ကွက်(သို့)ကျေးရွာအုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့်အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်း မရှိသေးသောကြောင့် အုပ်ချုပ်ရေးဥပဒေမူကြမ်းတစ်ရပ်ဆွဲရန် ပထမအကြိမ်ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအားတိုက်တွန်းခဲ့ကြောင်း သိရသည်။

ယင်းတင်ပြချက်နှင့်ပတ်သက်၍ ဦးသိန်းညွန့်က "သမ္မတကြီး ကိုယ်တိုင်စီမံအုပ်ချုပ်ရေးစနစ်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရာမှာ ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနဲ့အညီ ပြည်သူ့ဝန်ကိုဆောင်သောပြည်သူ့ဝန်ထမ်းများဖြစ်အောင်ရပ်/ကျေးအုပ်ချုပ်ရေးပိုင်းမှ ပြည်ထောင်စုအဆင့်ထိ ပုဂ္ဂိုလ်ရေးပိုင်းဆိုင်ရာ အတွေးအမြင်၊အမူအကျင့်၊ လုပ်ပုံလုပ်နည်းများပြောင်းလဲခြင်း၊ လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အစိုးရအဖွဲ့ယန္တရားရဲ့ဖွဲ့စည်း တည်ဆောက်ပုံပြောင်းလဲခြင်းကိုလည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပြီဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးရဲ့ ရည်ရွယ်ချက်အတိုင်းကောင်းမွန်သော အစိုးရဖြစ်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်းမရှိဘဲ တာဝန်ပေးဆောင်ရွက်ခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဆီလျော်ခြင်းမရှိဘူး။ ၁၉၇၄ တစ်ပါတီစနစ်မှာ တောင်ဒီဌာနတွေအတွက် ဥပဒေသီးသန့်ရှိတယ်။ ဒီလိုဥပဒေမရှိတဲ့အတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဖို့ပြောဆိုထားတာတောင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မဆွေးနွေးဘူးဖြစ်နေတယ်။ ဒီလိုဆက်လက်အုပ်ချုပ်ခွင့်ပေးနေရင်ပြည်သူတွေအတွက် ကောင်းမွန်တဲ့ယန္တရားဖြစ်လာမှာမဟုတ်ဘူး။ ဒါကြောင့် ဥပဒေမူကြမ်းရေးဆွဲဖို့တင်ပြခြင်းဖြစ်တယ်"ဟုပြောသည်။ ဦးသိန်းညွန့်၏တင်ပြချက်ကို ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက အုပ်ချုပ်ရေးမှူးတာဝန် နှင့်ပတ်သက်၍ ဥပဒေအရပ်ရပ်ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ပြဋ္ဌာန်းရန်မလိုအပ်ကြောင်းတွေ့ရှိရသည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်းကို နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။

**မျိုးကျော်**

# ဖွဲ့စည်းပုံကိုပြင်ဆင်ဖို့ ကော်မတီတွေစတင်ဆွေးနွေးကြပြီ

မြန်မာနိုင်ငံတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့များနှင့်တိုင်းရင်းသားအဖွဲ့စည်းများကကြိုးပမ်းနေကြသည်။

ဩဂုတ်လ(၂၃)ရက်နေ့တွင် ပထမအကြိမ်ကျင်းပသည့်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏အစည်းအဝေး ၁/၂၀၁၃ ကိုလွှတ်တော်၊ ငွေစာရင်းရုံး၌ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကြီးမြင့်က "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလုပ်ငန်းအစုလိုက်ဖွဲ့ပြီးတော့အပိုင်းလိုက် ဆွေးနွေးသွားမယ်။ တစ်ပိုင်းချင်းကို အစုဖွဲ့လေးတွေမှာဆွေးနွေးသွားမှာဖြစ်တယ်။ ဒီဇင်ဘာ(၃၁)ရက်နေ့ကို နောက်ဆုံးထားပြီးတင်မယ်လို့ ရည်ရွယ်ထားပေမဲ့ ကာလတိုတဲ့အတွက် ဘယ်လောက်ထိ အပြီးဆီထိလုပ်နိုင်မယ်ဆိုတာကိုမှန်းလို့မရပါဘူး၊ ဖွဲ့စည်းအုပ်ချုပ်ပုံကိုအပိုင်းတွေခွဲပြီးဆွေးနွေးမယ်၊ဥပမာဘတ်ဂျက်တို့၊စီမံကိန်းတို့ လွှတ်တော်ကနေ ချေးငွေတွေအတွက် ကဏ္ဍတွေအများကြီးရှိတယ်။ အဲဒါကိုလွှတ်တော်မှာရေးရာကော်မတီမှာအပိုင်းလိုက်တာဝန်ယူ ဆွေးနွေးတဲ့ပုံစံမျိုးနဲ့ ဆွေးနွေးသွားမှာဖြစ်တယ်။ အခုတွေ့ဆုံပွဲဟာတော်တော်လေးယေဘုယျဆန်တယ်၊ တိုင်းရင်းသားအဖွဲ့စည်းတွေကလည်းသူတို့ရဲ့ရပိုင်ခွင့်တွေကိုလည်း ဆွေးနွေးဖြစ်တယ်။ ဆွေးနွေးပွဲမှာ လက်ရှိအာဏာရပါတီကတစ်ဝက်လောက်ပါတယ်။ နောက်တစ်ကြိမ်ဆွေးနွေးပွဲမတိုင်ခင် ဒီကြားထဲမှာ နှစ်ဖက် အပြန်လှန်တွေ့ဆုံမှုတွေပြုလုပ်နေမှာပါ။ ဒီလိုတွေ့ဆုံမှုတွေမှာဒီမိုကရေစီကျင့်စဉ်အရကောင်းသောရလဒ်တွေကိုညီညီညွတ်ညွတ်နဲ့ထွက်ပေါ်လာဖို့ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ကော်မတီတွင် ဦးနန္ဒကျော်စွာ (ဥက္ကဋ္ဌ) နှင့် ဦးဉာဏ်ကြီး(ဒု-ဥက္ကဋ္ဌ)အဖြစ် တာဝန်ယူထားပြီးလာမည့်အောက်တိုဘာ လွှတ်တော်ပြန်စချိန်တွင် ဆက်လက် ဆွေးနွေးသွားမည်ဟု သိရှိရသည်။

**မျိုးကျော်**



# စတော့ရှယ်ယာဈေးကွက်အတွက် အသင့်ဖြစ်နေပြီလား

အင်္ဂလန်၊အမေရိကန်၊တိုကျိုမြို့များရှိ စတော့ရှယ်ယာဈေးကွက်များသည် စီးပွားရေးလုပ်ငန်းများအတွက် များစွာအထောက် အကူပြုလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း လာမည့်နှစ်အနည်းငယ်အတွင်း၌ စတော့ရှယ်ယာဈေးကွက်ပေါ်ပေါက်လာနိုင်သောကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့် စတော့ရှယ်ယာဈေးကွက်နှင့်ပတ်သက်သောဥပဒေဆိုင်ရာအသိပညာများရရှိစေရန်ဩဂုတ်လ (၂၄) ရက်တွင် ရန်ကုန်မြို့ရှိ YMCAတာဝါ၌ တရားလွှတ်တော်ရှေ့နေ ဦးကျူးခေါင်၊ ဦးအောင်စိုးဦးနှင့် ဦးတင်သန်းဦးတို့ကအသိ ပညာပေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့သည်။

ယင်းဟောပြောပွဲတွင်ဆရာဦးကျူးခေါင်က စတော့ရှယ်ယာဈေးကွက်ကို ၁၇၇၃ခုနှစ်တွင် တရားဝင်ဖွင့်လှစ်နိုင်ခဲ့ပြီးထိုအချိန် က ဗြိတိသျှအင်ပါယာမှာကြီးမားကျယ်ပြန့်သဖြင့် လန်ဒန်စတော့ ရှယ်ယာအရောင်းအဝယ်ဈေးကွက်သည်ကမ္ဘာပေါ်တွင် အကြီးဆုံးဈေးကွက်ဖြစ်ခဲ့ကြောင်း၊ ထို့နောက်အမေရိကန်သို့ပြန့်သွားပြီး ၁၇၉၂ ခုနှစ်၊ မေလ (၁၇) ရက်တွင် နယူး ယောက်မြို့၌ စတော့ရှယ်ယာဈေးကွက်ကို ဖွင့်လှစ်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် စတော့အိပ်ချိန်းစတင်ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း ၂၀၀ ကျော်ကြာမြင့်ခဲ့ ပြီဖြစ်သော်လည်း နေ့စဉ်ငွေကြေး တန်ဖိုးကုဋေပေါင်းများစွာအရောင်း အဝယ်ပြုလုပ်နိုင်သည်မှာ ဆယ်စုနှစ်အနည်းငယ်သာရှိသေးကြောင်းပြောကြားသည်။ ယခင်ကမြန်မာနိုင်ငံတွင်လည်း ရန်ကုန်စတော့ အိပ်ချိန်းဈေးကွက်ရှိခဲ့ပြီး ၁၉၃၀ ပတ်ဝန်းကျင်တွင် ကမ္ဘာ့စီးပွားရေးကပ်စိုက်သည့်အခါ ရန်ကုန် စတော့အိပ်ချိန်းဈေးကွက်ပျက်စီးခဲ့ပြီး ယခုမှပြန်လည်တည်ထောင်နိုင်ရန် နိုင်ငံတော်အစိုးရတာဝန်ရှိသူများအနေဖြင့်ဆွေးနွေးလျက်ရှိကြောင်း၎င်းကပြောကြားသည်။

"မြန်မာနိုင်ငံမှာတော့ အိပ်ချိန်းဈေးကွက်တည်ထောင်ဖို့ဆို တာ တော်တော် အချိန်ယူရမယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေတွေနဲ့တိတိကျကျပြဋ္ဌာန်းပြီးလုပ်ရမယ့်အရာဖြစ်သလို၊ဈေးကွက်အိပ်ချိန်းကနေအချိန်နဲ့ စက္ကန့်နဲ့အမျှ ဈေးနှုန်းတွေသတ် မှတ်ပြောင်းလဲပေးဖို့ အဆောက်အအုံတွေ၊ နည်းပညာတွေလိုအပ်နေသေးတယ်" ဟု ဦးကျူးခေါင်းက ထပ်မံပြောကြားသည်။

တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သူ ဦးတင်သန်းဦးကလည်း "မြန်မာနိုင်ငံမှာ စတော့အိပ်ချိန်းမရှိပေမဲ့ ရန်ကုန်မြို့က မဂိုလမ်းတို့၊ ဘုရင့်နောင်ကုန်ဈေးကွက်တွေမှာ ကုန်စည်တွေကို အချိန် အပိုင်းအခြားနဲ့တက်ဈေး၊ ကျဈေးကစားတဲ့ဈေးကွက်ကရှိနေပါတယ်။ ဘယ်လိုမျိုးလဲဆိုတော့ ဥပမာ ကျွန်တော်က ပဲဈေးနှုန်းတက်မယ်လို့ စိတ်ထဲမှာထင်နေရင် စတော့ဈေးကွက်ကစားတဲ့လူဆီကိုသွားမယ်။ ဒီနေ့ကျွန်တော် ကို ပဲတက်ဈေးတစ်သောင်းနဲ့ဝယ်မယ်ဆိုပြီး လေနဲ့ဝယ်လိုက် တယ်။ သူတို့ကလည်းစာရွက်တစ်ရွက်ပေးပြီးရောင်းတယ်။ တကယ်လို့ အဲဒီနေ့မှာ တစ်နေ့လုံးပဲဈေးနှုန်းတက်နေရင် တက်တဲ့ဈေးနှုန်းအလိုက် ကျွန်တော်မြတ်တယ်။ ပြီးရင်စာရွက်နဲ့ပဲ မြတ်တဲ့ ငွေသွားထုတ်တယ်။ ရှုံးရင်လည်းစာရွက်နဲ့ပဲ ငွေသွားပေးတယ်။ ဒါဟာစတော့ဈေးကွက်ကစားတာပေါ့။ ဒါပေမဲ့ တရားဝင်စတော့ ဈေးကွက်မရှိသေးတဲ့အတွက် မကြာခဏငွေကြေးလိမ်လည်မှုတွေကြုံတွေ့နေရတယ်။ ခင်ဗျားတို့လည်းကြားမိမှာပါ။ ဟိုတလောက ဘုရင့်နောင်ကုန်စည်ဈေးကွက် မှာ ပဲကုန်သည်က ငွေတွေအများကြီးလိမ်သွားတာ။ ဒါတွေက အကျိုးဆက်တွေပါ"ဟု ယင်းကဆိုသည်။

မြန်မာနိုင်ငံတွင် စတော့အိပ်ချိန်းဈေးကွက် ပေါ်ပေါက်လာရန် လွှတ်တော်တွင် တာဝန်ရှိသူများက ရောင်းသူသတိပြုရမည့်ဥပဒေနှင့် ဝယ်သူသတိပြုရမည့်ဥပဒေများကို လွှတ်တော်မှ ဆွေးနွေးသည့်အခါ ဥပဒေဖောင်းပွမှုမဖြစ်ပေါ်စေရန် အထူးအလေးထားရမည် ဖြစ်ကြောင်း စတော့အိပ်ချိန်းဈေးကွက်ပေါ်ပေါက်လာပါက ပြောင်းလဲမှုမြန်ဆန်သည့် မြန်မာ့ငွေကြေးကို ထိန်းချုပ်နိုင်သည့် နေရာတစ်နေရာဖြစ်လာနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက်များစွာအကျိုးရှိမည်ဖြစ်ကြောင်းဥပဒေလေ့လာကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

**ဝင်းကိုကို**

The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep 2013

# တာဝန်ပေးပါက အမျိုးစောင့်ဥပဒေကို လွှတ်တော်သို့တင်သွင်းမည်ဟု ဒေါ်ခင်ဝိုင်းကြည်ပြော

*အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်ဝိုင်းကြည်က အမျိုးစောင့်ဥပဒေကိုလွှတ်တော်တွင် တင်သွင်းမည်ဟုကြားသိနေရသည့်အပေါ် ဆက်သွယ်မေးမြန်းခွင့်ရခဲ့ပါသည်။*

မျိုးကျော်



**မေး– အန်တီ ဒေါ်ခင်ဝိုင်းကြည်အနေနဲ့ အမျိုးစောင့်ဥပဒေကို လွှတ်တော်ထဲမှာ တင်သွင်းသွားမယ်လို့ ကြားနေရပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ရှင်းပြပေးပါခင်ဗျား။**

**ဖြေ–** အန်တီအနေနဲ့ ပြောရရင် လေထဲလမ်းလျှောက်နေသလို ဖြစ်နေတယ်။ အန်တီအနေနဲ့ အင်စိန်ရွာမဆရာတော်ကြီးနဲ့ တစ်ခါပဲဖူးခွင့်ကြုံခဲ့တယ်။ အမျိုးစောင့်ဥပဒေနဲ့ မဆွေးနွေးဖြစ်ခဲ့ပါဘူး။ ကိုယ်စားလှယ်တွေစုံပြီးလုပ်တဲ့ ပွဲတစ်ခုမှာ ပထမ အန်တီ့အနေနဲ့ မပြောခဲ့ဘူး။ ဒါတွေကို ရှင်းပြရင်အရမ်းရှည်သွားမယ်။ နောက်ပိုင်းကျတော့ အန်တီကိုယ်တိုင်တင်မယ်လို့ပြောတယ်။ ဘာကြောင့်ပြောသလဲဆိုရင် ဦးတည်ချက်၊ ရည်ရွယ်ချက် ကောင်းတယ်။ အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်း စောင့်ရှောက်တယ်ဆိုတာ ကောင်းတယ်။ အမြင်ကျဉ်းကျဉ်းနဲ့သူများကို ထိခိုက်နိုင်မှုမရှိရင် ပြီးရော။ ဒီစံချိန်၊ စံနှုန်းတွေဟာ နိုင်ငံတကာမှာ ရှိကောင်းရှိမယ်။ ဒါပေမဲ့ လွှတ်တော်ကို တင်မယ်ဆိုရင်တောင် လွှတ်တော်ဥက္ကဋ္ဌနာယကတွေက လက်ခံမှတင်လို့ရမှာဖြစ်ပါတယ်။ အန်တီ့အနေနဲ့ ကိုယ်လုပ်သင့်လုပ် ထိုက်တာကို တာဝန်ကျေပွန်စွာလုပ်တဲ့ သဘောဒီကိစ္စဟာ တိုင်းပြည်နဲ့အမျိုးဘာသာအတွက် သစ္စာရှိရှိဘာမှမတင်ရဲ့စရာမရှိဘူးလို့ အန်တီက ပြောခဲ့တာ။ အခု ဒီကိစ္စကို တင်ဖို့အတွက် အမျိုးသမီးကိုယ်စားလှယ် (၄)ဦး ရှိတယ်ဆိုပြီးဘယ်သူတွေဖြစ်နိုင်သလဲလို့သတင်းမီဒီယာတွေကမေးကြတယ်။ ဒါကိုလည်း အန်တီ့အနေနဲ့မသိဘူး။ အခုအမျိုးသမီးတွေက သူတို့ရဲ့ အခွင့်အရေးကိုတားဆီးတယ်။ ပိတ်ပင်တယ်လို့ ဒီဥပဒေကို မြင်နေတဲ့ သူတွေရှိတယ်။ နဂိုကတောင် မြန်မာပြည်ဥပဒေတွေက အမျိုးသမီးကို နှိပ်ကွပ်ထားတာ ဖြစ်တယ်။ ဒီဥပဒေပြဋ္ဌာန်းလိုက်ရင်၊ အမျိုးသမီးတွေအတွက် အင်မတန်မှနစ်နာမယ်။ မျိုးသမီးကိုယ်စားလှယ်တွေထဲမှာပြောတာရှိတယ်။ အန်တီရဲ့ခံယူချက်တွေး ခေါ်မြော်မြင်ပုံချင်းမတူဘူးလေ။ မတူကွဲပြားခြင်းကို ဒီမိုကရေစီကျင့်စဉ်အရ အန်တီကတော့ လက်ခံပါတယ်။ သူတို့တွေက ဒီဥပဒေဟာ အရေးမကြီးဘူး။ ဖွံ့ဖြိုးပုံအခြေခံ ပြင်ဖို့ရယ်၊ ငြိမ်းချမ်းရေးဖြစ်စဉ် ရှင်သန်ဖို့က အရေးကြီးတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ နိုင်ငံသားတွေဖွံ့ဖြိုးတိုးတက်ဖို့က ပိုအရေးကြီးတယ်လို့မြင်ပါတယ်။

**မေး– အမျိုးစောင့်ဥပဒေကို လွှတ်တော်မှာ တင်သွင်းဖို့ဆုံးဖြတ် ချက်ချခဲ့တဲ့အပေါ် ရောပြောပြပါဦး။**

**ဖြေ–** ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့တယ်။ မြန်မာနိုင်ငံအကြောင်းကို စိတ်ဝင်စားရင်ကမ္ဘာ့နိုင်ငံရေးကို စိတ်ဝင်စားရမယ်လို့ ပြောခဲ့တယ်။ ဥပမာ ပြောရရင် ရေကန်ထဲ ခဲပစ်ချသလိုပဲ။ လှိုင်းတွေက ကိုယ်ဆီကိုလာပြီး ရိုက်ခတ်ပါတယ်။ အခုကမ္ဘာကြီးမှာ ပြဿနာရှိတဲ့ဘာသာတရားတွေ မေတ္တာတရားတွေခေါင်းပါးပြီးတိုက်ခိုက်၊လုယက်၊ သတ်ဖြတ်နေတဲ့ ကိစ္စတွေဟာ အနိဋ္ဌာရုံပဲ။ ဒါကြောင့် သမိုင်း အရလူမျိုးတွေရဲ့ သမိုင်းကြောင်းအခြေအနေအရလုပ်သင့်တယ်လို့ အန်တီမြင်တယ်။ ဆရာတော်တွေပြဋ္ဌာန်းထားတဲ့ဥပဒေကဘယ်လောက်ထိ သိမ်မွေ့နက်နဲသလဲ၊ ဘယ်လောက်ဘောင် ကျဉ်းသလဲ၊ ဘောင်ကျယ်သလဲ ဆိုတာကို လေ့လာနေတယ်။ အန်တီ့ကို တာဝန်ပေးရင် တင်သွားမယ်။ လူအခွင့်အရေးကို လေးစားလိုက်နာတယ်ဆိုရင် ကိုယ်ကြိုက်တာပဲ တင်၊ မကြိုက်တာ မတင်နဲ့ဆိုတာ တစ်ကိုယ်တော် ပုံသန်းမှုပဲဖြစ်တယ်လို့ပြောချင်တယ်။ ဒီအချက်တော့ကြိုက်တယ်၊ဒီအချက်တော့မကြိုက်ဘူးလို့ ပြောခွင့်ရှိတယ်။ ညှိနှိုင်းယူလို့ရတယ်။ ဒီဥပဒေဟာလည်းမြန်မာ နိုင်ငံသူနိုင်ငံသားတွေအတွက် အမျိုး၊ ဘာသာ၊ သာသနာအတွက် နောင်လာနောင်သားတွေအတွက် လှပတဲ့ အမွေကောင်းဖြစ်နိုင်တယ်လို့ယုံကြည်တယ်။ ဒါပေမဲ့ ယနေ့အချိန်ထိ ဆရာတော်တွေနဲ့ တွေ့ဆုံခဲ့တာမရှိသေးဘူး။ဒီဥပဒေမှာပါတဲ့အချက်အလက်တွေကို မကြိုက်ရင်လည်း ဆရာတော်တွေကိုလျှောက်ထား ပြင်ဆင်ပြီးတော့ တင်သွားမှာဖြစ်တယ်။ နိုင်ငံတော်အတွက် သစ္စာစောင့်သိမယ်ဆိုပြီး တင်သွား မှာဖြစ်ပါတယ်။

**မေး– ဒီဥပဒေတင်ခွင့်ရမယ်ဆိုရင်တောင် အန်တီ့ကို ဝေဖန်မှုတွေ ရှိနေတယ်။ အဲဒီအပေါ် သဘောထား ပြောပြပေးပါ။**

**ဖြေ–** အန်တီ့ကို (NGO)အဖွဲ့က အမျိုးသမီးတွေက အမျိုးသမီး ကိုယ်စားလှယ်တွေအားလုံးကို ဖိတ်ကြားပြီး စည်ပင်ဝင်းထဲက ဆိုင်တစ်ခုမှာတွေ့ခဲ့တယ်။ ဒီဥပဒေ ကိုတင်မယ်ဆိုရင် ဒါနိုင်ငံရေးအရ လုပ်စားတာလို့ ပြောကြတယ်။ သူတို့အမြင်ကို ပြောချင်တာပြောလို့ရတယ်။ အန်တီ့အနေနဲ့ ကိုယ်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက်ဆိုရင် တင်သွားမယ်လို့ ဆုံးဖြတ်ထားတယ်။ ဒီဥပဒေမှာ ပါတဲ့ အချက်တွေထဲက အများလက်မခံနိုင်တဲ့ အချက်တွေကိုဆရာတော်တွေကိုလျှောက်ထားပြီးပြင်ဆင်သွားမယ်ကိုပြောပြဖြစ်ခဲ့တယ်။ အန်တီကို အမျိုးသမီးအဖွဲ့တွေ ဆွေးနွေးပြီး ချမှတ်ထားတဲ့ အချက် (၇) ချက်ကို ပေးခဲ့တယ်။ ဒီအချက်တွေမှာ ဘယ်လိုပဲပါပါ အန်တီကတော့ ကြိုဆိုတယ်။ အမျိုးသမီးတွေဟာ အမျိုးသမီးအခွင့်ရေးအတွက် စိတ်ဝင်စားပြီး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်တာကို ကြိုဆိုပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရသူတို့ရဲ့ လုပ်ဆောင်ချက်ကိုလက်ခံတယ်။ ချီးကျူးပါတယ်။ အန်တီဟာ မြန်မာပြည်မှာမွေးတယ်။ မြန်မာပြည်မှာ ကြီးပြင်းတယ်။ ဒါကြောင့် တိုင်းပြည်ကြီးကို လှပအောင် လုပ်ရမယ်။ ဘာသာမရွေးဘူး။ လူသားဝါဒကိုအသိမှတ်ပြုတယ်။ နိုင်ငံ တိုင်းမှာ မျိုးနွယ်စု ယဉ်ကျေးမှုနဲ့ ဘာသာတရားတွေ အကုန်ရှိတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ်ကိုးကွယ်တဲ့ ဘာသာကို အလေးအနက်ထားရမယ်။ တစ်ဦးနဲ့တစ်ဦးမစော်ကားမိဖို့ အရေးကြီးတယ်။

**ကျေးဇူးတင်ပါတယ်။**

## နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး ဆင့်မအကြိမ်ဆွေးနွေးပွဲတွင် လက်ပံတောင်းအရေးဖြင့် ဖမ်းဆီးခံထားရသူများအတွက်ထည့်သွင်းဆွေးနွေးသွားမည်

နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေး စိစစ်ရေးကော်မတီ ဆင့်မအကြိမ်မြောက်အစည်းဝေးကို ဩဂုတ်(၃၀)ရက်နေ့လယ်(၁)နာရီတွင် မြန်မာငြိမ်းချမ်းရေးစင်တာတွင်ဆွေးနွေးမည်ဟုကြားသိရသည်။

၎င်းဆွေးနွေးပွဲနှင့် ပတ်သက်၍ နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့မှ ဦးရဲအောင်က "ကျွန်တော်တို့ လက်ကျန်ထောင်ထဲမှာရှိတဲ့ အကျဉ်းသားတွေကို ပုဒ်မ(၁၇)နဲ့ ပတ်သက်ပြီး စာရင်းတွေတောင်းထားတာရှိပါတယ်။ အဲဒီ စာရင်းတွေရမရဆွေးနွေးမယ်။ နိုင်ငံရေးအကျဉ်းသားအဓိပ္ပာယ် ဖွင့်ဆိုချက်ကိုထပ်မံဆွေးနွေးပြီး အခုလက်ရှိထောင်ထဲမှ လုံခြုံရေးအရကျန်နေသေးတဲ့ အကျဉ်းသား(၁၂၂)ယောက်ကျန်နေသေးတယ်။ တော်တော်များများဟာ အခြားသောပုဒ်မတွေတပ်ထားတဲ့အပေါ် အသေးစိတ် ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

"လက်ပံတောင်းတောင် ကိစ္စမှာ ထောင်ကျနေတဲ့ကိုအောင်စိုး အပါဝင်(၃)ဦးမန္တလေးကကိုပြည့်ကျော်၊ ကိုအေးသိန်းတို့ကို စာရင်းထည့်သွင်းပြီးဖေါ်ပြထားတာရှိတယ်။ သူတို့ကိစ္စတွေနဲ့ ပတ်သက်လို့ ဆွေးနွေးနေပါတယ်။ ဆွေးနွေးတယ်ဆိုတာကလည်း ဒီလူတွေအတွက် တစ်ဦးခြင်းအနေနဲ့ ဆွေးနွေးတာမဟုတ်ဘဲ နဲ့ စာရင်းတွေကိုတင်ပြထားတဲ့လူတွေအထဲမှာ အားလုံးကိုခြုံငုံပြီး ဆွေးနွေးတဲ့ထဲမှာ ဒီလူတွေလည်း ပါပါတယ်"ဟု ၎င်းက ထပ်ဆင့်ပြောသည်။

"သမ္မတကြီးကဒီဇင်ဘာလမှာနိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးမယ်လို့ ပြောထားတာရှိတယ်။ ဒါကိုနိုင်ငံတော်ဘက်ကလည်း အကောင်အထည်ဖေါ်စေခြင်းတယ်။ ကျွန်တော်တို့ အတွက်လည်းထောင်ထဲမှာရှိတဲ့လက်ကျန်စာရင်းတွေကို တိတိကျကျရရှိဖို့က အရေးကြီးပါတယ်။ စာရင်းတွေကိုရဖို့အတွက် နိုင်ငံတော်ဘက်က စီစဉ်ဆောင် ရွက်ပေးမှ အဆင်ပြေပါလိမ့်မယ်။ ဒီလိုစာရင်းရမှ ဒီလူတွေကို ဘယ်လိုပုံစံမျိုးနဲ့ ထောင်ချခဲ့တာလည်း နိုင်ငံရေးအမှုနဲ့လား၊ အခြားသောရာဇဝတ်မှုတွေနဲ့ ဆက်နွယ်နေတာလားဆိုတာကို သိရှိရမှာဖြစ်တယ်။ ယခင်အစိုးရ လက်ထက်မှာ နိုင်ငံရေးသမား တွေကိုအခြားသောရာဇဝတ်ပုဒ်မတွေတပ်ပြီး ထောင်ချခဲ့တာတွေ ရှိပါတယ်။ ဒါတွေဟာဟုတ်မဟုတ်ကို အရင်က စိစစ်တာထက်စာရင် လက်ကျန်အကျဉ်းသား တွေစိစစ်တာကို အချိန်တော့ ပိုယူရပါလိမ့်မယ်။ အသေးစိတ်စိစစ်ရပါမယ်။ ဒီလို စိစစ်နိုင်ဖို့ဆိုတာကလည်း အဓိက က လက်ရှိအစိုးရရဲ့ တာဝန်ရှိသူတွေအပေါ်မှာ အများကြီးမူတည်နေပါတယ်" ဟု၎င်းကထပ်မံပြောကြား သည်။

ယင်းသို့ ထည့်သွင်းဆွေးနွေးရန်အတွက် နိုင်ငံရေးအကျဉ်း သားဟောင်းများအဖွဲ့၊ နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ချုပ်၊အေအေပီပီ၊ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်တို့က ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

မျိုးကျော်



## ရာသီဥတုပြောင်းလဲမှုအခြေအနေများကို ပြည်သူများထံ တင်ပြရန်အတွက် အစိုးရအထောက်အပံ့လိုအပ်

မြန်မာနိုင်ငံတွင်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် အခြေအနေမှန်များကို ပြည်သူများထံသို့ အချိန်မီတင်ပြနိုင်ရန် (Climate Change Watch) ပြုလုပ်ရန်အတွက်အစိုးရ အထောက်အပံ့လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဒေါက်တာဦးထွန်းလွင်က ပြောကြားခဲ့သည်။

"မြန်မာစကားမှာရှိတယ်။ ဆင်သွားလမ်းဖြစ်တဲ့။ အခု Climate Change ကို ကိုယ့်အသက်လောက်အရေးကြီးတယ်ဆိုပြီး တစ်နေ့ကို ၁၅ နာရီလောက်အလုပ်လုပ်တယ်။ ဒါပေမဲ့ဘာဖြစ်တုန်းဆိုတော့ ဘာမှမဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆရာလုပ်နေတာက တစ်နိုင်တစ်ပိုင်ဖြစ်နေလို့။ Climate Change လို Issue မျိုးက တစ်အုံတစ်မနဲ့ တစ်နိုင်ငံလုံးလုပ်ရမှာ။ သဘာဝဘေးတို့ ရာသီဥတုပြောင်းလဲခြင်းတို့ကို ဖြေရှင်းတဲ့အခါမှာဘယ်လို Approve သုံးမလဲဆို ဆရာတို့လက်ခံထားတာက Multi-approve အခြားအဖွဲ့တွေပါပါရမှာ။ အဲလိုအကုန်ပါလာအောင် အစိုးရကပဲလုပ်နိုင်မှာ။ ဘယ်နိုင်ငံရေးအဖွဲ့ကမှ မလုပ်နိုင်ဘူး။ ဆရာလည်းမလုပ်နိုင်ဘူး။ အစိုးရပဲလုပ်ရမှာ။ ဒါကြောင့် အစိုးရအထောက်အပံ့ လိုပါတယ်"ဟု ၎င်းကပြောကြား ခဲ့သည်။

လက်ရှိတွင် မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဒေါက်တာ ဦးထွန်းလွင်မှ မိုးလေဝသသတင်း အချက်အလက်များကို ဂျာနယ်၊ မဂ္ဂဇင်းများနှင့် tunlwin.com စသည်တို့မှ ထုတ်ပြန်ပေးလျက် ရှိကြောင်း သိရသည်။ နောင်နောင်

# မြန်မာ့လွတ်လပ်ရေးစာချုပ်များ၊ ပြည်တွင်းစစ်နှင့်ပြည်တွင်းငြိမ်းချမ်းရေး

## မျိုးညွန့်

*(ယခင်အပတ်မှအဆက်)*

သို့လျှင် မွန်၊ ပအိုဝ်၊ ရခိုင်ပြည်နယ်ဒေသများတွင် ပြည်တွင်းစစ်မီးတောက် အတန်အသင့် အညွန့်ကျိုးသွားသော်လည်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ၁၉၅၈-၅၉ ဝန်းကျင်၌ ရှမ်းနှင့် ကချင်လက်နက်ကိုင်ပုန်ကန်မှုများ တစ်စခန်းထ စတင်ရန် အကြောင်းဖန် တာစူလာလေသည်။ ထိုပုန်ကန်မှု နှစ်ခုအကြောင်း တင်ပြရသော် မြန်မာနိုင်ငံတွင်းသို့ ပြည်ပကျူးကျော်မှုအဖြစ် ဝင်ရောက်လာသည့် တရုတ်ဖြူကူမင်တန်တပ်များအကြောင်း ချွင်းချန်ထားပါက ပြည့်စုံမည်မဟုတ်ပေ။ တရုတ်ပြည်ကြီးတွင် ၁၉၄၉ ခု အောက်တိုဘာလ၌ တရုတ်ပြည်ကွန်မြူနစ်ပါတီက တစ်ပြည်လုံးအာဏာသိမ်းပိုက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်လိုက်သောအခါ ကူမင်တန်ချန်ကေရှိတ်အစိုးရ တိုင်ပေသို့ ထွက်ပြေးခဲ့ရ၏။ ထို့အတူ မြန်မာနှင့် နယ်စပ်ချင်းထိနေသည့် ယူနန်နယ်မှ ဗိုလ်ချုပ်ကြီးလီမီခေါင်းဆောင်သည့် ချန်ကေရှိတ် အမှတ်(၉၃)တပ်မသည် မြန်မာနိုင်ငံတွင်း တိမ်းရှောင်ဝင်ရောက်လာရာမှ ကေအမ်တီ ကျူးကျော်မှု စတင်လာခဲ့သည်။ မြန်မာ့တပ်မတော်သည် ၁၉၅၂ ခုနှစ်မှစ၍ စစ်ဆင်ရေးကြီးများဖြင့် တရုတ်ဖြူ ကေအမ်တီတို့ကို တိုက်ခိုက်ခဲ့သည်။ ထိုစဉ် ရှမ်းပြည်နယ်ဒေသများတွင် စစ်အုပ်ချုပ်ရေး ကြေညာအုပ်ချုပ်ခဲ့ရသည်များလည်းရှိရာ ရှမ်းစော်ဘွားအချို့က ကျေနပ်လှသည်မဟုတ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန် သမ္မတနိုင်ငံထူထောင်နိုင်ခဲ့သော်လည်း ရှမ်းစော်ဘွားများမှာ မူလစော်ဘွားအခွင့်အာဏာများ ရရှိဆုပ်ကိုင်ထားဆဲဖြစ်၏။ ဤသည်ကို တိုးတက်သောအမြင်ရှိသည့် ရှမ်းတိုင်းရင်းသားလူငယ်တို့က စော်ဘွားများ ပဒေသရာဇ်အာဏာစွန့်ရေး နိုင်ငံရေးလှုပ်ရှား ဖိအားပေးလာခဲ့သည်များလည်းရှိသည်။ လူထုထောက်ခံမှုများလည်း ရတန်သရွေ့ရခဲ့သည်။ ရှမ်းစော်ဘွားတို့ကမူ မိမိတို့၏ အာဏာမစွန့်ရရေး နည်းမျိုးစုံ ကြိုးပမ်းခဲ့ကြ၏။ မိုင်းရယ်မြို့တွင် ၁၉၅၄ နှင့် ၁၉၅၇ ကြား ၃နှစ်အတွင်း ပဒေသရာဇ်စော်ဘွားများ အာဏာစွန့်ရန် အချိန်မကျသေး၍ အာဏာမစွန့်ရန်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေး၊ သီးခြားရှမ်းပြည်နယ် ထူထောင်ရေး၊ ပြည်ထောင်စုမှခွဲထွက်ရေးတို့ကို ဆွေးနွေးစဉ်းစား ဆုံးဖြတ်ခဲ့ကြသည်။

တစ်ဖက်တွင်လည်း ၁၉၅၇ ခုနှစ်အတွင်းတွင် ရှမ်းပြည်မြောက်ပိုင်းပါလီမန်အမတ် ဦးထွန်းအေး(နမ့်ခမ်း)က စော်ဘွားများ အာဏာစွန့်ရေး၊ ပင်လုံစာချုပ်အရနှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲထွက်ခွင့်ရှိသော်လည်း ရှမ်းပြည်နယ်ခွဲမထွက်ရေးတို့ကို လွှတ်တော်အစည်းအဝေးတွင် ကြိမ်ဖန်များစွာ တင်ပြခဲ့သည်။ထိုအခါက စစ်ခွန်ချို ဦးဆောင်သော **'ရှမ်းပြည်တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့.' (ရတစညဖ)** ဟူ၍ရှိရာ ထိုအဖွဲ့က ခွဲထွက်ရေးတောင်းဆိုခဲ့သည်။ သို့ကြား ရှမ်းလူထုခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးထွန်းအေး ဦးဆောင်သည့် **'ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့.' (ရပလ)** ကမူ ခွဲထွက်ရေးကို ကန့်ကွက်ခဲ့သည်။ တစ်ဖန် ရှမ်းပြည်နယ်တွင် **'ရှမ်းပြည် ပြည်သူ့ညီညွတ်ရေးအဖွဲ့.' (ရပညဖ)** ဟူ၍လည်း ရှိသေးရာ ထိုအဖွဲ့မှာ ခွဲထွက်ရေးအားသန်သည့်အဖွဲ့ဖြစ်ပြီး စော်ဘွားအချို့က အထူးသဖြင့် သီပေါနှင့်မိုင်းရယ်စော်ဘွားတို့က ငွေအားလူအား ပံ့ပိုးဖွဲ့စည်းခဲ့သော အဖွဲ့ဖြစ်လေသည်။ သို့လျှင် ရှမ်းပြည်နယ်တွင် ပြည်ထောင်စုမှ ရှမ်းပြည်နယ်ခွဲထွက်လိုသူ ခွဲမထွက်ချင်သူဟူ၍ ကွဲပြားလာခဲ့လေသည်။

၂၀. ၄. ၁၉၅၇ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်းရော၊ မြောက်ပိုင်းမှ စော်ဘွားများ ရှမ်းအမျိုးသားကိုယ်စားလှယ်များကို ဖိတ်ကြား၍ 'ရပညဖ'ညီလာခံတစ်ရပ်ကို မိုင်းရယ်တွင် ကျင်းပပြီး **စော်ဘွားများ အာဏာစွန့်ချိန်မကျသေး၍ အာဏာမစွန့်ရန်၊ ပင်လုံစာချုပ် ၁၀ နှစ်ပြည့်လျှင် ပြည်ထောင်စုမှ ရှမ်းပြည်နယ်ခွဲထွက်ခွင့်ရရန်၊ ဘော်တွင်းသတ္တုမိုင်းကို ပြည်ထောင်စုအစိုးရက လက်ဝါးကြီးအုပ်ထားခြင်းကို ဖယ်ရှားပေးရန်၊ ဂျပန်စစ်လျော်ကြေးထဲမှ ရှမ်းပြည်နယ်ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် သုံးစွဲရန်** စသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့လေသည်။ ထို့နောက် 'ရပညဖ'ဌာနချုပ်ကို မိုင်းရယ်မှ သီပေါသို့ ရွှေ့လာပြီး ၁၉၅၇ ဇူလိုင်လနောက်ပိုင်း၌ သီပေါတွင် **'မျက်နှာညိုဆန့်ကျင်ရေး'** (အသားညိုသော ဗမာများကိုဆိုလိုသည်) အပါအဝင် ဗမာဆန့်ကျင်ရေး၊ မြန်မာ့တပ်မတော်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြခြင်း၊ စာစောင်စာတမ်းများ ဖြန့်ဝေခြင်းတို့ဖြင့် လက်နက်ကိုင်ပုန်ကန်ရေးအတွက် ပြင်ဆင်လှုံ့ဆော်လာလေတော့သည်။

သို့နှင့် ၁၉၅၇ အကုန် ၁၉၅၈ အကူးတွင် ကျိုင်းတုံစော်ဘွား၏ဦးလေးတော် စဝ်ခွန်ဆိတ်နှင့် စိုင်းနွံ့ဆိုသူတို့ဦးဆောင်လျက် **'ကျိုင်းတုံပြည်နယ် လူငယ်အဖွဲ့.'** အမည်ဖြင့် အဖွဲ့တစ်ခုကို ကျေးရွာကာကွယ်ရေးအဖွဲ့အသွင်ဆောင် ဖွဲ့စည်းခဲ့သည်။ ရှမ်းပြည်နယ်အစိုးရသည် သင်္ကာမကင်းရှိသည်နှင့် စဝ်ခွန်ဆိတ်ကို ပုဒ်မ(၅)ဖြင့် ဖမ်းဆီးလိုက်ရာ စိုင်းနွံ့သည် မိုင်းကျွတ်သို့ထွက်ပြေးပြီး လူသူလက်နက်စုဆောင်း၊ စစ်ရေးလှုပ်ရှားမှု စတင်ခဲ့လေသည်။ ၁၉၅၈ နှစ်ဦးတွင် စဝ်ခွန်ဆိတ်ကို ပြန်လွှတ်ပေးလိုက်ရာ ၎င်းသည် ဖင်းမယ်သို့ ထွက်ပြေးပြီး ရှမ်းလက်နက်ကိုင်အဖွဲ့ကို ကူညီအားပေးလေသည်။ ထို့မှတစ်ဖန် စိုင်းနွံ့သည် **'ရဲရင့်သောရှမ်းလူငယ်အဖွဲ့.'** ဟု အဓိပ္ပာယ်ရသော **'နုံစစ်ဟန်'(NSH)** အမည်ဖြင့်အဖွဲ့တစ်ဖွဲ့ကို ၂၁. ၅. ၁၉၅၈ ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ် ဟွေပုံလောဒ် စတင်ဖွဲ့စည်းလိုက်ပြီး ထိုစခန်းတွင် လူ ၄၀၀ ခန့်အထိ စုစည်းမိလာသောအခါ ပန်တောင်း(ထိုင်းဘက်)သို့ ပြောင်းရွှေ့အခြေစိုက်လျက် လက်နက်ကိုင်လှုပ်ရှားမှု စတင်ခဲ့သည်။ သို့နှင့် ရှမ်းလက်နက်ကိုင်ပုန်ကန်မှု အထင်အရှားပေါ်ပေါက်လာခဲ့လေတော့သည်။ ထိုမှနောင်သော် ရှမ်းပြည်နယ်တစ်ခွင်၌ **'ရှမ်းပြည်နယ်လွတ်လပ်ရေးတပ်မတော်' 'ရှမ်းအမျိုးသားတပ်မတော်' 'ရှမ်းပြည်နယ်ညီညွတ်သောတပ်ပေါင်းစု' 'ညီညွတ်သောရှမ်းအမျိုးသားတပ်ဦး'** စသည့် အမည်နာမများဖြင့် ရှမ်းလက်နက်ကိုင် အဖွဲ့အစည်းများ ပေါ်ပေါက်လာလေတော့သည်။ ထိုအခါမှ ယခုအထိကာလအတွင်း ထိုအင်အားစုများသည် သီးခြားလည်းကောင်း၊ စုဖွဲ့၍လည်းကောင်း၊ စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်လာခဲ့လေတော့သည်။ ထိုသို့လုပ်ဆောင်ရင်း ထိုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း ဝင်ရောက်အခြေချနေနှင့်ပြီးဖြစ်သော တရုတ်ဖြူကေအမ်တီတပ်တို့နှင့် တစ်ရံတစ်ခါ လက်နက်ကိုင်ပဋိပက္ခဖြစ်လိုက်၊ တစ်ခါတစ်ရံ စေ့စပ်ညှိနှိုင်း ငြိမ်းချမ်းရေးယူလိုက်နှင့် ကြာသော် စစ်ရေးပဋိပက္ခများ အဆုံးသတ်၍ မဟာမိတ်ဖွဲ့ရသည့်အချိန်အထိ ဆိုက်ရောက်ခဲ့ရသည်။ သို့လျှင် ရှမ်းလက်နက်ကိုင်ပုန်ကန်မှုသည် ကာလကြာရှည်ခဲ့လေသည်။ ရှမ်းပြည်တစ်ခွင် ပြည်တွင်းစစ်မီးတောက်လောင်လျက် ရှိခဲ့လေတော့သည်။

ရှမ်းလက်နက်ကိုင်ပုန်ကန်မှုကဲ့သို့ပင် ကချင်လက်နက်ကိုင်ပုန်ကန်မှုသည်လည်း ၁၉၆၀ ပြည့်နှစ်တွင် **'ကချင်လွတ်လပ်ရေးအဖွဲ့.'(KIO)** အမည်ဖြင့် စတင်ပေါ်ပေါက်လာခဲ့သည်။ ပေါ်ပေါက်ရသည့်ဖြစ်စဉ်မှာ ဤသို့တည်း။ ၁၉၄၉ ခုနှစ်တွင် ဗိုလ်ကြီးနော်ဆိုင်းဆိုသူသည် ကချင်သေနတ်ကိုင်တပ်ရင်း(၁)မှ ထွက်ပြေးတောခိုသွားခဲ့သည်။၎င်းသည် ကေအင်န်ဒီအိုနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လှုပ်ရှားခဲ့၏။ ထိုစဉ် လားရှိုးတွင် ၈ တန်းကျောင်းသားငယ် ကချင်လူမျိုးဇော်ဆိုင်းသည် နော်ဆိုင်းနှင့် ဆက်သွယ်တောခိုသွားခဲ့သည်။ ၁၉၅၁ ခုနှစ် နော်ဆိုင်း တရုတ်ပြည်သို့ ဝင်ရောက်ခိုလှုံသွားသော်လည်း ဇော်ဆိုင်းသည် လိုက်ပါမသွားဘဲ သံတောင်ဒေသ၌ ကေအင်န်ဒီအိုထဲသာ ကျန်နေခဲ့သည်။ သို့နှင့် ၁၉၅၉ ရောက်သော် အသက်(၂၅)နှစ်ခန့်အရွယ် ကေအင်န်ဒီအို စစ်အရာရှိတစ်ဦး ဖြစ်နေလေပြီ။ ကေအင်န်ဒီအိုအဖွဲ့ဝင် ကချင်လူမျိုးဇော်ဘောက်သည် ဇော်ဆိုင်း၏ အကြံပေးအရာရှိအဖြစ် ဆောင်ရွက်ရင်း ရှမ်းပြည်မြောက်ဖျားတွင် မြေအောက်စည်းရုံးရေး စတင်ခဲ့သည်။ မကြာမီ တက္ကသိုလ်ကျောင်းသား ဇော်တူး(ဇော်ဆိုင်း၏ညီ)၊ လမုန်တူးချာ၊ တက္ကသိုလ်ကျောင်းထွက် လမာလရိမ်းတို့လည်း ရောက်ရှိစုရုံးမိလာပြီး **'ကေအိုင်အို'** ကို ထူထောင်လိုက်ကြသည်။ ၅. ၂. ၁၉၆၀ ရက်နေ့တွင် လားရှိုးငွေတိုက်ကို ဝင်ရောက်စီးနင်းလုယက်ခြင်းဖြင့် ကချင်လက်နက်ကိုင်ပုန်ကန်မှုကို စတင်ခဲ့လေသည်။ ကေအိုင်အို၏ လက်နက်ကိုင်တပ်ဖွဲ့အဖြစ် **'ကချင်လွတ်လပ်ရေးတပ်မတော်'(KIA)** ကို ၅. ၂. ၁၉၆၁ ရက်နေ့တွင် ဖွဲ့စည်းထူထောင်ကာ ၁၉၆၁ ဇူလိုင်လတွင် ကေအိုင်အေ တပ်ရင်း(၁)ကို ဗန်းမော်နယ်မြေတွင်လည်းကောင်း၊ တပ်ရင်း(၂)ကို မုံးစီးနယ်မြေတွင်လည်းကောင်း အခြေစိုက်လှုပ်ရှားခဲ့သည်။ ကေအိုင်အေ၏ အရန်လက်နက်ကိုင်အင်အားအဖြစ် ကချင်ကျေးရွာများတွင် **'ကျေးရွာကာကွယ်ရေးအဖွဲ့.'** (Villager's Defence Forces)များကိုလည်း ဖွဲ့စည်းခဲ့လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ၂၀၀၈ဖွဲ့စည်းပုံမှာ ယခင်စစ်အစိုးရကို အကာအကွယ်ပေးထားသည့်ဥပဒေတစ်ခုဖြစ်ကြောင်း KNU/KNLA တာဝန်ရှိသူဝေဖန်

၂၀၀၈နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာယခင်တပ်မတော်အစိုးရလက်ထက်တိုင်းရင်းသားမိဘပြည်သူများအပေါ်ကျူးလွန်ခဲ့သော အမှားများကို အကာအကွယ်ပေးထားသည့်ဥပဒေတစ်ခုသာဖြစ်ပြီး မည်သူမဆိုဥပဒေချိုးဖောက်ပါက ထိုက်သင့်လျော်ညီသောပြစ်ဒဏ် ခံရမည်ဆိုခြင်းကို မျက်ကွယ်ပြုထားရာရောက်ကြောင်း KNU/KNLA တပ်မဟာများဆက်ဆံရေးအရာရှိချုပ်ဦးစောမိုးဇက်ကဝေဖန်ပြောကြားလိုက်သည်။

"ကျွန်တော့်ယူဆချက်ကိုပြောရမယ် ဆိုရင်ဒီ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ယခင်စစ်အစိုးရအုပ်ချုပ်ခဲ့စဉ်ကကျူးလွန်ခဲ့တဲ့အမှားတွေလို အကာအကွယ်ပေးထားတဲ့ဥပဒေပဲ။ ဥပဒေဆိုတာကျောသားရင်သားမခွဲခြားဘဲ အားလုံးလိုအကာအကွယ်ပေးရမှာလေ။ ခုဟာကလူတစ်စုရဲ့အမှားတွေနဲ့ကျူးလွန်မှုတွေလိုအကာအကွယ်ပေးထားသလိုဖြစ်နေတယ်။ ၂၀၀၈ဖွဲ့စည်းပုံမှာပါတဲ့ ယခင်အစိုးရခေါင်းဆောင်တွေရဲ့တာဝန်အရဆောင်ရွက်ခဲ့မှုအပေါ်တရားစွဲဆိုခြင်းမရှိစေရဆိုတာကိုကမှားနေတာ။ ဖိလစ်ပိုင်မှာမားကိုးစ်အမှားတွေကျူးလွန်ခဲ့တယ်။သူ့ကိုတရားစွဲဆိုနိုင်တယ်။ ဒါမှဥပဒေလေ။ဒီလိုမျိုးတရားစွဲဆိုခွင့်မရှိတာကိုက မမှန်တာ။ ယခင်စစ်အစိုးရတုန်းကဆို တိုင်းရင်းသားရွာတွေကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့တယ်။



တိုင်းရင်းသား လူငယ်တွေအပေါ် အဓမ္မလုပ်ဟာခိုင်းစေမှုတွေလုပ်ခဲ့တယ်။ပေါ်တာတွေဆွဲခဲ့တယ်။ ဒါတွေဟာ အဲဒီအချိန်က အမိန့်ပေးတဲ့သူမှာ တာဝန်ရှိတယ်။ အထက်ကို မေးတော့ အထက် အမိန့်အရတဲ့။ အထက်ကိုမေးတော့မသိပါဘူးဆိုပြီး သူတို့ပဲ ဘော်လီဘောပုတ်နေတယ်။ ဒါလုံးဝမဖြစ်သင့်ဘူး"ဟု ဦးစောမိုးဇက်ကဝေဖန်သုံးသပ်ပြောကြားသွားခဲ့သည်။

ယင်း၏သုံးသပ်ပြောကြားချက်အရ ယခင်တပ်မတော်အစိုးရလက်ထက်အတွင်းတိုင်းရင်းသားများအပေါ်ဖိနှိပ်ချုပ်ချယ်မှုများ၊ အဓမ္မလုပ်အားခိုင်းစေမှုများအပြင် ကော့ကရိတ်မြို့နယ်ကော်ခွဲ့ကျေးရွာရှိ ရိတ်သိမ်းချိန် မှည့်ဝင်းနေသော စပါးခင်းများနှင့် အနီးရှိ သပြုအမည်ရှိ ကျေးရွာတို့ကို KNU တို့အသွားအလာ ရှိနေသည်ဟူသောအကြောင်းပြချက်ဖြင့်မီးရှို့ဖျက်ဆီးခဲ့ပြီး ယင်းကြောင့်သပြုရွာမှာရွာ လုံးကျွတ်မီးသင့်ပျက်စီးခဲ့ကြောင်း၊ လက်ရှိကာလမှာ ပွင့်လင်းလာပြီဖြစ်သည်နှင့်အညီ ယင်းအမှားများအတွက် သေချာစွာ စိစစ်စုံစမ်းသွားရန်နှင့် စိစစ်တွေ့ရှိပြီးပါက ပြန်လည်တောင်းပန်ခြင်းပြုရန်လိုကြောင်း ယင်းက ထပ်လောင်းပြောကြားသွားခဲ့သည်။ **ခနံ့ခနံ့ (ဒဿနိက)**

The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep, 2013



# ဆူညံဆူညံနဲ့ ပြောင်းဆန်သွားတဲ့ ထိုင်းပါလီမန်





ဩဂုတ်လ ၂၀ ရက်နေ့က ထိုင်းနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ခုနှင့် ပတ်သက်၍ ပြင်ဆင်နိုင်ရန် ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ရပ်ကို မနက် ၉နာရီတွင် စတင်ကျင်းပခဲ့သည်။ သို့သော် လွှတ်တော်အစည်းအဝေးတွင် အတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်ပါတီ လွှတ်တော်အမတ်များ (Democrat MPs) က ကန့်ကွက်မှုအချို့ရှိပြီး မကျေမလည်ဖြစ်ခဲ့ကြသဖြင့်လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားခဲ့ရသည်။

ထို့နောက်လွှတ်တော်အစည်းအဝေးကို ပြန်လည်စတင်ချိန်တွင် လွှတ်တော်သဘာပတိ(Parliment President) ဖြစ်သူ အတိုက်အခံလွှတ်တော်အမတ်များအခေါ် တုံးထုသူ (Gavel Master) သွန်သာကီယာဆူရာနော့ (Somsak Kiatsuranont)ကပြည်သူ့လွှတ်တော်လုံခြုံရေးရဲဝန်ထမ်း (House Police ) များကို လွှတ်တော်ခန်းမဆောင်အတွင်းခေါ်ထားသည်။

အစည်းအဝေးခန်းမအတွင်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များခေါ်ထားသည်ကို အတိုက်အခံဒီမိုကရက်အမတ်များက လုံးဝကျေနပ်မှု မရှိသဖြင့် ရဲဝန်ထမ်းများ ခန်းမဆောင်အပြင်ဘက်သို့ ထွက်ခွာရန် ပြောကြားခဲ့သည်။ ဒီမိုကရက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ကူလာဂျက်ပူပါတာနာကူက "ဒီနေရာဟာ ရဲဝင်ရမယ့်နေရာ မဟုတ်ဘူး" (This is not a police state here) စသည်ဖြင့် ပြောကြားခဲ့သည်။

အခြားအတိုက်အခံအမတ်များကလည်း ထ၍ကန့်ကွက်ခဲ့ကြသည်။ ထိုစဉ် သဘာပတိက လွှတ်တော်အမတ်အားလုံးကိုယ့်နေရာတွင်ကိုယ်ထိုင်ပြီး ငြိမ်ငြိမ်ဆိမ်ဆိမ်နေကြရန်ပထမအကြိမ်တုံးထုပြီး သတိပေးခဲ့သည်။ သို့သော် သူ၏ပြုမူဆောင်ရွက်ချက်မှာ လွှတ်တော်အမတ်များကို လှောင်ပြောင်သရော်သည့်ပုံစံမျိုးဟစ်အော်မှုများရှိခဲ့သဖြင့်လွှတ်တော်အမတ်များက နေရာမှထပြီးဆူပူအော်ဟစ်မှုများပြုလုပ်ရာလွှတ်တော်သဘာပတိက ရဲများကိုခေါ်ပြီး ဆူပူကြသည့် လွှတ်တော်အမတ်များကို ဆွဲထုတ်မှုများပြုခဲ့ကြရာ မှ ပြဿနာကြီးထွားခဲ့ရသည်။

ဒီမိုကရက်လွှတ်တော်အမတ်များက ရဲများကိုတွန်းထုတ်ခြင်း၊ ရဲများကလည်းလွှတ်တော်အမတ်များကို ဆွဲလားရမ်းလားပြန်လုပ်ကြခြင်းဖြင့် လွှတ်တော်ခန်းမအတွင်း ရုတ်ရုတ်သဲသဲဖြစ်ကာ လုံးထွေးသတ်ပုတ်မှုများဖြင့် ဝရုန်းသုန်းကားဖြစ်သွားခဲ့ရသည်။ နောက်ဆုံးလွှတ်တော်အမတ်များက လွှတ်တော်သဘာပတိကို ပလ္လင်(သဘာပတိထိုင်ခုံ)ပေါ်မှ လုံခြုံရေးအဖွဲ့က ထမ်းခေါ်ခဲ့ရသည်အထိဖြစ်ခဲ့ကြောင်း သိရသည်။ **ကျော်စိန် ကိုးကား - နေးရှင်း**

# အမေရိကန်ကာကွယ်ရေးဝန်ကြီး အာဆီယံခရီးစဉ် စတင်



အမေရိကန်ကာကွယ်ရေး ဝန်ကြီး ချပ်ခ်ဟေဂယ်လ်သည် ယနေ့ ဩဂုတ်လ ၂၂ ရက်တွင် မလေးရှားနိုင်ငံသို့ရောက်ရှိမည် ဖြစ်ကြောင်း ဝါရှင်တန်မှ သတင်းထုတ်ပြန်ထားသည်။ ၎င်းသည် အရှေ့တောင်အာရှ၄နိုင်ငံသို့ ဩဂုတ်လ ၃၀ ရက်နေ့ထိလာရောက်လည် ပတ်မည်ဟု ဆိုသည်။ ခရီးစဉ်၏ရည်ရွယ်ချက်မှာအမေ ရိကန်စစ်ဘက်အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့်ကာကွယ် ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် အရှေ့တောင် အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ အကြားအငြင်းပွားနေသည့် ကျွန်းများအရေးနှင့်ပတ်သက်၍ ၎င်း၏စိုးရိမ်မှုကို ဖော်ပြရန်ဖြစ် သည်။

၎င်း၏ခရီးစဉ်အတွင်း ဘရူနိုင်းနိုင်ငံ၌ကျင်းပမည့်အာရှပစိဖိတ်ကာကွယ်ရေးဝန်ကြီးများအစည်း အဝေးသို့တက်ရောက်ရန် ရောက်ရှိလာမည့် တရုတ်ပြည်သူ့လွတ် မြောက်ရေးတပ်မတော်မှကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချန်ဝမ် ကွန်နှင့်တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် လာမည့်ဩဂုတ်လ ၂၈ ရက် နှင့် ၂၉ ရက်တွင် အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ၎င်း၏ ခရီးစဉ်အတွင်း အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံများသို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိန်** **ကိုးကား - အေဘီစီ**

# အီရန်အကြမ်းဖက်သမား နှစ်ဦးကို ထိုင်းက ထောင်ချ



၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ အတွင်းကထိုင်းနိုင်ငံ၊ဘန်ကောက်မြို့ရှိ အစ္စရေးသံတမန်များကို ဗုံးဖောက်ခွဲတိုက်ခိုက်ရန်ကြိုတင်ပြင်ဆင်မှုဖြင့် အီရန်နိုင်ငံသား ဆာအိဒ်မော်ရာဒီ(Saied Moradi) ၂၉ နှစ်နှင့် မူဟာမက်ခါဇာအီ (Muhammad) ၄၃နှစ်တို့အား ဩဂုတ်လ ၂၂ ရက်တွင် ထိုင်း နိုင်ငံတရားရုံးချုပ်က ပြစ်ဒဏ် အသီးသီးချမှတ်လိုက်သည်။ ၎င်းတို့နှစ်ဦးသည် ထိုနှစ်ဖေဖော်ဝါရီလအတွင်း ၎င်းတို့နေအိမ်၌ လက်လုပ်ဗုံးများလုပ်ပြီး ရဲများကိုတိုက်ခိုက်ရန် ပြင်ဆင်ခဲ့ရာမှ မတော်တဆပေါက်ကွဲမှုဖြစ်ပြီး ဆာအိဒ်မှာ ခြေတစ်ဖက်ပြတ်ခဲ့ရသည်။ သတင်းဆက်စပ်ဖော် ထုတ်မှုအရ ၎င်းတို့နှစ်ယောက်သည် အစ္စရေးသံတမန်များကို ပစ်မှတ်ထားသတ်ဖြတ်ရန်လက်လုပ်ဗုံးများ ရည်ရွယ်လုပ်ဆောင်ခဲ့ ကြကြောင်းခိုင်လုံသည့်သက်သေအထောက်အထား များရရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းဖြစ်သည်။

ဆာအိဒ်ကို ထိုင်းနိုင်ငံ၏ လက်နက်ခဲယမ်းဥပဒေအရ ပေါက်ကွဲစေတတ်သော ခဲယမ်း များလက်ဝယ်ထားရှိမှု၊ လူသတ် ရန်ကြံစည်မှုတို့ကြောင့် ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်တစ်သက်တစ် ကျွန်းချလိုက် သည်။ မိုဟာမက်ခါဇာအီမှာ ပေါက်ကွဲစေတတ်သောယမ်းများ တရားမဝင်ပိုင်ဆိုင်မှုနှင့် ကြံစည် သူတို့၏စည်းစိမ်ဥစ္စာများကို ဖျက်ဆီးရန်လုပ်ဆောင်မှုဖြင့် ထောင် ၁၅ နှစ်ချလိုက်သည်။ ၎င်းတို့ကို ထိုင်းတရားရုံးတော်ကပြည်သူပိုင် ပစ္စည်းပျက်စီးမှုအတွက် ဘတ်ငွေ ၂သန်းနှင့်ညီမျှသောအမေရိကန် ဒေါ်လာ ၆၂၃၀၀ ပေးလျော်ရန်လည်း အမိန့်ချမှတ်ထားသည်။ **ကျော်စိန်** Ref : CNN

# ဆီးရီးယားကို အင်အားသုံးတိုက်ရန်မှတစ်ပါးအခြားမရှိဟု ပြင်သစ်ဝန်ကြီးပြော



၃နှစ်နီးပါးရှိလာပြီဖြစ်သည့် ဆီးရီးယားပြည်တွင်းပဋိပက္ခမှာ စစ်ရှိန်မြင့်နေဆဲဖြစ်သည်။ အစိုးရရော၊ သူပုန်များကပါ သမားရိုးကျလက်နက်များသာမက ဓာတုလက်နက်များပါ အသုံးပြုတိုက်ခိုက်နေကြကြောင်း အပြန်အလှန်စွပ်စွဲလျက်ရှိကြသော်လည်းကမ္ဘာ့ကုလသမဂ္ဂနှင့် အနောက်နိုင်ငံများက ဆီးရီးယားအစိုးရသည် ဓာတုလက်နက်များအသုံးပြုတိုက်ခိုက်နေကြောင်း ဖိအားပေးပြောကြားလျက်ရှိသည်။ လောလောဆယ် ကမ္ဘာ့ကုလသမဂ္ဂဓာတုလက်နက်စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဆီးရီးယားအစိုးရက ဝင်ခွင့်ပြုထားသဖြင့် ဓာတုလက်နက်စစ်ဆေးရေးအဖွဲ့ ဒမတ်စကတ်သို့ရောက်ရှိနေသည်။ သို့သော် နှစ်ဖက်တိုက်ခိုက်မှုများ လျော့ကျသွားခြင်းမရှိသေးသည့်အပြင် ဩဂုတ်လ ၂၁ ရက်က ဒမတ်စကတ်မြို့ဝန်းကျင်ရှိ သူပုန်များထိန်းချုပ်ထားသည့် နယ်မြေကို အစိုးရတပ်များကဓာတုလက်နက်များအသုံးပြုတိုက်ခိုက်ခဲ့သဖြင့် လူ ၁၃၀၀ နီးပါးသေဆုံးခဲ့သည်ဟု သူပုန်အဖွဲ့က စွပ်စွဲထားသည်။ ထိုကိစ္စမှန်၊ မမှန် ဆီးရီးယားရောက် ဓာတုလက်နက်စစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးရန် ကမ္ဘာ့ကုလသမဂ္ဂက ညွှန်ကြားထားသည်။

အကယ်၍ ဆီးရီးယားသည် ဓာတုလက်နက်သုံးစွဲကြောင်း တွေ့ရှိရပါက ဆီးရီးယားအစိုးရအပေါ် သည်းခံမှုအတိုင်းအတာကျော်လွန်သွားပြီဖြစ်သဖြင့် စစ်ရေးအရ အရေးယူရန်မှတစ်ပါး အခြားမရှိဟု ပြင်သစ်ဝန်ကြီးက ပြောသည်။ **ကျော်စိန်**

**ကိုးကား** - CNN

# International

The HOT NEWS
Vol - 4, No - 155, 30 Aug- 5 Sep, 2013



အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ခ်ဟေဂယ်

# ဆီးရီးယားကိုတိုက်ရန် ပင်တဂွန်စစ်ပြင်



ကျော်စိန်

သမ္မတအိုဘားမားသည် ဆီးရီးယားကို စစ်ရေးအရ အရေးယူရန် စိုင်းပြင်းနေပြီး စစ်ရေးအရ အရေးယူသင့် မယူသင့်ကို ၎င်း၏ နိုင်ငံတော်လုံခြုံရေးကောင်စီဝင် အရာရှိကြီးများ၊ စစ်ဘက်ဆိုင်ရာအကြံအကဲတို့နှင့် အပူတပြင်းဆွေးနွေးလျက်ရှိကြောင်း ယနေ့ဩဂုတ်လ ၂၅ ရက် နယူးယောက် ပို့စ်သတင်းတစ်ရပ်တွင်ဖော်ပြထားသည်။ သမ္မတအိုဘားမားက ဆီး ရီးယားအစိုးရသည် သူပုန်များကို ဓာတုဗေဒလက်နက်များ အသုံးပြုတိုက်ခိုက်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူကလေးသူငယ်များ ပါ အစုလိုက်အပြုံလိုက်သေဆုံး နေကြရကြောင်း ခိုင်လုံသည့် သတင်းအချက်အလက်များရရှိထားသဖြင့် ဆီးရီးယားကို စစ်ရေးအရအကန့်အသတ်ဖြင့်အရေးယူရတော့မည်ဟုဆိုသည်။

ထိုကိစ္စကိုသမ္မတအိုဘားမားအနေဖြင့် အချိန်ယူစဉ်းစားနေကြောင်းလည်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ်က သတင်းထုတ်ပြန်သည်။ ထို့ပြင်မြေထဲပင်လယ်ရှိ အမေရိကန်ရေတပ်ကို အသင့်ပြင်ထားရန် အမိန့်ပေးထားကြောင်းသိရသည်။ လက်ရှိအရှေ့အလယ်ပိုင်းဒေသ ပါရှန်ပင်လယ်ကွေ့၊ ပင်လယ်နီနှင့် အာရေဗျပင်လယ်အတွင်း အမေရိကန်အမှတ်(၅) ရေတပ်တော်အုပ်(United States Fifth Fleet) တပ်စွဲထားရှိပြီး လက်ရှိတပ်တော်အုပ်မှူးမှာ ဒုတိယဗိုလ်ချုပ်ကြီးဂျွန်မီလာ (Vice Admiral Jonn W.Miller) ဖြစ်သည်။ အရှေ့တောင်အာရှ ၄ နိုင်ငံခရီးခြေဆန့်နေသည့် အမေ ရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ခ်ဟေဂယ်သည် ကွာလာလမ်ပူသို့ရောက်ရှိနေပြီး ဩဂုတ်လ ၂၅ ရက်နေ့သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် "တကယ်လို့ သမ္မတအိုဘားမားက ဆီးရီးယားကို တိုက်တော့ဟုဆိုတာနဲ့ ကျွန်တော်တို့ တိုက်ဖို့အသင့်ပြင်ပြီးပြီ။ မြေထဲပင်လယ်မှာရှိတဲ့ ကျွန်တော်တို့တပ်တွေကိုလည်း အသင့်ပြင်ထားပြီ" လို့ "US Military forces in the meditterranean are ready to act if president Obama orders a strike at syria ..." စသည်ဖြင့် ပြောကြားသွားပါတယ်။

အကယ်၍ အမေရိကန်က ဆီးရီးယားကိုစစ်ရေးအရ အရေးယူဆောင်ရွက်ခဲ့ပါက စစ်ပွဲနယ်နိမိတ်မှာ ကျယ်ပြန့်သွားနိုင်ကြောင်း စစ်ရေးအကဲခတ်များကပြောကြားလျက်ရှိသည်။

Ref : Sunday Times



# ကုလသမဂ္ဂစင်မြင့်ပေါ်ရောက်လာတဲ့ ဂျီဘရော်လ်တာပြဿနာ



**ဂျီဘရော်လ်တာဆိုတာ**

ဂျီဘရော်လ်တာ (Gibraltar) ဆိုတာကတော့ စပိန်နိုင်ငံ အနောက်တောင်ကမ်းခြေရှိ ကျဉ်းမြောင်းပြီး ကျောက်ဆောင်ထူထပ်တဲ့ ကျွန်းဆွယ်လေးတစ်ခုပဲဖြစ်ပါတယ်။ မြေထဲပင်လယ်နဲ့ အတ္တလန္တိတ်သမုဒ္ဒရာအကြားမှာ တံခါးပေါက်သဖွယ်ဖြစ်နေပြီး ကမ္ဘာ့အရှေ့ခြမ်းဒေသများကို ဆက်သွယ်နိုင်တဲ့ လမ်းကြောင်းပေါ်တည်ရှိတာရယ် မြေထဲပင်လယ်အဝင်ဝကို ထိန်းချုပ်နိုင်တာရယ်ကြောင့် ဗြိတိန်တို့ ကိုလိုနီနယ်ချဲ့ထွင်ရာမှာ ဂျီဘရော်လ်တာရေလက်ကြားဟာအင်မတန်အရေးပါခဲ့ပါတယ်။ မဟာဗျူဟာအရလွန်စွာအချက်အခြာကျပါတယ်။ ဂျီဘရော်လ်တာဟာ မြောက်မှတောင် ၃မိုင် ရှည်ပြီးအကျယ်အားဖြင့် ဝဒသမ ၇၅မိုင်ရှိပါတယ်၊လူဦးရေ ၃ သောင်းခန့်ရှိပါတယ်။

**နောက်ခံသမိုင်း**

အေဒီ ၇၁၀ မှာ မိုးရ်လူမျိုး ဂျီဘရော်လ်တာအုပ်ချုပ်ခဲ့ရာမှ ၁၄၆၂ ခုနှစ်မှာ စပိန်တွေဟာ မိုးရ်လူမျိုးတွေကို အပြီးအပိုင် မောင်းထုတ်ခဲ့ပြီး စပိန်များက အုပ်ချုပ်ခဲ့ပါတယ်။ ၁၇၁၃ ခုနှစ် ဩဂုတ်လ ၈ရက်မှာ ဂျီဘရော်လ်တာကို ဆာဂျော့ရှ် ဦးဆောင်တဲ့ အင်္ဂလိပ်ရေတပ်ကသိမ်းပိုက်ခဲ့ပါတယ်၊ ဒါကြောင့် အင်္ဂလိပ်တွေသိမ်းပိုက်ထားတာ ဒီနှစ်ဆိုရင် နှစ်ပေါင်း ၃၀၀ ပြည့်ပါပြီ။

စပိန်တွေကဂျီဘရော်လ်တာကို သူတို့ ပိုင်အဖြစ် ပြန်လည်ရရှိရေး အစဉ် တစိုက် ကြိုးပမ်းနေဆဲပါ။ ၁၉၆၀ နဲ့၁၉၇၀ ပြည့်လွန်နှစ်များ အတွင်းကုလသမဂ္ဂစင် မြင့်မှာ ဂျီဘရော် တာရဲ့ အနာဂတ်အ ရေးနဲ့ပတ် သက်ပြီး ဆွေး နွေးခဲ့ကြ ပေမဲ့ တစ်စုံ တစ်ရာသော တူမှုမရရှိခဲ့ကြဘဲ လိပ်ခဲတည်းလည်း ဖြစ်နေတာကတော့ ဒီနေ့ထိပါပဲ။

**လတ်တလောတင်းမာမှုအခြေအနေ**

ဩဂုတ်လ ၁၈ ရက်နေ့က စပိန်နိုင်ငံ ငါးဖမ်းစက်လှေ အစီး ၃၀ခန့်ဟာငါးဖမ်းရန်အတွက် နှစ်နိုင်ငံအငြင်းပွားနေတဲ့ဂျီဘရော်လ်တာ ရေလက်ကြားသို့ ရောက်ရှိလာခဲ့ပါတယ်။ ဩဂုတ်လ ၁၉ ရက်နေ့မှာတော့ ဗြိတိန်ရေတပ်က ဝက်စ်မင်စတာ(HMS Westminster) စစ်သင်္ဘောကြီးဟာ ဖရီးဂိတ်တိုက်ရေယာဉ် ၂ စီး ခြံရံပြီး ဂျီဘရော်လ်တာကို ရောက်ရှိလာပါတယ်။ ဒါပေမဲ့ စပိန်ငါးဖမ်းစက်လှေတွေကို ဗြိတိန်ကမ်းခြေစောင့် လုံခြုံရေးရေတပ်သင်္ဘောတွေက ပိတ်ဆို့ထားတာကြောင့် စပိန်ငါးဖမ်းစက်လှေတွေ ရှေ့မတိုးနိုင်ဘဲ ဖြစ်နေရပါတယ်။

ဒီကိစ္စကို စပိန်နိုင်ငံက ဗြိတိန်ဟာ သူတို့ရဲ့ အချုပ်အခြာအာဏာကို ခြိမ်းခြောက်တာဖြစ်တယ်ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂကို အရေးယူပေးဖို့ တိုင်ကြားသလို ဗြိတိန်ကလည်း စပိန်တို့ရဲ့ လှုပ်ရှားမှုတွေကိုစောင့်ကြည့်ဖို့ ဥရောပသမဂ္ဂကို တောင်းဆိုထားတာကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုတွေ ပြင်းထန်လာနေပါတယ်။

စပိန်တို့ကလည်း ဂျီဘရော်လ်တာက နယ်စပ်ဖြတ်ကျော်သူတွေကို နယ်စပ်ဖြတ်ကျော်ခ လူတစ်ဦးလျှင် ၆၈ ဒေါ်လာထိ တိုးမြှင့်ကောက်ခံနေပြီး လိုသည်ထက်ပို၍ စစ်ဆေးမှုတွေ လုပ်နေပါတယ်။ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာတဲ့ ယာဉ်ကင်းလွတ်ခွင့်ရကုန်များကိုလည်း အခွန်တိုးကောက်လျက်ရှိပါတယ်။ ဒါ့အပြင် စပိန်ဝေဟင်ကို ဖြတ်ကျော်ပြီး ဂျီဘရော်လ်တာကို ဝင်ရောက်မယ့်လေယာဉ်များကိုလည်း ဖြတ်ကျော်ခွင့်ပြုမှာ မဟုတ်ဘူးဆိုပြီး ကြေညာထားကြောင့် ယခုဗြိတိန်-စပိန်တင်းမာမှုဟာ လွန်ခဲ့တဲ့ အနှစ် ၃၀က ဗြိတိန်-အာဂျင်တီးနား နှစ်နိုင်ငံအချင်းများခဲ့ကြရတဲ့ဖော်ကလန်စစ်ပွဲကိုသတိတရ ဖြစ်စေပါတယ်။

ကျော်စိန်



The HOT NEWS
Vol - 4, No - 155, 30 Aug - 5 Sep, 2013



# ကွန်ဒိုတစ်လုံးပေါ်မှ တောင်ကုန်းအိမ်



တရုတ်နိုင်ငံ၏မြို့တော် ဘေဂျင်းမြို့တွင် အထပ် (၂၆) ထပ်မြင့်မားသော ကွန်ဒိုတစ်ခုပေါ်တွင် ကျောက်တုံးများနှင့် ၎င်းတို့အကြားတွင်ပေါက်ရောက်နေသည့် သစ်ပင်များဖြင့် ကြီးမားသော တောင်ကုန်းအိမ် တစ်လုံးအား ဆောက်လုပ်ထားသည်။

သို့ရာတွင်ကျောက်တုံးများမှာ ကျောက်တုံးအစစ်များမဟုတ်ဘဲ ကျောက်တုံးအတုများသာဖြစ်ပြီး သစ်ပင်များမှာလည်း တရုတ်ရိုးရာဆေးရေးပန်းချီများသာဖြစ်သည်။

အိမ်နီးနားချင်းများက တရုတ်နိုင်ငံ၏ စတုရန်းမီတာ ၁၀၀၀ မက ကျယ်ဝန်းသည့် နောက်ဆုံးပေါ် ဗိသုကာဒီဇိုင်းသည် ၎င်းတို့၏အပေါ်သို့ ပြိုကျမည်ကိုစိုးရိမ်ကြကြောင်း တိုင်ကြားစာပေးပို့ခဲ့ကြသည်ဟု ဘေဂျင်းနံနက်ခင်းသတင်းစာကရေးသားဖော်ပြလိုက်သည်။

အနည်းဆုံးအိမ်နီးချင်းနှစ်ဦးတို့သည် နှစ်ချီ၍ကြာမြင့်မည်ဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပြောင်းရွှေ့သွားကြပြီဖြစ်ပြီး အခြားသော အိမ်နီးနားချင်းများကဆောက်လုပ်ရေးလုပ်ငန်းကြောင့် ရေပိုက်များ၊ နံရံများ ပျက်စီးမည်ကို စိုးရိမ်ကြကြောင်း တိုင်ကြားစာပေးပို့ခဲ့ကြသည်။

အထပ်(၂၆)ထပ်အဆောက်အအုံတွင်နေထိုင်သည့် အမည်မဖော်ပြလိုသူတစ်ဦးက ၎င်းအနေနှင့် နေထိုင်ရသည်မှာ အလွန်လုံခြုံမှုမရှိကြောင်း၊ မိုးဒဏ်ကြောင့်သော်လည်းကောင်းမုန်တိုင်းဒဏ်ကြောင့်သော်လည်းကောင်း အပေါ်ဆုံးထပ်ပြိုကျလျှင် မည်သို့ဖြစ်မည်ကိုမသိနိုင်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းစာက ဆက်လက်ရေးသားဖော်ပြလိုက်သည်။

အာဏာပိုင်များကလည်းထိုအဆောက်အအုံတရားမဝင်ကြောင်း ကြေငြာခဲ့သည်။ တရုတ်နိုင်ငံတွင် မြေဈေးနှုန်းများ ပို၍ပို၍ကြီးမြင့်လာသည်နှင့်အမျှ အထပ်မြင့်အဆောက်အအုံများပေါ်မှနေအိမ်များလည်းများပြားလာခဲ့သည်။

ဥက္ကာအောင်Source: Internet

# ပေ ၃၀၀၀ အမြင့်တွင် ကြိုးတန်းလျှောက်သူများ



အမေရိကန်ပြည်ထောင်စု ဥတားပြည်နယ်တွင်အခြေစိုက်သည့် 'မိုအစ်မျောက်များ' ဟုအမည်ပေးထားသော အားကစားသမားအဖွဲ့သည် အများကမိုက်ရူးရဲများဟု ထင်မြင်ကြမည်ဖြစ်သော်လည်း ယိုဆေမိုက်အမျိုးသားဥယျာဉ်တွင် မြေပြင်အထက် ပေ ၃၀၀၀ အမြင့်တွင် သေးငယ်သောဝါယာကြိုးတစ်ချောင်းပေါ်၌ ကြိုးတန်းလျှောက်ခဲ့ကြသည်။

ထိုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အက်ရှ်ဘန်းက ရည်မှန်းချက်တစ်ခုထားရှိပြီး ထိုရည်မှန်းချက် အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းဖြင့် အကောင်းဆုံးစိတ်ခံစားမှုကို ရရှိကြောင်း၊လောက၏ ဘုရင်တစ်ပါးကဲ့သို့ ခံစားရကြောင်း၊ မိမိကိုယ်မိမိ ကြီးကျယ်ခမ်းနားသူတစ်ဦးအဖြစ် ခံစားရကြောင်း ပြောကြားလိုက်သည်။

အက်ရှ်ဘန်းနှင့်အခြားသော အဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝန်းလှည့်လည်၍ ဝေဟင်အမြင့်တွင် ကြိုးတန်းလျှောက်နိုင်ရန်အတွက် စိတ်လှုပ်ရှားစရာအကောင်းဆုံးနေရာများကို ရှာဖွေခဲ့ကြသည်။ ၎င်းတို့သည် မြေပြင်သို့ကျရောက်မသွားစေရန် ဆိုင်းကြိုးတစ်ခုတည်းကိုသာအသုံးပြု၍ စတန့်ထွင်ကွက်များပြသခဲ့ကြသည်။

၎င်းတို့အဖွဲ့သည် ယခုနှစ်ဆောင်းရာသီအတွင်း ယိုဆေမိုက်နှင့် ရီယိုဒီဂျနေးရိုးတို့တွင် ကြိုးတန်းစတန့်များ အောင်မြင်စွာပြသနိုင်ခဲ့ကြပြီး နောက်တစ်ဆင့်အနေနှင့် ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်ကြမည်ဖြစ်သည်။

ထိုသို့ ကြိုးတန်းလျှောက်ရသည့် အတွေ့အကြုံသည် ရှင်းပြရန်အလွန်ခက်ခဲပြီး မည်သည့်အရာနှင့်မျှနှိုင်းယှဉ်၍ မရကြောင်းလည်း အက်ရှ်ဘန်းက ဆက်လက်ပြောကြားလိုက်သည်။ ဥက္ကာအောင်

Source:ABC News Blogs

# လျှပ်စစ်ကားများအတွက် ကြိုးမဲ့အားသွင်းနိုင်သောလမ်း ကိုရီးယားတည်ဆောက်

လျှပ်စစ်ဘတ်စ်ကားများသည် အားသွင်းစခန်းများ၌ရပ်နား၍ ၎င်းတို့၏ဘက်ထရီအိုးများကို အားသွင်းရမည့်အစား မောင်းနှင်ရင်း အားသွင်းနိုင်တော့မည်ဖြစ်သည်။

ကိုရီးယားရှေ့ပြေး သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သုတေသီများသည် မကြာသေးမီက တောင်ကိုရီးယားနိုင်ငံဂူမီမြို့တွင် မောင်းနှင်နေသောခရီးသည်တင်လျှပ်စစ်ဘတ်စ်ကားများ၏ ဘက်ထရီများကို အားသွင်းပေးနိုင်သည့်အထူးလျှပ်စစ်ကေဘယ်လ်ကြိုးများ အသုံးပြု၍ ၇ မိုင်ခွဲရှည်လျားသည့် နိုင်လွန်ကတ္တရာလမ်းကို တည်ဆောက်ခဲ့ကြသည်။



ထိုနည်းပညာသည် ပထမဦးဆုံးသောနည်းပညာဖြစ်ပြီး လျှပ်စစ်ဘတ်စ်ကားများ ဘက်ထရီအားသွင်းရန်အတွက် တစ်နေရာရာတွင်ရပ်တန့်ထားရန် မလိုအပ်တော့ပေ။

လျှပ်စစ်ကားများတွင်တပ်ဆင်ထားသည့်ပုံသွင်းထားသောသံလိုက်စက်ကွင်းပစ္စည်းသည် နိုင်လွန်ကတ္တရာလမ်းအတွင်း မြှုပ်နှံထားသော လျှပ်စစ်ကေဘယ်လ်ကြိုးများက ဖန်တီးပေးသည့် လျှပ်စစ်သံလိုက်စက်ကွင်းကို လျှပ်စစ်ဘတ်စ်ကားသို့ ထုတ်လွှင့်ပေးသည်။ သာမန်ဘတ်စ်ကားများအတွက်မူ အကျိုးသက်ရောက်မှုမရှိပေ။

ဤနည်းပညာသည်မော်တော်ယာဉ်များက လျှပ်စစ်အားသွင်းမှုကို လက်ခံရယူနိုင်ကြောင်း အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။

ဘက်ထရီအတွင်းရှိ ကွိုင်တစ်ခုက လမ်း၏အထက် ၆ လက်မကျော်ကျော်အကွာအဝေးတွင် လျှပ်စစ်သံလိုက် စက်ကွင်းကို လျှပ်စစ်အဖြစ်ပြောင်းလဲပေးနိုင်ကြောင်းလည်း သိရသည်။

Source:Forbes.com

ဥက္ကာအောင်




# ဒီဇိုင်းဆန်းသစ်တဲ့ Nokia x6

အခုတစ်ခါရွေးချယ်ထားတာ ကတော့ Nokia x6 ဖုန်းလေးပဲဖြစ်ပါတယ်။ 3.2 inches ရှိပြီး resolution 640×360 ရှိတာကြောင့် ပုံရိပ်ဖော်နိုင်စွမ်းအရောင်အသွေး စုံလင်လှတဲ့ဖုန်းလေးဖြစ်ကာ ဒီဇိုင်းဆန်းတာကြောင့် လူကြိုက် များတဲ့ ဖုန်းလေးဖြစ်ပြီး အနက်နဲ့ အဖြူနှစ်ရောင်လာပါတယ်။ 2GNetwork & 3G Network တွေမှာ ကောင်းမွန်စွာအသုံးပြု နိုင်တဲ့ ဒီဖုန်းလေး 5 megapixel ရှိတဲ့ camera ပါဝင်တာကြောင့်အပျော်တမ်းရိုက်ချင်သူတွေအတွက် အဆင်ပြေစေမယ့်ဖုန်းလေးပါ။

မြေပုံတွေကို လမ်းညွှန်ပေးမယ့် GPS system လည်းပါဝင်ပါ တယ်။ Internal Memory 16 GB ပါဝင်တာကြောင့် Card ထပ်မံဖြည့်တင်းဖို့လိုမှာမဟုတ်ပါ ဘူး။ Media ပိုင်းအနေနဲ့ သီချင်းနားထောင်တဲ့အခါမှာကောင်းမွန် စွာနားဆင်နိုင်တာကိုတွေ့ ရပါတယ်။ Data Transfer အနေနဲ့ Wi-Fi USB 2.0 Bluetooth တို့ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Nokia x6 ဖုန်းလေးဟာ ဒီဇိုင်းအားဖြင့် ဆန်းတာကြောင့် Nokia Brand ထဲမှာတော့ လူကြိုက်အများ ဆုံးဖြစ်နေတာတွေ့ရပါတယ်။ ဒီဖုန်းလေးရဲ့ ဈေးနှုန်းကတော့ $ 350 ဝန်းကျင်လောက်ရှိပါတယ်။ HN-NI

# အာဂျင်တီးနားနိုင်ငံတွင် ဗီယာဂရာအားဆေးများ အခမဲ့ဖြန့်ဝေ




အာဂျင်တီးနားနိုင်ငံသည် ကာမအားတိုးဆေးများအလွဲသုံးစားပြုလုပ်မှုကို တိုက်ဖျက်နိုင်ရန် အတွက် အစိုးရကထုတ်လုပ်သော ဗီယာဂရာအားဆေးများ အခမဲ့ဖြန့်ဝေမှုကိုပထမဦးဆုံး အကြိမ်အဖြစ်ဆောင်ရွက်ခဲ့သည်။

အားဆေးအလုံးနှစ်သိန်းကို စန်တာဖေခရိုင် ကျန်းမာရေးကွန်ရက်မှတစ်ဆင့်အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ထိုအားဆေးများကို စန်တာဖေတွင် အစိုးရပိုင် အယ်လ်အိုင်ဖက်ဖ်အက်စ်အီးဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်ပေးခဲ့ခြင်း လည်းဖြစ်သည်။ ထိုစက်ရုံမှထုတ်လုပ်ပြီးအခမဲ့ ဖြန့်ဝေပေးသည့်၎င်းဆေးဝါးများ သည် အမျိုးသားများအတွက် အကောင်းဆုံးအားဆေးများ ဖြစ်ပြီး ဘဝအဆင့်အတန်း ပိုမိုကောင်းမွန်စေရေးအတွက် ကမ္ဘာတွင်ကျော်ကြားသော ဆေးများ လည်းဖြစ်သည်။ ထိုဆေးများ ကြောင့် လူသေပျောက်မှုလည်း မရှိခဲ့ဖူးပေ။ ယခုဖြန့်ဝေပေးမှုသည် အာဂျင်တီးနားနိုင်ငံတွင်ပထမ ဆုံးဖြန့်ဝေပေးမှုလည်းဖြစ်သည်။

ယခုလုပ်ဆောင်ချက်သည် အားနည်းနေသောအမျိုးသားများအတွက် သတိမူမိရန်သာ မဟုတ်ဘဲ အားဆေးများ မှားယွင်းစွာသုံးစွဲမှုများကို ရှောင်ရှားပြီး ပြည်သူလူထုအနေဖြင့် မှန်ကန်စွာအသုံးပြုရန်အတွက်သတိပေးခြင်း လည်းဖြစ်ကြောင်း သိရှိရသည်။

ဥက္ကာအောင်Source: Internet

## ဖွဲ့စည်းပုံပြင်ဆင်ရေးတိုင်းရင်းသားအားလုံးပါဝင်သောမူတစ်ခုမချမှတ်နိုင်ပါက တစ်ဖက်သတ်ရေးဆွဲသည့်အဆင့်၌သာရှိနေဦးမည်ဟုဆို

စ ၄ သို့



## ရွှေတိဂုံစေတီပုံကို ရောင်းကုန်တံဆိပ်အဖြစ် အသုံးပြုသောကုမ္ပဏီကို ပစ္စည်းများဈေးကွက်မှပြန်သိမ်းရန်မလိုက်နာပါက အရေးယူမည်

“ ဗုဒ္ဓဘာသာဝင်များ အထွတ် အမြတ်ထားရာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ပုံနှင့် အခြားသော ဘုရားပုထိုးစေတီများအား ရောင်းကုန်တံဆိပ်အဖြစ် ရိုက်နှိပ် ရောင်းချနေခြင်းများရှိပါက တည်ဆဲဥပဒေနှင့်အညီ သာသနာရေးဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်သွားမည်... ”

စ ၁၀ သို့



“၂၀၁၅ မှာ တိုင်းရင်းသား တွေရဲ့ စောင့်ကြည့်စရာ အနေအထားတစ်ခုလို့တော့ ပြောလို့ရပါတယ်။ ဒါပေမယ့်တိုင်းရင်းသားတွေ လိုချင်တာကတည်ငြိမ်မှု၊ အေးချမ်းမှုပဲ။ ခုဆိုလည်း အဲဒီလမ်းစပေါ် ရောက်နေပြီပဲလေ။ ကျွန်တော့်အမြင်ပြောရမယ်ဆိုရင် လာမယ့် ၂၀၁၅ ဆိုတဲ့အထိစောင့် စရာမလိုထူးထင်တယ်။ တကယ်လို့တိုင်းရင်းသားတွေ စောင့်ကြည့်မယ်ဆိုတဲ့ ၂၀၁၅ ကိုရောက်သွားရင်လည်း အဲဒီကာလဟာ ကျွန်တော်တို့ရော တိုင်းရင်းသားညီအစ်ကိုတွေရော အားလုံးမျှော်မှန်းတဲ့ ပန်းတိုင်တစ်ခုမှာရောက်နေလိမ့်မယ်လို့ မျှော်မှန်းထား...”

## ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ်နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဒုဝန်ကြီး၏အမြင်

စ ၃၃ သို့



“ တိုင်းရင်းသားအားလုံး တန်းတူအခွင့် အရေးရရှိဖို့ စသဖြင့်ပေါ့နော်။ ဒါတွေက ကျွန်တော်တို့ လုံးဝဥဿုံယုံကြည်ရလောက်တဲ့ အနေအထားမျိုး မရှိသေးဘူး။ အစိုးရ ကိုအပြစ်ပြောတာ မဟုတ်ဘူးနော်။ သူတို့လည်း ဆောင်ရွက်နေဆဲပါပဲ။ ခု ကျွန်တော်တို့ KNU အစိုးရနဲ့ အပစ်အခတ်ရပ်တာ ၂ နှစ်ကျော်ပြီ။ ပထမခြေလှမ်းပဲရှိသေးတယ်။ အရေးကြီးတဲ့၊ခိုင်မာတဲ့ အပစ်အခတ်ရပ်စဲရေး မရောက်သေးဘူး”ဟု...”

## အစိုးရ၏တိုင်းရင်းသားအရေးဆောင်ရွက်ချက်များစောင့်ကြည့်နေရသော အနေအထားတွင်သာရှိသေးဟု KNU ဒုစစ်ဦးစီးချုပ်ဆို

စ ၃၃ သို့

## မုဒိမဘဂ ဈက်သိမ်းရေးအတွက် လမ်းရှေ့ကြားဆန္ဒထုတ်ဖော်

စ ၄ သို့

## မြို့နယ်မှတိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ထိ အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းရန်မလိုဟုဆို

စ ၃၃ သို့

## တိုင်းရင်းသားအရေးမကျွမ်းကျင်သူများ တိုင်းရင်းသားနယ်မြေများ၌အုပ်ချုပ်နေဟု ဆို

စ ၆ သို့

## တစ်နိုင်ငံလုံး ၂၇ ရာခိုင်နှုန်းခန့်သာ မီးလင်းသေးသည်

စ ၁၀ သို့

## ရန်ကုန်မြို့မှစွန့်ပစ်ရေများကို မသန့်စင် နိုင်သောကြောင့်မြစ်ရေများညစ်ညမ်း

စ ၁၁ သို့

## လယ်ယာမြေပွဲစားများကြောင့် ကော်မရှင်ဂုဏ်သိက္ခာ ထိခိုက်မှုကို လက်ခံမည်မဟုတ်ဟု ဆို

စ ၇ သို့

